HT
HOLINESS
TODAY

# နာဇရင်း(န်) အသင်းတော်၏
# အခြေခံအကြောင်းအရာများ

## WHO WE ARE - WHAT WE BELIEVE

CHURCH OF THE NAZARENE WWW.HOLINESSTODAY.ORG

SPONSORED BY THE
BOARD OF GENERAL SUPERINTENDENTS
CHURCH OF THE NAZARENE
@Copyright 2015. All rights reserved. Church of the Nazarene, Inc.

All Scripture quotations, unless otherwise indicated, are taken from the Holy Bible, New International Version®, NIV®. Copyright 1973, 1978, 1984, 2011 by Biblica, Inc.™ Used by permission of Zondervan. All rights reserved worldwide. www.zondervan.com The "NIV" and "New International Version" are trademarks registered in the United States Patent and Trademark Office by Biblica, Inc.™

# မာတိကာ

နာဇရင်း(န်)အသင်းတော်၏ အခြေခံအကြောင်းအရာများမှ
ကြိုဆိုပါ၏
ကျွန်ုပ်တို့၏ ဝယ်စလီယာန်-သန့်ရှင်းခြင်းအမွေအနှစ်
ကျွန်ုပ်တို့၏ ကမ္ဘာလုံးဆိုင်ရာ အသင်းတော်
ကျွန်ုပ်တို့ တန်ဖိုးထားသည့် ဗဟိုမဏ္ဍိုင်များ
ကျွန်ုပ်တို့၏ သာသနာ
ကျွန်ုပ်တို့ နာဇရင်း (န်)အသင်းတော်၏ ထူးခြားသော ဂုဏ်အင်္ဂါများ
ကျွန်ုပ်တို့၏ ဝယ်စလီယာန် ခမ္မခံယူချက် (သီဩလော်ဂျီ)
နာဇရင်း(န်)အသင်းတော် အခြေခံယုံကြည်ချက်များ
ကျွန်ုပ်တို့၏ အသင်းတော်အကြောင်း လေ့လာအနက်ဖွင့်ဆိုမှု
ကျွန်ုပ်တို့၏ မူဝါဒ
အသင်းတော်- ဒေသန္တရ၊ ခရိုင်၊ အထွေထွေ
အချင်းချင်း ဆက်နွယ်မှုရှိသည့် အသင်းတော်

-J-



ကမ္ဘာမြေကြီးပေါ်၌ သော်လည်းကောင်း၊

ကောင်းကင်ဘုံ၌ သော်လည်းကောင်း၊

အမြင့်မြတ်ဆုံး ပုံသဏ္ဌာန်ဖြင့် တည်ရှိသော၊

အတူတကွ စုဝေးခြင်း၊ သွေးစည်းညီညွတ်သော

ဝတ်ပြုကိုးကွယ်ခြင်းရှိသည့် ဘုရားသခင်၏ အသင်းတော်၊

သားတော်၏ပုံသဏ္ဌာန်တော် ဖြစ်လာစေရန်

လူတစ်ဦးတစ်ယောက်စီတိုင်းအား

ကူညီပေးသည့် အသင်းတော်။

**-PHINEAS F. BRESEE**

နာဇရင်းအသင်းတော်၏ ပထမဦးဆုံးသော အထွေထွေစီမံခန့်ခွဲရေးမှူး

# နာဇရင်း(န်) အသင်းတော်၏ အခြေခံအကြောင်းအရာများမှ ကြိုဆိုပါ၏

မျိုးဆက်သစ် ဝိဉာဉ်ရေးရာခေါင်းဆောင်များနှင့် တိုးပွားလျက်ရှိသော ယုံကြည်သူ လူထုကြီးသည် အသင်းတော်၏ အခြေခံယုံကြည်ချက်၊ သမိုင်း၊ ဓမ္မအတွေးအခေါ်အယူအဆ၊ သာသနာလုပ်ငန်း၊ ရံပုံငွေအကြောင်းအရာနှင့် အသင်းတော်ဆက်နွယ်မှုအကြောင်းများအား ရိုးရှင်းသောအသုံးအနှုန်း၊ လွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်သော စာအုပ်အဖြစ် အကျဉ်းချုံ့ထုတ်ဝေပေးရန် တောင်းဆိုခဲ့ကြသည်။

နာဇရင်း(န်) အသင်းတော်၏ အခြေခံအကြောင်းအရာများ (Nazarene Essentials) စာစောင်သည် Wesleyan-Arminian အစဉ်အလာနှင့် အညီ ကမ္ဘာလုံးဆိုင်ရာသန့်ရှင်းခြင်းနှင့် မဟာစေခိုင်းချက်လှုပ်ရှားမှုအဖြစ် နာဇရင်း(န်)အသင်းတော် ရပ်တည်နေခြင်း၏ရည်ရွယ်ချက်ကို ရှင်းပြထားပါသည်။

ဓမ္မဆရာများနှင့် သာမန်အသင်းသား/သူများအတွက် နာဇရင်း(န်) အခြေခံအကြောင်းအရာများစာအုပ်သည် အသင်းတော်အနေဖြင့် သမ္မာကျမ်းစာပါ သန့်ရှင်းခြင်းအကြောင်း သွန်သင်ရခြင်း၏ရည်ရွယ်ချက်နှင့် လူမျိုးတကာထဲ၌ ခရစ်တော်ကဲ့သို့သော တပည့်များ မွေးထုတ်ပေးခြင်းသာသနာအကြောင်းကို ပိုမိုကောင်းမွန်စွာ နားလည်နိုင်ရန် လမ်းခင်းပေးထားပါသည်။

နာဇရင်း(န်) အသင်းတော်၏ အခြေခံအကြောင်းအရာများကို အင်တာနက်ဝဘ်ဆိုက်တွင် ဖတ်ရှုနိုင်ပါသည်။ nazarene.org ရှိ အသင်းတော် အထွေထွေစီမံခန့်ခွဲရေးမှူးများ၏စာမျက်နှာပေါ်၌ လည်းကောင်း၊ www.nazarene.org/essentials ၌ လည်းကောင်း တိုက်ရိုက်ဝင်ရောက်လေ့လာနိုင်သည်။ အခြားသောစာပေအရင်းအမြစ်များနှင့်အတူ နာဇရင်းအသင်းတော်၏ အခြေခံအကြောင်းအရာများကို ဘာသာစကားပေါင်းများစွာဖြင့် သင်တွေ့ရှိပါလိမ့်မည်။

နာဇရင်း(န်)အသင်းတော်၏ အခြေခံအကြောင်းအရာများကို ဖတ်ရှုခြင်းအားဖြင့် နာဇရင်း(န်)အသင်းတော်အကြောင်းနှင့် ခရစ်တော်၏သတင်းကောင်းအား ဝေငှရန် ၄င်း၏ဆန္ဒပြင်းပြမှုများကို သင် ပိုမိုတွေ့ရှိ/လေ့လာနိုင်ပါမည်။

**မှတ်ချက်**။ ။ နာဇရင်း(န်)အသင်းတော်၏ အခြေခံအကြောင်းအရာများစာအုပ်သည် နာဇရင်း(န်)အသင်းတော်၏ လက်စွဲစာအုပ်အား အစားထိုးခြင်းမဟုတ်ပါ၊ ဖြည့်စွက်ခြင်းမျှသာ ဖြစ်သည်။



**John Wesley, 1703-1791**
**Founder of Methodist Movement**

# ကျွန်ုပ်တို့၏ ဝယ်စလီယာန်-သန့်ရှင်းခြင်းအမွေအနှစ်
**(OUR WESLELAN -HOLINESS HERITAGE)**

ခရစ်တော်၏ 'တစ်ခုတည်းသော၊ သန့်ရှင်းသော၊ အားလုံးအကျုံးဝင်သော၊ ခရစ်တော်၏တမန်တော်များထံမှ ဆက်ခံသော' အသင်းတော်ဖြစ်ပြီး ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းထဲ၌ မှတ်တမ်းတင်ထားသော ဘုရားသခင်၏လူများနှင့် ခေတ်အဆက်ဆက် ဘုရားသခင်၏ လူများသမိုင်းအား မိမိတို့၏သမိုင်းအဖြစ် မှတ်ယူဆုပ်ကိုင်ထားသော အသင်းတော်ဖြစ်သည်။ အေဒီ ပထမ ငါးရာစု နှစ် အတွင်းရှိ ခရစ်ယာန် ယုံကြည်သူများအားလုံး၏ဩဝါဒ (ယုံကြည်မှု)ကို မိမိတို့၏ အသင်းတော်ယုံကြည်မှုဩဝါဒအဖြစ် မှတ်ယူထားသည်။ ဘုရားသခင်၏နှုတ်ကပတ်တော် ဝေငှဟောပြောခြင်း၊ ခရစ်ယာန်ဘာသာရေး အခန်းအနားများကို ကျင်းပခြင်း၊ တမန်တော်များထံမှ ဆက်ခံရရှိသောယုံကြည်မှုနှင့် လက်တွေ့လုပ်ဆောင်မှုများကို ထိန်းသိမ်းခြင်းနှင့် ခရစ်တော်ကဲ့သို့ အသက်ရှင်ခြင်းနှင့် အစေခံခြင်းများကို အလေးပေးထားသော သမိုင်းဝင်အသင်းတော် ဖြစ်သည်။ သမ္မာကျမ်းစာ၏ သွင်သင်ချက်နှင့်အညီ သန့်ရှင်းစင်ကြယ်စွာအသက်ရှင်ခြင်းနှင့် မိမိ၏အသက်တာအား ဘုရားသခင် ထံ လုံးဝဥသုံဆက်ကပ်အပ်နှံခြင်းကို တန်ဖိုးထားသောအသင်းတော်လည်း ဖြစ်သည်။ ထိုအယူအဆကို လုံးဝဥသုံသန့်ရှင်း စင်ကြယ်ခြင်းအသက်တာဟု အသင်းတော်မှ လက်ခံထားသည်။

ကျွန်ုပ်တို့၏ အသင်းတော်အမွေအနှစ်သည် ၁၆ရာစုနှစ်အင်္ဂလိပ်အသင်းတော်ပြုပြင်ပြောင်းလဲမှု (English Reformation)နှင့် ၁၈ရာစုနှစ် ဝယ်စလီယာန်နိုးကြားရေးဖြစ်စေ (Wesleyan Revival) မှစတင်အကောင်အထည်ပေါ်ခဲ့သည်။ John Wesley နှင့် Charles Wesley တို့၏တရားဟောချက်များကြောင့် အင်္ဂလန်၊ စကော့တလန်၊ အိုင်ယာလန်နှင့် ဝေလနိုင်ငံများရှိလူ များသည် အပြစ်မှနောင်တရ၍ ခရစ်ယာန်သာသနာလုပ်ငန်းများ၌ပါဝင်လာကြသည်။ သာမန်အသင်းသားနှင့် 'အဖွဲ့အစည်းများ (societies)၊ 'အတန်းခွဲများ (Classes)' နှင့် အုပ်စုငယ်များ (Bands) ဖွဲ့စည်းတည်ရှိလာခြင်းများသည် ဝယ်စလီယာန်နိုး ကြားရေးဖြစ်စဉ် (Wesleyan Revival) ၏ပြယုဂ်တစ်ခုဖြစ်သည်။ ဝယ်စလီယာန်နိုးကြားရေး ဖြစ်စဉ်၏ထင်ရှားသော ဩဝါဒ အမှတ်အသားများမှာ- ယုံကြည်ခြင်းအားဖြင့် ကျေးဇူးတော်ကြောင့် ခရစ်ယာန်များ၏ပြည့်စုံခြင်းအသက်တာ (သို့) အသက်တာ သန့်ရှင်းစင်ကြယ်ခြင်းနှင့် ကျေးဇူးတော်ကို ခိုင်မာစွာအတည်ပြုပေးသော သန့်ရှင်းသောဝိညာဉ်တော်၏ သက်သေခံခြင်း စသည်တို့ဖြစ်ကြသည်။

ဘုရားသခင်၏ ကူညီမစမှုအားဖြင့် ခရစ်ယာန်အသက်တာ လုံးဝဥသုံ သန့်ရှင်းစင်ကြယ်စေခြင်းသည် John Wesley ၏ အများနှင့် မတူသော သွန်သင်ချက်များထဲမှ အရေးပါသောသွန်သင်မှုတစ်ခု ဖြစ်သည်။ ဤသွန်သင်မှု သည် ကမ္ဘာတစ် ဝန်းလုံး၌ လျင်မြန်စွာပျံ့နှံ့သွားခဲ့သည်။ မြောက်အမေရိကတိုက်ကို ပြုပြင်ပြောင်းလဲစေပြီး သမ္မာကျမ်းစာပါ သန့်ရှင်းစင် ကြယ်ခြင်းအကြောင်း ဝေငှနိုင်ရန် ၁၇၈၄ ခုနှစ်၌ Methodist Episcopal Church ကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။

ခရစ်ယာန်အသက်တာ သန့်ရှင်းစင်ကြယ်စေခြင်းသွင်သင်ချက်သည် ၁၉ ရာစုနှစ် အလယ်ခန့်၌ ခရစ်ယာန်လူထုအများထဲ၌ ထပ်မံတိုးပွားပျံ့နှံ့လာခဲ့သည်။ ခရစ်ယာန်အသက်တာပြီးပြည့်စုံခြင်း လမ်းညွှန်ချက်စာစောင် (Guide To Christian Perfection) တည်းဖြတ်သူ Massachusetts ပြည်နယ် Boston မြို့သား Timothy Merritt သည် ခရစ်ယာန်အသက် တာ သန့်ရှင်းစင်ကြယ်စေခြင်းသွန်သင်ချက်ကို အားပေးလှုံ့ဆော်ခဲ့သူဖြစ်သည်။ New York မြို့သူ Phoebe Palmer သည် သန့်ရှင်းစင်ကြယ်ခြင်းသွန်သင်ချက်တိုးပွားပျံ့နှံ့စေရန် အင်္ဂါနေ့ သမ္မာကျမ်းစာလေ့လာခြင်း အစီအစဉ်ကို ဦးဆောင်ခဲ့သည်။ ထို့နောက် သူမသည် လူအများနှစ်သက်သော တရားဟောဆရာမကြီး၊ စာရေးဆရာ Methodist ဓမ္မဆရာများဖြစ်သော J. A Wood/John Inskip နှင့် အခြားသောဆရာများသည် ခရစ်ယာန်အသက်တာ သန့်ရှင်းစင်ကြယ်စေခြင်းအကြောင်း သင်ကြားခြင်း အစီအစဉ်များကို New Jersey ပြည်နယ်၊ Vineland ဒေသ၌ အကြိမ်ကြိမ် ပြုလုပ်ခဲ့သည်။ ထိုအစီအစဉ်များက

John Wesley ၏ ခရစ်ယာန်အသက်တာ သန့်ရှင်းစင်ကြယ်စေခြင်းသွန်သင်ချက်ကို ကမ္ဘာတစ်ဝန်းလုံး၌ ထပ်မံသစ်လွင်စေခဲ့သည်။

ခရစ်ယာန်အသက်တာ သန့်ရှင်းစင်ကြယ်စေခြင်းကို Wesleyan Methodist အသင်းတော်များ၊ Free Methodist အသင်း တော်များ၊ Salvation Army အသင်းတော်များ၊ အချို့သော Mennonite အသင်းတော်များ၊ Brethren အသင်းတော်များ၊ နှင့် Quakers အသင်းတော်များက အလေးအနက် သွန်သင်ပေးကြသည်။ ဧဝံဂေလိဆရာများသည် ဤသွန်သင်ချက်ကို Germany, United Kingdom, Scandinavian, India နှင့် Australia နိုင်ငံများသို့ သယ်ဆောင်သွားကြပြီး ထိုနိုင်ငံများ၌ ဝေငှခဲ့ကြသည်။ ဘုရားသခင်၏အသင်းတော် (Church of God, Anderson, Indiana) အပါအဝင် အခြားသန့်ရှင်း စင်ကြယ်ခြင်း အသင်းတော်အသစ်များ ထပ်မံပေါ်ပေါက်ခဲ့သည်။ သန့်ရှင်းစင်ကြယ်ခြင်းအသင်းတော်များ၊ မြို့ပြသာသနာ လုပ်ငန်းများနှင့် သာသနာပြုအဖွဲ့အစည်းများသည် ခရစ်ယာန်အသက်တာ သန့်ရှင်းစင်ကြယ်စေခြင်းလှုပ်ရှားမှုမှ စတင်ပေါ် ပေါက်ကြီးထွားလာခဲ့ကြသည်။ မြောက်များစွာသော သန့်ရှင်းစင်ကြယ်ခြင်းအသင်းတော်များ စည်းလုံးညီညွတ်စွာ ပေါင်းစည်းခြင်းအားဖြင့် နာဇရင်း(န်)အသင်းတော် ပေါ်ပေါက်လာခဲ့သည်။

## သန့်ရှင်းစင်ကြယ်ခြင်း၌ တစ်လုံးတဝတည်းဖြစ်ခြင်း
## Unity in Holiness

၁၈၈၇ ခုနှစ်၌ Fred Hillery သည် People's Evangelical Church (Providence, Rhode Island) ကို တည်ထောင်ခဲ့သည်။ ၁၈၈၈ခုနှစ်၌ Mission Church (Lynn, Massachusetts) ကို တည်ထောင်ခဲ့သည်။ ထိုအသင်းတော်များနှင့် New England Holiness Association ကို ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ ၁၈၉၂ ခုနှစ်၌ ဘိသိပ်ပေးခံရသော Anna S. Hanscome သည် Nazarene အသင်းတော်သမိုင်း၌ ပထမဦးဆုံးဘိသိပ်ပေးခံရသော အမျိုးသမီး အမှုတော်ဆောင်ဖြစ်သည်။ ၁၈၉၄-၉၅ ခုနှစ်များ၌ William Howard Hoople သည် New York မြို့တော် Brooklyn ၌ သန့်ရှင်းစင်ကြယ်ခြင်းအသင်းတော် သုံးပါးကို တည်ထောင်ခဲ့သည်။ ထိုအသင်းတော်များပေါင်းစည်း၍ Association of Pentecost Churches of America ဖြစ်လာသည်။ ဤပုဂ္ဂိုလ်များနှင့် အခြားသောနာဇရင်း(န်)အသင်းတော် စတင်တည်ထောင်သူများအတွက် “Pentecostal” ဟူသော စကားလုံးသည် “Hillery နှင့် Hoople” ၏ အပေါင်းအပါများသည် ၁၈၉၆ ခုနှစ်တွင် သာသနာပြုလုပ်ငန်း စတင်ခဲ့ကြပြီး India နိုင်ငံ (၁၈၉၉) နှင့် Cape Verde (၁၉၀၁) တို့၌ အသင်းတော်တည်ထောင်ခဲ့ကြသည်။ ၁၉၀၂ခုနှစ် ၌ သာသနာအမှုဆောင် Hiram Reynolds သည် Canada နိုင်ငံ၌ အသင်းတော်များကို တည်ထောင်ခဲ့သည်။ ၁၉၀၇ ခုနှစ်ရောက်သောအခါ ဤသာသနာပြုအဖွဲ့သည် Nova scotia မှ Iowa အထိ သာသနာပြုခဲ့ကြသည်။

၁၈၉၄ ခုနှစ်၌ Robert Lee Harris သည် New Testament Church of Christ (Milani Tennessee) ကို စတင်ဖွဲ့စည်းခဲ့သည်။ သူ၏ဇနီးဖြစ်သူ Mary Lee Cagte သည် ၁၈၉၅ ခုနှစ်တွင် Texas ပြည်နယ်၌ အသင်းတော် ထပ်မံချဲ့ထွင်ခဲ့သည်။ C.B.Jernigan သည် ၁၉၀၁ ခုနှစ်၌ Independent Holiness Church (Van Aistyne, Taxas) ကို ဦးစွာဖွဲ့စည်းခဲ့သည်။ ဤအသင်းတော်များသည် Taxas ပြည်နယ် Rising Star သို့ ချီတတ်သွားကြပြီး ၁၉၀၄ ခုနှစ်တွင် Holiness Church of Christ ကို ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ ၁၉၀၈ ခုနှစ်သို့ရောက်သောအခါ ဤအသင်းတော်သည် Georgia ပြည်နယ်မှ New Mexico ပြည်နယ်ထိတိုင်အောင် သာသနာလုပ်ငန်း ချဲ့ထွင်ခဲ့ကြသည်။ အလွန်ဆင်းရဲသောသူများ၊ ပစ်ပယ် ထားခြင်းခံရသူများ၊ မိဘမဲ့ကလေးသူငယ်များနှင့် ပစ်ပယ်ခြင်းခံရသောမိခင်များကို ကူညီထောက်ပံ့ခဲ့ကြသည်။ India နှင့် Japan နိုင်ငံများမှသာသနာပြုများနှင့် ဆက်သွယ်ပူးပေါင်းခဲ့ကြသည်။

Phineas F. Bresee, Joseph P. Widney နှင့် အခြားသောယုံကြည်သူ အယောက်တစ်ရာခန့်တို့သည် ၁၈၉၅ ခုနှစ်တွင် Los.Angeles မြို့၌ နာဇာရင်း(န်)အသင်းတော်ကို ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ ထိုသူများက ယုံကြည်ခြင်းအားဖြင့် သန့်ရှင်းစင်ကြယ်ခြင်းရရှိသောခရစ်ယာန်များသည် ခရစ်တော်၏ အသက်တာကိုအတုယူကာ ဆင်းရဲသားများထံ သတင်းကောင်းဝေငှသင့်သည်ဟု လက်ခံယုံကြည်ကြသည်။ ထိုသူတို့သည် သူတို့၏အချိန်နှင့် ငွေများကို ဆင်းရဲသားများကယ်ဆယ်ရေးနှင့် ဝိညာဉ်ကယ်တင်ခြင်းများအတွက် ခရစ်တော်နည်းတူ သာသနာပြုသောသာသနာလုပ်ငန်းများ၌ အသုံးပြုသင့်သည်ဟု ယုံကြည်လက်ခံထားကြသည်။ နာဇရင်း(န်)အသင်းတော်များသည် အမေရိကန်ပြည်ထောင်စု အနောက်ဘက် ပင်လယ်ကမ်းရိုး တန်းဒေသများ၌ ပျံ့နှံ့ခဲ့ကြပြီး အရှေ့ဘက်တွင် Illinois ပြည်နယ်အထိ အသင်းတော်အချို့ ပျံ့နှံ့တည်ရှိနေပါသည်။ သူတို့သည် India နိုင်ငံ Calcutta မြို့ရှိ အိန္ဒိယတိုင်းရင်းသား သာသနာပြုလုပ်ငန်းတစ်ခုကို ထောက်ပံ့ခဲ့ကြသည်။

၁၉၀၇ ခုနှစ်၊ အောက်တိုဘာလတွင် Association of Pentecostal Churches of America နှင့် Church of the Nazarene တို့သည် ဒေသန္တရအသင်းတော်များ၌ လုပ်ငန်းပိုင်ခွင့်ရှိပြီး စီမံခန့်ခွဲရေးမှူးများဖြင့် ဦးဆောင်မှုပြုသော အသင်းတော်အုပ်ချုပ်ရေးစနစ်ကို ပုံဖော်ပြရန် Illinois ပြည်နယ်၊ Chicago မြို့၌ ညီလာခံတစ်ခုကျင်းပခဲ့ကြသည်။ စီမံခန့်ခွဲ ရေးမှူးများ၏ အဓိကတာဝန်များမှာ အသင်းတော်သစ်များတည်ထောင်ရန်နှင့် အသင်းတော်အသစ်များကို အားပေးကူညီရန် ဖြစ်ပြီးတည်ရှိ နှင့် ပြီးသောအသင်းတော်များ၏အရေးကို ဝင်ရောက်စွပ်ဖက်ရန် မဟုတ်ပေ။ ဤညီလာခံ၌ Holiness Church of Christ မှ ကိုယ်စားလှယ်အချို့ပါဝင်ခဲ့ကြသည်။ ဤ ပထမအကြိမ်မြောက် အထွေထွေညီလာခံ၌ အဖွဲ့အစည်းနှစ်ခုလုံး၏ နာမည်များကိုယူကာ အသင်းတော်၏အမည်နာမကို Pentecostal Church of the Nazarene ဟုပြောင်းလဲသမုတ် ခဲ့ကြသည်။ Bresee နှင့် Reynolds တို့အား အသင်းတော်၏အထွေထွေစီမံခန့်ခွဲရေးမှူးများအဖြစ် ရွေးချယ်တင် မြှောက်ခဲ့ကြသည်။

၁၉၀၈ ခုနှစ်၊ စက်တင်ဘာလတွင် H.G. Trumbur ဦးဆောင်သော Pennsylvania conference of the Holiness Christian Church သည် Pentecostal Nazarene အသင်းတော်နှင့် ပေါင်းစည်းခဲ့သည်။ ထိုနှစ် အောက်တိုဘာလ ၁၃ ရက်၌ ဒုတိယအကြိမ်မြောက် အထွေထွေအသင်းတော်ဓမ္မညီလာခံကို Texas ပြည်နယ် Pilot Point တွင် ကျင်းပခဲ့ပြီး General Council of The Holiness Church of Christ သည် ထိုညီလာခံ၌ နာဇရင်း(န်)အသင်းတော်များနှင့် ပေါင်းစည်း ခဲ့သည်။

J. O. McClurkan ၏ဦးဆောင်မှုဖြင့် Tenesse ပြည်နယ်နှင့် ၄င်းပတ်ဝန်းကျင် ပြည်နယ်များမှ သန့်ရှင်းစင်ကြယ်ခြင်း အသင်းတော်ဝင်များ ပေါင်းစည်းခြင်းဖြင့် Pentecostal Mission ကို ၁၈၉၈ ခုနှစ်တွင် Nashville မြို့၌ ဖွဲ့စည်းခဲ့ကြသည်။ ထိုသာသနာပြုအဖွဲ့ဝင်များသည် Cuba, Gurtemala, Mexico နှင့် India နိုင်ငံများသို့ သာသနာပြုဆရာများနှင့် သင်းအုပ်ဆရာများကို စေလွှတ်ခဲ့သည်။

၁၉၀၆ ခုနှစ်တွင် Scotland နိုင်ငံ၊ Glasgow မြို့ရှိ Parkhead Congregational Church သည် George Sharpe ကိုအသင်းတော်မှ နှင်ထုတ်ခဲ့သည်။ ထိုသို့ နှင်ထုတ်ရခြင်းမှာ George Sharp သည် Wesley သင်ပေးခဲ့သော ခရစ်ယာန်အသက်တာ သန့်ရှင်းစင်ကြယ်ခြင်းအကြောင်းကို ဟောပြောခဲ့သောကြောင့်ဖြစ်သည်။ ထိုသို့ဖြင့် Parkhead Pentecostal Church နှင့် အခြားအသင်းတော်များပေါ်ပေါက်လာပြီး ၁၉၀၉ ခုနနှစ်တွင် Pentecostal Church of Scotland ကို ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ J.O McClurkan ဦးဆောင်သော Pentecostal Mission နှင့် စကော့တ်လန်နိုင်ငံမှ Pentecostal Church of Scotland တို့သည် ၁၉၁၅ ခုနှစ်တွင် Pentecostal Nazarene အသင်းတော်များနှင့် ပေါင်းစည်းခဲ့ကြသည်။

၁၉၁၉ ခုနှစ်၌ ကျင်းပပြုလုပ်သောပဉ္စမအကြိမ်မြောက် အသင်းတော်အထွေထွေမွေညီလာခံတွင် အသင်းတော်၏အမည်နာမကို Church of the Nazarene ဟု တရားဝင်ပြောင်းလဲခေါ်ဆိုခဲ့ကြသည်။ ၁၉ရာစုနှစ်နှောင်းပိုင်းမှ အသင်းတော် စတင်တည် ထောင်သူများသည် အသင်းတော်နာမကို Pentecostal Nazarene ဟုခေါ်ဆိုခဲ့ကြသည်။ သို့သော် ၂၀ရာစုနှစ်၌ “Pentecostal” ဟူသောစကားလုံးကို သန့်ရှင်းစင်ကြယ်ခြင်း (holiness) ဟူသော စကားလုံးနှင့် အဓိပ္ပါယ်ဆင်တူသည်ဟု အသင်းတော်အနေဖြင့် မသတ်မှတ်နိုင်တော့ပေ။ ဤအသင်းတော်သည် ၎င်း၏မူလသာသနာလုပ်ငန်းဖြစ်သော ပြည့်စုံသော ကယ်တင်ခြင်းသတင်းကောင်းဝေငှခြင်းကို သစ္စာရှိစွာဆက်လက်လုပ်ဆောင်ခဲ့သည်။



# ကျွန်ုပ်တို့၏ကမ္ဘာလုံးဆိုင်ရာအသင်းတော်
# OUR GLOBAL CHURCH

နာဇရင်း(န်)အသင်းတော်၏မရှိမဖြစ်လိုအပ်သော အသင်းတော်ဂုဏ်အင်္ဂါသည်၁၉၁၅ခုနှစ်၌ ပေါင်းစည်းခဲ့ကြသော မိခင်အသင်းတော်များမှ ပုံဖော်ခဲ့သည့်ဂုဏ်အင်္ဂါဖြစ်သည်။ ဤအသင်းတော်ဂုဏ်အင်္ဂါသည် နိုင်ငံတကာနှင့်သက်ဆိုင်သော ဂုဏ်အင်္ဂါတစ်ခု ဖြစ်သည်။ ဤအသင်းတော်သည် United State, India, Cape Verde, Cuba, Canada, Mixico, Guatemala, Japan, Argentina, United Kingdom, Swaziland, China နှင့် Peru နိုင်ငံများရှိ အပြည့်အဝရပ်တည်ပြီးသော အသင်းတော်ပေါင်းများစွာကို ထောက်ပံ့ခဲ့ပြီးဖြစ်သည်။ ၁၉၃၀ ခုနှစ်ရောက်သောအခါ South Africa, Syria, Palestine, Mozambiqe, Barbados နှင့် Trinidad နိုင်ငံများတွင် ဆက်လက်၍ သာသနာချဲ့ထွင်ခဲ့သည်။ ဤသို့ သာသနာ ချဲ့ထွင်ခြင်းဖြစ်စဉ်၌ ဒေသတွင်းစီမံခန့်ခွဲရေးမှူး (district superintendents) များဖြစ်ကြသော V.G. Santin (Mexico), Hiroshi Kitagawa (Japan) နှင့် Samuel Bhujbal (India) တို့သည် အရေးပါသော အမျိုးသားခေါင်းဆောင်များဖြစ်ကြ သည်။ အသစ်တိုးပွားလာသောအသင်းတော်များသည် ကျွန်ုပ်တို့၏ကမ္ဘာလုံးဆိုင်ရာအသင်းတော်သို့ ပူးပေါင်းပါဝင် အင်အား ဖြည့်ကြသည်။

၁၉၂၂ ခုနှစ်တွင် J.G Morrison သည် Dakotas, Minnesota နှင့် Montana ပြည်နယ်ရှိ Layman's Holiness Association မှ သာသနာအမှုတော်ဆောင်များနှင့် အသင်းသူအသင်းသား ၁၀၀၀ကျော်တို့အား နာဇရင်း(န်)အသင်းတော်ထဲသို့ ဦးဆောင်ခေါ်သွင်းခဲ့သည်။ Austrilia နိုင်ငံရှိ အသင်းတော်အချို့တို့သည် A.A.E Berg ၏ ဦးဆောင်မှုဖြင့် ၁၉၄၅ ခုနှစ်တွင် နာဇရင်း(န်)အသင်းတော်နှင့် ပေါင်းစည်းခဲ့ကြသည်။ ၁၉၄၈ ခုနှစ်တွင် Alfredo del Rosso သည် အီတာလျံအသင်း တော်များကို နာဇရင်း(န်)အသင်းတော်သို့ ဦးဆောင်ခေါ်သွင်းခဲ့သည်။ Iowa, Tabor မြို့အခြေစိုက် The Hephzibah Faith Missionary Association ၏ တောင်အာဖရိက သာသနာပြုအဖွဲ့သည် ၁၉၅၀ ခုနှစ်ခန့်တွင် နာဇရင်း(န်)အသင်း တော်များနှင့် ပေါင်းစည်းခဲ့သည်။

၁၉၀၇ ခုနှစ်၌ လန်ဒန်မြို့တွင် David Thomas တည်ထောင်ခဲ့သော The International Holiness Mission သည် David Jones ၏ဦးဆောင်မှုဖြင့် တောင်အာဖရိကတ၌ သာသနာလုပ်ငန်းချဲ့ထွင်ခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် အင်္ဂလန်နိုင်ငံရှိ ၄၆င်းအသင်းတော်များနှင့် အာဖရိကရှိအသင်းတော်များသည် J.B. Maclagan ၏ ဦးဆောင်မှုဖြင့် နာဇရင်း(န်)အသင်းတော်များနှင့် ပူးပေါင်းခဲ့ကြသည်။ Maynard James နှင့် Jack Ford တို့သည် ၁၉၃၉ ခုနှစ်တွင် Britain နိုင်ငံ၌ Calvary Holiness Church ကိုတည်ထောင်ခဲ့ပြီး ၁၉၅၅ ခုနှစ်တွင်မှ နာဇရင်း(န်)အသင်းတော်များ ပူးပေါင်းခဲ့ကြသည်။ ၁၉၁၈တွင် Canada နိုင်ငံ Ontario ၌ Frank Goff ဖွဲ့စည်းတည်ထောင်ခဲ့သော The Gospel Workers အသင်းတော်သည် ၁၉၅၈ ခုနှစ်၌ နာဇရင်း(န်)အသင်းတော်များနှင့် ပေါင်းစည်းခဲ့သည်။ Nigeria နိုင်ငံသားအချို့သည်၁၉၄၀ ခုနှစ်ခန့်၌ တိုင်းရင်းသား နာဇရင်း(န်)အသင်းတော်ကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီး Jeremiah U. Ekaidem ၏ဦးဆောင်မှုဖြင့် ၁၉၈၈ ခုနှစ်တွင် ကမ္ဘာလုံး ဆိုင်ရာနာဇရင်း(န်)အသင်းတော်နှင့် ပူးပေါင်းခဲ့ကြသည်။ ဤကဲ့သို့ နိုင်ငံအသီးသီးရှိ ပူးပေါင်းလာသော အသင်းတော်များသည် နာဇရင်း(န်)အသင်းတော်၏ ကမ္ဘာလုံးဆိုင်ရာအဖွဲ့အစည်းကြီး၏ဂုဏ်အင်္ဂါကို အင်အားဖြည့်တင်းပေးခဲ့ပါသည်။

ဤဖွံ့ဖြိုးတိုးပွားမှုများကိုကြည့်ခြင်းအားဖြင့် နာဇရင်း(န်)အသင်းတော်သည် အခြားသော Protestant အသင်းတော်များ၏ စံနှုန်းနှင့်မတူညီသောပုံစံဖြင့် ဖွံ့ဖြိုးတိုးပွားလာခဲ့ကြောင်း သိနိုင်ပါသည်။ ၁၉၇၆ ခုနှစ်တွင် အသင်းတော်၏အနာဂတ်ပုံသဏ္ဌာန်ကို ဆင်ခြင်သုံးသပ်ရန် လေ့လာရေးကော်မရှင်တစ်ခုကိုဖွဲ့စည်းခဲ့သည်။ ၁၉၈၀ ခုနှစ်တွင် ထိုလေ့လာရေးကော်မရှင်မှ မိမိတို့ရရှိသော အချက်များကို တင်ပြခဲ့သည်။ အသင်းတော်၏အထွေထွေအဖွဲ့စည်းကြီးအနေဖြင့် နိယာမနှစ်ခုပေါ်တွင်အခြေခံ၍ ကမ္ဘာလုံး ဆိုင်ရာအသင်းတော်အဖြစ် မူဝါဒချမှတ်အသုံးပြုရန် ထိုအဖွဲ့မှထောက်ခံအကြံပြုခဲ့သည်။

ပထမအချက်အနေဖြင့် '*ကမ္ဘာလုံးဆိုင်ရာ ယုံကြည်သူများမိတ်သဟာယအဖွဲ့ ဖွဲ့စည်းပြီး ကွဲပြားသည့်ယဉ်ကျေးမှုနောက်ခံရှိကြသည့် ယုံကြည်သူများအချင်းချင်း အပြည့်အဝလက်ခံပေါင်းသင်းမိတ်သဟာယဖွဲ့ကြရန်*' နာဇရင်း(န်)အသင်းတော်အဖွဲ့အစည်းမှ ဆုံးဖြတ်ခဲ့သည်။ တတိယအချက်အနေဖြင့် '*နာဇရင်း(န်)အသင်းတော်၏ထူးခြားသောတာဝန်*' ကို ဆက်လက်လုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့သည်။ ထိုသာသနာတာဝန်မှာ 'သမ္မာကျမ်းစာ၏သွင်သင်ချက်ဖြစ်သော အသက်တာသန့်ရှင်းစင်ကြယ်ခြင်းအကြောင်းကိုအရေးပါသော သော့ချက်အဖြစ် တစ်ကမ္ဘာလုံးသို့ပျံ့နှံ့စေရန်' ဖြစ်သည်။ ထိုအသက်တာ သန့်ရှင်းစင်ကြယ်စေခြင်း သွန်သင်ချက်သည် နာဇရင်း(န်)အသင်းတော်၏ သရုပ်လက္ခဏာ (Identity) တစ်ခု ဖြစ်သည်။

၁၉၈၀ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော အသင်းတော်အထွေထွေဓမ္မညီလာခံသည် အသင်းတော်၏ယုံကြည်ချက် (Articles of Faith) ထဲ၌ 'ကမ္ဘာလုံးဆိုင်ရာ နာဇရင်း(န်)အသင်းတော်များ၏ ဓမ္မအတွေးအခေါ်တစ်ညီတစ်ညွတ်တည်းရှိခြင်း' ကိုထည့်သွင်းခဲ့ပြီး အသင်းတော်အသီးသီးရှိ အမှုတော်ဆောင်များကိုဓမ္မအတွေးအခေါ်ဆိုင်ရာ သင်တန်းများပို့ချပေးရန် အတည်ပြုခဲ့သည်။ ထိုသို့ဖြင့် ဓမ္မပညာပို့ချပေးသော ဓမ္မတက္ကသိုလ်များကို ကမ္ဘာ့နေရာဒေသအသီးသီး၌ ဖွင့်ပေးနိုင်ရန်၊ လိုအပ်သောထောက်ပံ့မှုပေးနိုင်ရန်၊ အသင်းတော်များကို ဖိတ်ခေါ်စည်းရုံးခဲ့သည်။ ထိုအသင်းတော် ဓမ္မညီလာခံသည် အချင်းချင်းဆက်နွယ်မှုရှိသော ဘောင်တစ်ခုအတွင်း၌ ကမ္ဘာလုံးဆိုင်ရာ သန့်ရှင်းစင်ကြယ်ခြင်း အသိုင်းအဝိုင်းတစ်ခုအနေဖြင့် ရင့်ကျက်ခြင်းသို့ချီတက်ရန် နာဇရင်း(န်)အသင်းတော်များကို ဆင့်ခေါ်စည်းရုံးခဲ့သည်။ လူမျိုးများနှင့် နိုင်ငံများကို 'အားကြီးသူနှင့် အားနည်းသူ၊ ပေးကမ်းသူနှင့် လက်ခံရယူသူဆိုသည့်'အချက်ပေါ်တွင်အခြေခံ၍ တန်ဖိုးဖြတ်တတ်သည့် ကိုလိုနီစိတ်သဘော ထားမှ 'လူများ၏အားသာချက်များနှင့် လုပ်ဖော်ကိုင်ဖက်များ အချင်းချင်းတန်းတူညီမျှဖြစ်ခြင်း' ဆိုသည့်အမြင်သစ်သို့ စိတ်သဘောထားရင့်ကျက်ပြောင်းလဲရန် အသင်းတော်ညီလာခံမှ တိုက်တွန်းခဲ့သည်။

နာဇရင်း(န်)အသင်းတော်သည် Protestant အသင်းတော်များထဲ၌ ပြိုင်ဘက်ကင်းသည့်တိုးတက်မှုပုံစံရှိသော အသင်းတော်ဖြစ်သည်။ ၁၉၉၈ ခုနှစ်သို့ရောက်သောအခါ နာဇရင်း(န်)အသင်းသူအသင်းသားထက်ဝက်သည် အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံပြင်ပနိုင်ငံများမှ ဖြစ်ကြသည်။ ၂၀၀၁ ခုနှစ် အသင်းတော်အထွေထွေဓမ္မညီလာခံ (2001 General Assembly) ကျင်းပချိန်၌ ညီလာခံတတ်ရောက်လာကြသည့်ကိုယ်စားလှယ်များထဲမှ ၄၁ရာခိုင်နှုန်းသောကိုယ်စားလှယ်များသည် အင်္ဂလိပ် ဘာသာစကားကို မိခင်ဘာသာစကားအဖြစ် အသုံးမပြုသောသူများဖြစ်ကြပြီး အချို့သောကိုယ်စားလှယ်များမှာ အင်္ဂလိပ် ဘာသာစကားအား လုံးဝမပြောတတ်သောသူများ ဖြစ်ကြသည်။ ၂၀၀၉ ခုနှစ်တွင် အာဖရိကတိုက်သားဖြစ်သည့် Cape Verde မှ Eugenio Duarte ကို အထွေထွေစီမံခန့်ခွဲရေးမှူးတစ်ဦးအဖြစ် ရွေးချယ်ခန့်အပ်ခဲ့သည်။

## နိုင်ငံတကာ သာသနာလုပ်ငန်း၏ ထူးခြားမှုများ
## Distintives of International Ministry

သမိုင်းမှတ်တမ်းများအရ နာဇရင်း(န်)အသင်းတော်၏မဟာဗျူဟာမြောက်သည့် သာသနာလုပ်ငန်းမူးမှာ ဧဝံဂေလိပြုခြင်း (Evangelism)၊ လူမှုအကျိုးပြုသာသနာလုပ်ငန်း (Social Ministry) နှင့် ပညာရေးသာသနာ (Education) တို့ဖြစ်ကြသည်။ မတူညီသည့်ယဉ်ကျေးမှုနောက်ခံရှိသည့် သာသနာပြုများ အပြန်အလှန်ကူညီပေါင်းစည်းခြင်း နှင့် John Wesley ၏ သွင်သင် ချက်များကို မိမိတို့ဒေသအသီးသီး၌ ဟောပြောသွင်သင်ပေးကြသည့် ထောင်ပေါင်းများစွာသောသင်းအုပ်ဆရာများနှင့် သာမန် အသင်းသူအသင်းသားများ၏ ကြိုးစားလုပ်ဆောင်မှုအားဖြင့် အသင်းတော်သည် ကြီးထွားတိုးတက်လာခဲ့သည်။

မတူညီသည့်ယဉ်ကျေးမှုနောက်ခံရှိသည့်လူများထံသို့ သာသနာလုပ်ငန်းများလုပ်ဆောင်ခြင်းနှင့် ကမ္ဘာ့နေရာဒေသအသီးသီးသို့ ဧဝံဂေလိပြုခြင်းအယူအဆကို တိုးတက်စေခြင်း၌ Hiram F. Reynolds သည် ထင်ရှားသောသူ ဖြစ်သည်။ သူ၏စီမံခန့်ခွဲရေးမှူး

သက်တမ်း၂၅ နှစ် အတွင်း၌ သာသနာပြုခြင်းလုပ်ငန်းများအား ပံ့ပိုးကူညီခြင်းကို ဦးစားပေးခဲ့သည်။ ၁၉၁၅ ခုနှစ်မှစ၍ Nazarene Missions International (မူလအမည် Woman's Missionary Society) သည် ရံပုံငွေများရှာဖွေစု ဆောင်းပြီး ကမ္ဘာ့နေရာဒေသအသီးသီးရှိ နာဇရင်း(န်)အသင်းတော်များအကြား၌ သာသနာပိုင်ပညာရေးအစီအစဉ်များကို ကူညီမြှင့်တင်ပေးခဲ့သည်။

အစောပိုင်း နာဇရင်း(န်)အသင်းသူအသင်းသားများသည် ကရုဏာပြည့်ဝသောသူများဖြစ်ကြပြီး အိန္ဒိယနိုင်ငံရှိ အစာခေါင်းပါး ခြင်း ကယ်ဆယ်ရေးလုပ်ငန်း၊ မိဘမဲ့ဂေဟာများအား ထောက်ပံ့ကူညီခြင်း၊ လက်ထပ်ခြင်းမခံရသော စွန့်ပစ်ခံအမျိုးသမီးများ အတွက် နေအိမ်များထောက်ပံ့ပေးခြင်း၊ အိုးမဲ့အိမ်မဲ့များနှင့် မူးယစ်ဆေးဝါးဆွဲနေသူများအား ထောက်ပံ့လမ်းညွှန်ပေးသည့် မြို့ပြသာသနာများကို ထောက်ပံ့ကူညီပေးခြင်းအားဖြင့် ဘုရားသခင်၏ကယ်တင်ခြင်းကျေးဇူးတော်ကို သက်သေခံဝေငှ ခဲ့ကြသည်။ ၁၉၂၀ ပတ်ဝန်းကျင်ခန့်၌ အသင်းတော်၏လူမှုအကျိုးပြုသာသနာသည် ဆေးသာသနာ (Medical Mission) သို့ အသွင်ကူးပြောင်းခဲ့သည်။ တရုတ်နိုင်ငံနှင့် ဆွာဇီလန် (Swaziland) နိုင်ငံများ၌ ဆေးရုံများတည်ဆောက်ခဲ့သည်။ နောက်ပိုင်းတွင် အိန္ဒိယနိုင်ငံနှင့် ပါပွါးနယူးဂီနီ (Papua New Guinea) နိုင်ငံ၌လည်း ဆေးရုံနှင့်ဆေးပေးခန်းများ တည်ဆောက်ထောက်ပံ့ခဲ့သည်။ နာဇရင်း(န်) ဆေးဝါးကျွမ်းကျင်သည့်ဆရာဝန်များသည် အချို့သောကမ္ဘာ့အဆင်းရဲဆုံး လူတို့ကြား၌ ရွှေ့လျားနိုင်သောဆေးခန်းများ (Mobile Field Clinics) ကို ထောက်ပံ့ကူညီခဲ့ပြီး သူနာပြုဆရာမများကိုလည်း သင်တန်းပေးခဲ့သည်။ လူနာများကို ပြုစုစောင့်ရှောက်ခဲ့ပြီး ခွဲစိတ်ကုသမှုခံယူရန်လိုအပ်နေသောလူနာများကိုပါ ခွဲစိတ်ကု သပေးခဲ့သည်။

အာဖရိကရှိ အနာကြီးရောဂါသည် အထူးကုဆေးခန်းကဲ့သို့သော အထူးကုဆေးခန်းများကိုလည်း တည်ဆောက်ခဲ့ကြသည်။ ချို့တဲ့သည့်ကလေးများအား ကူညီထောက်ပံ့ခြင်း၊ သဘာဝဘေးအန္တရာယ်မှကယ်ဆယ်ခြင်း၊ AIDS ရောဂါပညာပေး အစီ အစဉ်များ၊ မိဘမဲ့ကလေးများအားထောက်ပံ့ပေးခြင်း၊ သောက်သုံးရေစီမံကိန်းများနှင့် အစားအစာလှူဒါန်းဝေငှခြင်းများအပါ အဝင် ကျယ်ပြန့်သည့်အခြားသော လူမှုအကျိုးပြုလုပ်ငန်းများကို Compassionate Ministeries ၏ခွင့်ပြုချက်ဖြင့် ၁၉၈၀ ခုနှစ်ဝန်းကျင်မှစ၍ ယနေ့အချိန်ထိ လုပ်ဆောင်နေပါသည်။

နာဇရင်း(န်)ဥပုဒ်စာဖြေကျောင်းများနှင့် သမ္မာကျမ်းစာလေ့လာခြင်းအစီအစဉ်များသည် အသင်းတော်၏ အစိတ်အပိုင်း တစ်ခုဖြစ်ပြီး ခရစ်တော်ကဲ့သို့သောတပည့်တော်များမွေး ထုတ်ပေးခြင်းအတွက်အရေးပါအရာရောက်သော အခန်းကဏ္ဍများဖြစ် ကြသည်။ ၁၉၀၅ ခုနှစ်၌ Calcutta မြို့ရှိ Hope School for Girls ကို တည်ထောင်ခဲ့သည့်နှစ်များမှစ၍ အသင်းတော်သည် အခြေခံပညာရေးနှင့် စာပေတို့တွင် ရံပုံငွေများကိုရင်းနှီးမြှုပ်နှံခဲ့သည်။ နာဇရင်း(န်)အသင်းတော် ပိုင်ကျောင်းများသည် ကမ္ဘာတစ်ဝန်း၌ရှိသော ယုံကြည်သူများအား လူမှုရေးနှင့်ဘာသာရေးတွင် ပိုမိုပါဝင်လုပ်ဆောင် လာနိုင်ရန် ပြုပြင်ပေးကြသည်။ အမေရိကန် ပြည်ထောင်စုရှိ အဦးဆုံးသောနာဇရင်း(န်)ကောလိပ်များသည် ၂၀ရာစုနှစ်အလယ်ပိုင်းအထိ ၎င်းကောလိပ်များတွင် အခြေခံပညာရေးကျောင်းများနှင့် အထက်တန်းကျောင်းများအား တွဲထားခဲ့သည်။

နာဇရင်း(န်)အသင်းတော်ကို စတင်တည်ထောင်ခဲ့သူများသည် အဆင့်မြင့်ပညာရေး၌လည်း ရံပုံငွေများကို ထင်ရှားစွာ ရင်းနှီးမြှုပ်နှံခဲ့ကြသည်။ အကြောင်းမှာ အသင်းအုပ်ဆရာများ၊ အခြားသောအမှုတော်ဆောင်များနှင့် သာမန်အသင်းသား အသင်းသူများအား မွမ်းမံသင်ကြားပေးရန်လိုအပ်သည်ဟု ယုံကြည်ကြသောကြောင့်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၊ တောင်ကိုး ရီးယား၊ ကာရဘီယံဒေသ၊ ကနေဒါ၊ Brazil, အမေရိက စသည့်နိုင်ငံများရှိ အနုပညာကောလိပ်များနှင့်၊ တက္ကသိုလ်ကြီးများ အပါအဝင် အိန္ဒိယနိုင်ငံနှင့် ပါပွါးနယူးဂီနီနိုင်ငံရှိ ကျမ်းစာကျောင်းများ၊ ဓမ္မတက္ကသိုလ်များနှင့် သူနာပြု သင်တန်းကျောင်းများ အပြင် ဩစတေးလျ၊ ကော့စတာရီကာ၊ အင်္ဂလန်၊ ဖိလစ်ပိုင်နှင့် အမေရိကန်ပြည်ထောင်စုရှိ ဘွဲ့လွန် ဓမ္မတက္ကသိုလ်ကြီးများ၏ စာရင်းများကို နာဇရင်း(န်)အဆင့်မြင့်ပညာရေးကျောင်းများအဖြစ် နိုင်ငံတကာပညာရေးဘုတ်အဖွဲ့ (The International Board of Education) မှ စာရင်းပြဋ္ဌာန်းထားသည်။

နာဇရင်း(န်)အသင်းတော်သည် ကမ္ဘာ့နေရာဒေသအသီးသီး၌ မိမိအသင်းတော်တစ်ပါးတည်းရပ်တည်ခြင်းမှ ကမ္ဘာလုံးဆိုင်ရာ ယုံကြည်သူများအသိုင်းအဝိုင်းတစ်ခုသို့ ပြောင်းလဲပစ်ခဲ့သည်။ John Wesley ၏သွန်သင်မှု၌ အခြေခံအုပ်မြစ်ချထားသောနာဇ ရင်း(န်)များသည် မိမိကိုယ်ကိုခရစ်ယာန်လူစုများ၊ သန့်ရှင်းစင်ကြယ်ခြင်းကို တန်ဖိုးထားသူများ၊ သာသနာပြုလိုသည့်ဆန္ဒ ပြင်းပြသူများအဖြစ် မှတ်ယူကြပြီး 'လူမျိုးတကာတို့၌ ခရစ်တော်ကဲ့သို့သော တပည့်များကိုမွေးထုတ်ပေးရေး' ဟူသည့် သာသနာ့ ဆောင်ပုဒ် ကိုစွဲစွဲမြဲမြဲ ဆုပ်ကိုင်သောသူများ ဖြစ်ကြသည်။

# နာဇရင်း(န်)အသင်းတော်၏
# အထူးသာသနာ့တာဝန်မှာ
# လူမျိုးတကာထဲ၌
# ခရစ်တော်ကဲ့သို့သော တပည့်တော်များ
# မွေးထုတ်ပေးရန်ဖြစ်သည်။

# THE MISSION OF THE CHURCH OF THE NAZARENE IS TO MAKE CHRISTLIKE DISCIPLES IN THE NATIONS

# ကျွန်ုပ်တို့တန်ဖိုးထားသည့် ဗဟိုမဏ္ဍိုင်များ
# OUR CORE VALUES

## ၁။ ကျွန်ုပ်တို့သည် ခရစ်ယာန်လူထုဖြစ်ကြသည်
## We Are a Christian People

စကြဝဠာတစ်ခုလုံးနှင့် သက်ဆိုင်သောအသင်းတော် (Universal Church) ၏ အသင်းဝင်များဖြစ်ကြသည့် အားလျော်စွာ ကျွန်ုပ်တို့သည် ယေရှုခရစ်တော်၏ သခင်ဖြစ်ခြင်း (Lordship) အားလက်ခံယုံကြည်ကြွေးကြော်ခြင်း၌ လည်းကောင်း၊ သမိုင်းဝင် သုံးပါးတစ်ဆူ ဘုရားသက်ဝင်ယုံကြည်မှုဝါဒများ (Trinitarian Creeds) နှင့် ကနဦးခရစ်ယာန်ယုံကြည်မှုများအား အခိုင် အမာ သက်ဝင်ယုံကြည်ခြင်း၌သော်လည်းကောင်း စစ်မှန်သောယုံကြည်သူများနှင့် ပေါင်းစည်းထားသည့်ခရစ်ယာန်လူထုဖြစ် သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝယ်စလီယာန် သန့်ရှင်းစင်ကြယ်ခြင်းအမွေအနှစ် (Wesleylan-Holiness heritage) ကို တန်ဖိုးထားသောသူများဖြစ်ကြပြီး ၎င်းဝယ်စလီယာန် သန့်ရှင်းစင်ကြယ်ခြင်းသွန်သင်ချက်သည် သမ္မာကျမ်းစာ၊ အကျိုး အကြောင်း ဆင်ခြင်ထုံတရား၊ ခရစ်ယာန်ထုံးတမ်းစဉ်လာ၊ လက်ရှိအတွေ့အကြုံ စသည့်အချက်များနှင့် ကိုက်ညီမှုရှိသော သွန်သင်မှုတစ်ခုဖြစ်သည်ဟု ယုံကြည်ကြသည်။

ကျွန်ုပ်တို့သည် ယေရှုခရစ်၏သခင်ဖြစ်ခြင်းကို လက်ခံယုံကြည်ကြွေးကြော်ခြင်း၌ စစ်မှန်သောယုံကြည်သူများအားလုံးနှင့် သွေး စည်းညီညွတ်သည့်လူများ ဖြစ်ကြသည်။ ဘုရားသခင်သည် မေတ္တာတော်အားဖြင့် လူသားအားလုံးအား အပြစ်ခွင့်လွှတ်ပြီး ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်ပေါင်းစည်းခြင်းအခွင့်ပေးသည်ဟု ကျွန်ုပ်တို့ ယုံကြည်ကြသည်။ ဘုရားသခင်နှင့် ပြန်လည်သင့် မြတ်ခြင်းအခွင့်ရရှိသော ကျွန်ုပ်တို့သည် အချင်းချင်းသင့်မြတ်ကြရန် လိုအပ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ကြသည်။ ဘုရားသခင် သည် ကျွန်ုပ်တို့ကိုချစ်၍ ကျွန်ုပ်တို့၏ အပြစ်များအား ခွင်လွှတ်ပေးသည်နည်းတူ ကျွန်ုပ်တို့သည်လည်း တစ်ဦးကိုတစ်ဦးချစ်၍၊ ပြုမိသောအပြစ်များကို ခွင့်လွှတ်ပေးကြရန် လိုပါသည်။ ကျွန်ုပ်တို့၏အသက်တာတစ်ခုလုံးဖြင့် ခရစ်တော်၏ဂုဏ်အင်္ဂါကို ပေါ်လွင်ထင်ရှားစေရန်လိုအပ်သည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။ သမ္မာကျမ်းစာသည် ဝိညာဉ်ရေးရာ အခြေခံအရင်းအမြစ် ဖြစ်ပြီး ထိုသမ္မာကျမ်းစာသည် အကျိုးကြောင်း (သို့) ဆင်ခြင်ထုံတရား၊ ခရစ်ယာန်ထုံးတမ်းစဉ်လာ၊ လက်ရှိအတွေ့အကြုံတို့နှင့် ကိုက်ညီသည်ဟု ကျွန်ုပ်တို့ လက်ခံပါသည်။

***ကျွန်ုပ်တို့သည် ယေရှုခရစ်တော်၏သခင်ဖြစ်ခြင်း (Lordship) အား ယုံကြည်လက်ခံကြွေးကြော်ခြင်း၌ စစ်မှန်သောယုံကြည်သူအားလုံးနှင့် သွေးစည်းညီညွတ်သောသူများ ဖြစ်ကြသည်။***

ယေရှုခရစ်တော်သည် အသင်းတော်၏အရှင်သခင်ဖြစ်ပြီး Nicene Creed ၌ ဖော်ပြထားသည့်အတိုင်း ထိုအသင်းတော်သည် တစ်ခုတည်းသော၊ သန့်ရှင်းသော၊ စကြဝဠာတစ်ခုလုံးနှင့် သက်ဆိုင်သော၊ တမန်တော်များထံမှ ခံယူရရှိသောအသင်းတော် ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးအားဖြင့် ခရစ်တော်ထဲ၌ ခမည်းတော်ဘုရားသခင်သည် တစ်လောကလုံးအား အပြစ်ခွင့်လွှတ်ခြင်းနှင့် ပြန်လည်သင့်မြတ်ခြင်းအခွင့်ကို ပေးပါသည်။ ဘုရားသခင်ပေးသောအပြစ်ခွင့်လွှတ်ခြင်းနှင့် ပြန်လည် သင့်မြတ်ခြင်းကို ယုံကြည်ခြင်းအားဖြင့် လက်ခံသူများသည် ဘုရားသခင်၏လူများ ဖြစ်လာကြသည်။ ထိုအပြစ် ခွင့်လွှတ်ခြင်း နှင့် ပြန်လည်သင့်မြတ်ခြင်းအခွင့်ရရှိသောသူများဖြစ်ကြသောကြောင့် ကျွန်ုပ်တို့သည် တစ်ဦးကိုတစ်ဦး အပြစ်ခွင့်လွှတ်ပေးကြပြီး အသင့်အမြတ် နေထိုင်ကြသည်။ ထိုသို့အားဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်၏အသင်းတော်နှင့် ခရစ်တော်၏ခန္ဓာကိုယ်ဖြစ်သော အသင်းတော်တစ်ခုတည်းရှိသည့်နည်းတူ ကျွန်ုပ်တို့၌ 'သခင်တစ်ပါး၊ ယုံကြည်ခြင်းတစ်ပါး၊ ဗတ္တိဇံတစ်ပါး'သာရှိသည်။ ကျွန်ုပ်တို့ သည် ခရစ်တော်၏အသင်းတော်တစ်ပါးတည်းသာရှိသည်ဟု ယုံကြည်ကြပြီး ထိုစစ်မှန်သော အသင်းတော်ကို ထိန်းသိမ်းရန် နည်းမျိုးစုံဖြင့် ကြိုးစားကြသည်။ (ဧဖက် ၄း၅၊၃)။

## ၂။ ကျွန်ုပ်တို့သည် သန့်ရှင်းစင်ကြယ်ခြင်းကို တန်ဖိုးထားသောလူထုဖြစ်သည်
We Are a Holiness People

သန့်ရှင်းသောဘုရားသခင်သည် သန့်ရှင်းစင်ကြယ်သောအသက်တာပိုင်ဆိုင်ရန် ကျွန်ုပ်ဖိတ်ခေါ်နေပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏အထဲ၌ 'လုံးဝဥဿုံသန့်ရှင်းစင်ကြယ်ခြင်း'နှင့် 'သန့်ရှင်းသောဝိညာဉ်တော်၏ဗတ္တိဇံပေးခြင်း' တည်း ဟူသောကျေးဇူးတော်၏ ဒုတိယမြောက်လုပ်ငန်းစဉ်အားလုပ်ဆောင်ရန် အစဉ်ကြိုးစားနေပါသည်။ ကျွန်ုပ်တို့အား အပြစ်မှ စင်ကြယ်စေခြင်း၊ ဘုရားသခင်၏ပုံသဏ္ဍာန်တော်သို့ အသစ်ပြုပြင်ပြောင်းလဲစေခြင်း၊ ဘုရားသခင်အား စိတ်နှလုံးအကြွင်းမဲ့ အစွမ်းရှိသမျှ ညာဏ်ပညာရှိသမျှဖြင့်ချစ်၍ ကိုယ်နှင့်စပ်ဆိုင်သောသူများကို ကိုယ်နှင့်အမျှချစ်နိုင်ရန် ကျွန်ုပ်တို့အား ခွန် အားပေးခြင်း၊ ကျွန်ုပ်တို့အထဲ၌ ခရစ်တော်၏ဂုဏ်အင်္ဂါရပ်များ ပေါ်လွင်ထင်ရှားစေခြင်းစသည့် အရာများသည်သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်မှုများဖြစ်သည်ဟု ကျွန်ုပ်တို့ယုံကြည်ကြပါသည်။ ယုံကြည်သူများ၏အသက်တာ၌ရှိသော သန့်ရှင်း စင်ကြယ်ခြင်းကို ခရစ်တော်၏ပုံသဏ္ဍာန်တော်နှင့်အညီဖြစ်ခြင်း (Christlikeness) ဟု ကျွန်ုပ်တို့ရှင်းလင်းစွာ နားလည်ခံယူ ကြပါသည်။

***ကျွန်ုပ်တို့အား ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းထားသောသတ္တဝါအဖြစ်သို့ပြန်လည် ရောက်ရှိစေခြင်းနှင့် ကျွန်ုပ်တို့အထဲ၌ ခရစ်တော်၏ ဂုဏ်အင်္ဂါရပ်များဖြစ်ပေါ်စေခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုဖြစ်သည်။***

ကျွန်ုပ်တို့သည်သမ္မာကျမ်းစာအားဖြင့်သော်လည်းကောင်း၊ ကျေးဇူးတော်အားဖြင့်သော်လည်းကောင်း၊ ဘုရားသခင်အား စိတ်နှလုံ အကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှ ညာဏ်ပညာရှိသမျှချစ်၍ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်ပြီး ဘုရားသခင် တစ်ပါးတည်းကိုသာ အစဉ်ဝတ်ပြုကိုးကွယ်ရန် ခေါ်တော်မူခြင်းခံရသောသူများဖြစ်သောကြောင့် မိမိကိုယ်ကို ဘုရားသခင်ထံ၌ အကြွင်းမဲ့ဆက်ကပ်အပ်နှံထားကြသည်။ ခရစ်ယာန်အသက်တာ၌ 'လုံးဝဥဿုံသန့်ရှင်းစင်ကြယ်ခြင်း' အသက်တာကို ရရှိနိုင် သည်ဟု ကျွန်ုပ်တို့ ယုံကြည်ကြပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏အပြစ်များကိုထင်ရှားစေ၍ သန့်ရှင်း စင်ကြယ်စေသည့်အပြင် ကျွန်ုပ်တို့အထဲ၌ ကျိန်းဝပ်ပြီး ခွန်အားပေးပါသည်။



ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ဝိညာဉ်တော်၏ကူညီမစမှုအားဖြင့် ကျွန်ုပ်တို့သည်တစ်နေ့ပြီးတစ်နေ့ ချစ်ခြင်းမေတ္တာရှိသောသူများ၊ ဝိညာဉ်ရေးရာ၌ စည်းကမ်းရှိသူများ၊ အကျင့်စာရိတ္တကောင်းမွန်သန့်ရှင်းသူများ၊ ကရုဏာစိတ်ရှိသောသူများ၊ တရားမျှတသောသူများအဖြစ်သို့ တဖြည်းဖြည်းပြောင်းလဲလာကြသည်။ ကျွန်ုပ်တို့အား ဘုရားသခင်၏ပုံသဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းထားသောသတ္တဝါအဖြစ်သို့ ပြန်လည်ရောက်ရှိစေခြင်းနှင့် ကျွန်ုပ်တို့အထဲ၌ ခရစ်တော်၏ဂုဏ်အင်္ဂါရပ်များ ဖြစ်ပေါ်စေ ခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်မှုဖြစ်သည်။ မည်သည့်အရာမျှမရှိသောအခြေအနေမှ အရာခပ်သိမ်းကိုဖန် ဆင်းတော်မူသော ဖန်ဆင်းရှင် ခမည်းတော်ဘုရားသခင်ကို ကျွန်ုပ်တို့ ယုံကြည်ကြပါသည်။ ကျွန်ုပ်တို့သည် မတည်မရှိခဲ့သော အခြေအနေမှ ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေရန် ဘုရားသခင်၏ပုံသဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းခံရသော သတ္တဝါများ ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ပုံသဏ္ဌာန်တော်ကို ထင်ရှားပေါ်လွင်စေရန် စေခိုင်းခြင်းခံရသောသူများဖြစ်ကြသည်။ '*ငါသည် သင်တို့ဘုရားသခင်ထာဝရဘုရားဖြစ်၏။ ငါသည် သန့်ရှင်းသောကြောင့်၊ သင်တို့လည်း ကိုယ့်ကိုကိုယ်သန့်ရှင်းစေ၍ သန့်ရှင်းခြင်းရှိရမည်* (ဝတ်ပြုရာကျမ်း၁၁း၄၄)။

## ၃။ ကျွန်ုပ်တို့သည် သာသနာပြုကြသောလူထုဖြစ်သည်
## We Are a Missional People

ကျွန်ုပ်တို့သည်ခရစ်တော်၏စေခိုင်းချက်နှင့် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးပေးခြင်းကို လက်ခံတုံ့ပြန်ပြီး ကမ္ဘာအရပ်သို့သွား၍ ခရစ်တော်၏အရှင်သခင်ဖြစ်ခြင်းကို သက်သေခံခြင်း၊ ဘုရားသခင်၏အလင်းတော်နှင့် နိုင်ငံတော်ကျယ်ပြန့်စေရန် ပါဝင်ဆောင်ရွက်ခြင်း၊ စသည့်တာဝန်များကိုထမ်းဆောင်ရန် စေလွှတ်ခြင်းခံရသောသူများ ဖြစ်ကြသည် (ရှင်မဿဲ၂၈း၁၉-၂၀၊၂ကောဖ်း၂)။ ကျွန်ုပ်တို့၏သာသနာ့တာဝန်များမှာ-(က)ဝတ်ပြုကိုးကွယ်ခြင်း၊ (ခ)ကမ္ဘာအရပ်ရပ်သို့ သတင်းကောင်းဟောပြောခြင်းနှင့် ကရုဏာတရား ပြသခြင်း၊ (ဂ) တပည့်တော်ဖြစ်စေခြင်းသင်တန်းများအားဖြင့် ခရစ်တော်များအား ရင့်ကျက်လာစေရန် ခွန်အားပေးခြင်း၊ (ဃ)ခရစ်ယာန်အဆင့်မြင့်ပညာရေးအားဖြင့် ယုံကြည်သူများအား ခရစ်ယာန်အမှုတော်မြတ်လုပ်ငန်းအတွက် ပြင်ဆင်မွမ်းမံပေးခြင်း စည်တို့ဖြစ်ကြသည်။

### (က) ကျွန်ုပ်တို့၏ ဝတ်ပြုခြင်းသာသနာ
### Our Mission of Worship

လောကကြီး၌ အသင်းတော်၏သာသနာသည် ဝတ်ပြုကိုးကွယ်ခြင်းမှအစပြုသည်။ ကျွန်ုပ်တို့သည် ဝတ်ပြုကိုးကွယ်ခြင်းအားဖြင့် ဘုရားသခင်၏ရှေ့တော်၌ စုဝေးကြသောအခါ ဓမ္မသီချင်းဆိုခြင်း၊ သမ္မာကျမ်းစာဖတ်ကြားခြင်းကို ကြားနာခြင်း၊ ဆယ်ဖို့တစ်ဖို့နှင့် အလှူငွေများကို လှူဒါန်းခြင်း၊ ဆုတောင်းခြင်း၊ တရားဟောချက်ကို နားထောင်ခြင်း၊ ဗတ္တိဇံ ခံယူခြင်း၊ ပွဲတော်မင်္ဂလာ ဝင်စားခြင်း စသည့်အရာများ အတူတကွလုပ်ဆောင်ခြင်းဖြင့် ဘုရားသခင်၏လူ (ခရစ်ယာန်များ) ဖြစ်ရခြင်း၏အဓိပ္ပါယ်ကို ပိုမိုလေးနက် စွာ နားည်လာကြသည်။ လောက၌ရှိသောဘုရားသခင်၏ လုပ်ငန်းစဉ်များသည် အတူတကွစုရုံး၍ ဝတ်ပြုကိုးကွယ်ခြင်းပြုသော အသင်းတော်များအားဖြင့်အထမြောက်စေသည်ဟု ကျွန်ုပ်တို့ယုံကြည်ကြသည်။ ထိုသို့ယုံကြည်ခြင်းသည် အသင်းတော်၏ သာသနာ့တာဝန်ကို ကျွန်ုပ်တို့အား ပိုမိုနားလည်စေပါသည်။ အသင်းတော်၏သာသနာ့တာဝန်များမှာ အသင်းတော်မိတ် သဟာယဖွဲ့ခြင်းထဲသို့ ယုံကြည်သူအသင်းဝင်သစ်များကို လက်ခံခြင်းနှင့် ဘုရားသခင်အား အစဉ်ဝတ်ပြုကိုးကွယ်သော အသင်းတော်များ ဖွဲ့စည်းတည်ထောင်ပေးခြင်းတို့ ဖြစ်ကြသည်။

**ဝတ်ပြုကိုးကွယ်ခြင်းသည် ဘုရားသခင်အပေါ်ထားရှိသော**
**ကျွန်ုပ်တို့၏ချစ်ခြင်းမေတ္တာကိုအမြင့်ဆုံးဖော်ထုတ်ပြသခြင်းဖြစ်သည်။**

ဝတ်ပြုကိုးကွယ်ခြင်းသည် ဘုရားသခင်အပေါ်ထားရှိသော ကျွန်ုပ်တို့၏ချစ်ခြင်းမေတ္တာကို အမြင့်ဆုံးဖော်ထုတ်ပြသခြင်းဖြစ်သည်။ ဝတ်ပြုကိုးကွယ်ခြင်းသည် ကျွန်ုပ်တို့အား ကျေးဇူးတော်၏ကရုဏာတော်အားဖြင့် ရွေးနှုတ်ကယ်တင်သော ဘုရားသခင်ကိုဗဟိုပြု၍ လေးစားစွာ ကြည်ညိုကိုးကွယ်ခြင်းဖြစ်သည်။ ဝတ်ပြုကိုးကွယ်ခြင်းအတွက် အခြေခံကျသောနေရာဒေသမှာ ဘုရားသခင်၏ လူများနှင့် အတူတကွစုဝေးရာဒေသန္တရအသင်းတော်ဖြစ်သည်။ ထိုနေရာသည် မိမိကိုယ်ကိုဗဟိုပြုထားသော နေရာ၊ မိမိ၏ အမည်ကို ထင်ရှားစေသောနေရာမဟုတ်ဘဲ မိမိကိုယ်ကို အရှုံးပေးနိမ့်ချလျက် ကိုယ်ကိုအပ်နှံသည့်နေရာမျိုးဖြစ်သည်။ ဝတ်ပြုကိုးကွယ်ခြင်းဆိုသည်မှာ အသင်းတော်အနေဖြင့် ချစ်ခြင်းမေတ္တာနှင့် နာခံခြင်းအားဖြင့် ဘုရားသခင် ၏အမှုတော်ကို ထမ်းရွက်ခြင်းပင်ဖြစ်သည်။

## (ခ) ကျွန်ုပ်တို့၏ကရုဏာသာသနာနှင့် ဧဝံဂေလိပြုခြင်းသာသနာ
## Our Mission of Compassion and Evangelism

ဘုရားသခင်အတွက် သီးသန့်ရည်စူးထားသည့်လူများဖြစ်သည့်အလျောက် ကျွန်ုပ်တို့သည် ပျောက်ဆုံးနေသောလူများအပေါ်၌ထားရှိသော ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်နှင့် ဆင်းရဲသားများ၊ ကြေကွဲကျိုးပဲ့နေသူများအပေါ်၌ ထားရှိသော ဘုရားသခင်၏ကရုဏာအကြောင်းကို ဝေငှကြပါသည်။ မဟာပညတ်ချက် (Great Commandment-ရှင်မဿဲ ၂၂း၃၆-၄၀) နှင့် မဟာစေခိုင်းချက် (Great Commission-ရှင်မဿဲ ၂၈း၁၉-၂၀) တို့သည် ကမ္ဘာအရပ်ရပ်သို့ ဧဝံဂေလိဝေငှခြင်း၊ ကရုဏာသာသနာလုပ်ငန်းဆောင်ရွက်ခြင်းနှင့် တရားမျှတခြင်းများလုပ်ဆောင်ရန် ကျွန်ုပ်တို့လှုံ့ဆော်တွန်းအားပေးပါသည်။ ကျွန်ုပ်တို့သည် လူများအား ယုံကြည်သို့ဖိတ်ခေါ်ခြင်း၊ ဆင်းရဲသောသူများအား ဂရုစိုက်ခြင်း၊ မတရားမှုများကိုတိုက်ဖျက်၍ အဖိနှိပ်ခံလူတန်းစားများဖက်၌ ရပ်တည်ပေးခြင်း၊ ဘုရားသခင်ဖန်ဆင်းထားသော သဘာဝအရင်းအမြစ်များအား ကာကွယ်စောင့်ရှောက်ခြင်းနှင့် ဘုရားသခင်၏နာမတော်ကို ခေါ်သောသူများအားလုံးအား ကျွန်ုပ်တို့၏မိတ်သဟာယဖွဲ့ခြင်း၌ ပါဝင်စေခြင်း စသည်တို့ကို ဆုံးခန်းတိုင်အောင်လုပ်ဆောင်ရန် မိမိကိုယ်ကို ဆက်ကပ်အပ်နှံထားကြပါသည်။ ကမ္ဘာအရပ်ရပ်သို့ သာသနာ ချဲ့ထွင်ခြင်းအားဖြင့် နာဇရင်း(န်)အသင်းတော်သည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ကို ပေါ်လွင်ထင်ရှားစေပါသည်။ သမ္မာကျမ်းစာထဲရှိ သမိုင်းဖြစ်စဉ်ကျောရိုးသည် ယေရှုခရစ်တော်အားဖြင့် ဘုရားသခင်နှင့် လောကလူသားအား ပြန်လည် သင့်မြတ်စေသော ဘုရားသခင်၏အကြောင်းဖြစ်သည် (၂ကော၅း၁၆-၂၁)။ အသင်းတော်သည် ဤချစ်ခြင်းမေတ္တာသာသနာနှင့် ဧဝံဂေလိဝေငှခြင်း၊ ကရုဏာပြခြင်းနှင့် တရားမျှတရေးအတွက် ဆောင်ရွက်ခြင်းအားဖြင့် ပြန်လည်သင့်မြတ်စေခြင်းသာသနာ၌ ဘုရားသခင်နှင့်အတူပါဝင်ရန် စေလွှတ်ခြင်းခံရသော ယုံကြည်သူလူထုဖြစ်သည်။

## (ဂ) ကျွန်ုပ်တို့၏ တပည့်တော်ဖြစ်စေခြင်းသာသနာ
## Our Mission of Discipleship

ကျွန်ုပ်တို့သည် မိမိကိုယ်တိုင်ခရစ်တော်၏တပည့်များဖြစ်ကြပြီး အခြားသူများအား ခရစ်တော်၏တပည့်တော်များဖြစ်လာစေရန် ဖိတ်ခေါ်နေသောသူများဖြစ်ကြသည်။ ဤအရာကို စိတ်နှလုံးထဲ၌ စွဲမှတ်လျက် ယုံကြည်သူများ၏ ခရစ်ယာန်ယုံကြည်ခြင်း၊ မိမိတို့အချင်းချင်းသော်လည်းကောင်း၊ ဘုရားသခင်နှင့်သော်လည်းကောင်း မိတ်သဟာယဖွဲ့ခြင်း၌ ကြီးထွားရင့်ကျက်လာ စေနိုင်သောနည်းလမ်းများ (Sunday School ၊ သမ္မာကျမ်းစာလေ့လာခြင်း၊ အုပ်စုငယ်များဖွဲ့၍ ကျမ်းစာလေ့လာခြင်း စသည်တို့ကို ဖန်တီးပေးပါသည်။ တပည့်တော်ဖြစ်စေခြင်း (Discipleship) ၌ နာခံခြင်းဖြင့် မိမိကိုယ်ကို ဘုရားသခင်ထံ ဆက်ကပ်အပ်နှံခြင်းနှင့် ယုံကြည်ချက်စံနှုန်းများကို လိုက်နာခြင်းတို့ပါဝင်သည်ဟု ကျွန်ုပ်တို့ယုံကြည်ကြပါသည်။ သန့်ရှင်းသော အသက်တာပိုင်ဆိုင်နိုင်ရန် အပြန်အလှန်ကူညီပေးခြင်း၊ ခရစ်ယာန်မိတ်သဟာယဖွဲ့ခြင်းနှင့် ချစ်ခြင်းမေတ္တာအားဖြင့် အခြားသူ၏ဝန်ကို ထမ်းဆောင်ပေးခြင်းအားဖြင့် ကျွန်ုပ်တို့သည် တစ်ဦးကိုတစ်ဦး ကူညီကြရန်လိုအပ်သည်။ *'တစ်ဦးကိုတစ်ဦး အားပေးကူညီရန် ဘုရားသခင်သည် ကျွန်ုပ်တို့အား အတူစုဝေးစေသည်ဟု'* John Wesley က ဆိုခဲ့သည်။

**တပည့်တော်ဖြစ်စေခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ခရစ်တော်ထဲ၌ ရင့်ကျက်သော သူများအဖြစ်သို့ ကျွန်ုပ်တို့အား တဖြည်းဖြည်းပို့ဆောင်နေသောအရာတစ်ခု ဖြစ်သည်။**

ခရစ်ယာန်တပည့်တော်ဖြစ်စေခြင်းသည် ဘဝနေထိုင်မှုပုံစံတစ်ခုဖြစ်သည်။ ဘုရားသခင်အလိုရှိသော ဘဝနေထိုင်မှုပုံစံ (သို့) ကျွန်ုပ်တို့အတွက် လောက၌ နေ့စဉ် ဘုရားသခင်ဖြစ်စေလိုသောဘဝပုံစံကို သင်ယူခြင်းဖြစ်စဉ်ဟုလည်းဆိုနိုင်သည်။ ဘုရားသခင် ၏ နှုတ်ကပတ်တော်ကိုနာခံခြင်း၊ ယုံကြည်ချက်စံနှုန်းများကို လိုက်လျောက်ခြင်း၊ တစ်ဦးကိုတစ်ဦး ကူညီခြင်းအားဖြင့် အသက်ရှင် ရန် သင်ယူကြသည့်အခါ ကျွန်ုပ်တို့သည် အထိန်းကွက်ရှိသည့် ဘဝ၏စစ်မှန်သောပျော်ရွှင်မှုနှင့် ခရစ်ယာန်များ၏လွတ်လပ်မှု အဓိပ္ပါယ်ကို စတင်နားလည်သဘောပေါက်လာသည်။ တပည့်တော်ဖြစ်စေခြင်းသည် စည်းကမ်းနှင့်စည်းမျဉ်း သတ်မှတ်ချက်များ ကိုလိုက်နာရန် လူသားများ၏ကြိုးစားအားထုတ်မှု သက်သက်မဟုတ်ပေ။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ခရစ်တော်ထဲ၌ ရင့်ကျက်သောသူများအဖြစ်သို့ ကျွန်ုပ်တို့အား တဖြည်းဖြည်းပို့ဆောင်နေသောအရာတစ်ခု ဖြစ်သည်။ တပည့်တော်ဖြစ်စေခြင်း အားဖြင့် ကျွန်ုပ်တို့သည်ခရစ်ယာန်ကျင့်ဝတ်နှင့် ပြည့်ဝသောသူများဖြစ်လာသည်။ တပည့်တော်ဖြစ်စေခြင်း၏ အဆုံးစွန်သော ရည်ရွယ်ချက်မှာ လူများအား ခရစ်တော်၏ပုံသဏ္ဌာန်အဖြစ်သို့ ပြောင်းလဲစေခြင်းဖြစ်သည် (၂ကော ၃း၁၈)။

## (ဃ) ကျွန်ုပ်တို့၏ အဆင့်မြင့်ခရစ်ယာန် ပညာရေးသာသနာ
## Our Mission of Christian higher Education

ခရစ်ယာန်အမှုတော်မြတ်အတွက် လူများအားပြုပြင်မွမ်းမံပေးသည့် ခရစ်ယာန်ပညာရေးလုပ်ငန်းများ လုပ်ဆောင်ခြင်း၌ ကျွန်ုပ် တို့ ဆက်ကပ်အပ်နှံထားသည်။ ကျွန်ုပ်တို့၏ကျမ်းစာသင်တန်းများ၊ ဓမ္မကောလိပ်များ၊ အခြားကောလိပ်များနှင့် တက္ကသိုလ်များတွင် ကျွန်ုပ်တို့သည် အသိပညာဗဟုသုတတိုးပွားစေခြင်း၊ ခရစ်ယာန်အကျင့်စာရိတ္တမြင့်မားစေခြင်းနှင့် ပြင်ပလောက၌သော်လည်းကောင်း၊ အသင်းတော်ထဲ၌သော်လည်းကောင်း ဘုရားသခင်ပေးထားသောတာဝန်များကို ထမ်းဆောင်နိုင်ရန် ခေါင်းဆောင်များအား မွမ်းမံပေးခြင်း စသည့်အရာများကို ဦးစားပေးလျက်ရှိသည်။ ခရစ်ယာန်အဆင့်မြင့် ပညာရေးသည် နာဇရင်း(န်)အသင်းတော်၏ အဓိကကျသောသာသနာဖြစ်သည်။ နာဇရင်း(န်)အသင်းတော် တည်ထောင်ပြီး အစောပိုင်းကာလများ၌ ကမ္ဘာအရပ်ရပ်သို့ ဝယ်စလီယာန်သန့်ရှင်းစင်ကြယ်ခြင်းနိုးကြားရေးဖြစ်စဉ်ကို ပျံ့နှံ့စေရန်သော် လည်းကောင်း၊ ဘုရားသခင်လူများအား ပြုပြင်မွမ်းမံပေးရန်သော်လည်းကောင်း၊ အသင်းတော်သည် ခရစ်ယာန်အဆင့်မြင့် ပညာရေးအဖွဲ့အစည်းများကို တည်ထောင်ခဲ့သည်။ ထိုသို့ ခရစ်ယာန်အဆင့်မြင့်ပညာရေးအဖွဲ့အစည်းများအား နှစ်ပေါင်းများစွာ ဆက်လက်လည်ပတ်ရှင်သန်စေခြင်းဖြင့် ကမ္ဘာလုံးအတိုင်းအတာအဖြစ် ဆက်နွယ်ချိတ်ဆက်ထားသော ကျမ်းစာသင်တန်း ကျောင်းများ၊ ဓမ္မကောလိပ်များနှင့် တက္ကသိုလ်များပေါက်ဖွား စေခဲ့သည်။

# ကျွန်ုပ်တို့သည်
# ယေရှုခရစ်တော်၏သခင်ဖြစ်ခြင်းအား
# (Lordship)
# ယုံကြည်လက်ခံ
# ကြွေးကြော်ခြင်း၌
# စစ်မှန်သောယုံကြည်သူအားလုံး
# နှင့်
# သွေးစည်းညီညွတ်သောသူများဖြစ်ကြသည်။

# ကျွန်ုပ်တို့၏သာသနာ
## OUR MISSION

**နာဇရင်း(န်)အသင်းတော်၏အထူးသာသနာ့တာဝန်မှာလူမျိုးတကာတို့၌ခရစ်တော်ကဲ့သို့သောတပည့်တော်များမွေးထုတ်ပျိုးထောင်ပေးရန်ဖြစ်သည်။**

ကျွန်ုပ်တို့သည်ခရစ်တော်၏မဟာစေခိုင်းချက်ကို နာခံသောသူများဖြစ်ကြသည် (ရှင်မဿဲ ၂၈း၁၉-၂၀)။ ကမ္ဘာလုံးဆိုင်ရာယုံကြည်သူများအသိုင်းအဝိုင်းတစ်ခုဖြစ်သည့်အလျောက် ကျွန်ုပ်တို့သည် ကမ္ဘာ့နေရာဒေသအသီးသီးသို့ ခရစ်တော်ထဲ၌ရှိ သောထာဝရအသက်ရှင်ခြင်းသတင်းကောင်းနှင့် သမ္မာကျမ်းစာ၏သွန်သင်ချက်ဖြစ်သောအသက်တာသန့်ရှင်း စင်ကြယ်ခြင်း သတင်းကောင်း (ခရစ်တော်ကဲ့သို့အသက်ရှင်ခြင်း) ကိုဝေငှဟောပြောရန် စေခိုင်းခြင်းခံရသောသူများ ဖြစ်ကြသည်။

နာဇရင်း(န်)အသင်းတော်သည် ခရစ်တော်အားမိမိဘဝ၏အရှင်သခင်အဖြစ်လက်ခံသောယုံကြည်သူလူပုဂ္ဂိုလ်များကို ခရစ်ယာန်မိတ်သဟာယဖွဲ့ခြင်းဖြင့်ပေါင်းစပ်ဖွဲ့စည်းထားသည့်အသင်းတော်ဖြစ်ပြီး အတူတကွဝတ်ပြုကိုးကွယ်ခြင်း၊ ဒေသနာ ဟောကြားခြင်း၊ သင်တန်းပို့ချခြင်းနှင့် အခြားသူများအား အစေခံခြင်းအားဖြင့် တစ်ဦးကိုတစ်ဦးယုံကြည်ခြင်းတိုးပွား လာစေရန် ခွန်အားပေးကူညီကြသည့် အသင်းတော်ဖြစ်သည်။

ကျွန်ုပ်တို့သည်ခရစ်တော်ကဲ့သို့အသက်ရှင်ခြင်းနှင့်အတူ လူတိုင်းထံသို့ခရစ်တော်၏ ကရုဏာတော်ကို ဖော်ထုတ်ပြသနိုင်ရန် အစဉ်ကြိုးစားအားထုတ်ကြသည်။

အသင်းတော်၏ အခြေခံရည်ရွယ်ချက်သည် ဘုရားသခင်၏ ဘုန်းတော်ထင်ရှားစေခြင်းဖြစ်ပြီး ကျွန်ုပ်တို့သည်ဘုရားသခင်၏နိုင်ငံတော်နှင့်မိမိကိုယ်မိမိသင့်မြတ်စေခြင်းသာသနာ၌ တက်ကြွစွာပါဝင်ရန် ခေါ်ခြင်းခံရသောသူများလည်းဖြစ်ကြသည်။

အသင်းတော်၏ သာသနာဖော်ပြချက် (Mission Statement) သည်အရေးပါသော ကျွန်ုပ်တို့၏ သမိုင်းဝင်သာသနာလုပ်ဆောင်ချက်များပင် ဖြစ်သည်။ ၎င်းတို့မှာ-ဧဝံဂေလိပြုခြင်း၊ သန့်ရှင်းစင်ကြယ်စေခြင်း၊ တပည့် တော်ဖြစ်စေခြင်းနှင့် ကရုဏာ ဖြင့်လူများအားကူညီထောက်ပံ့ခြင်းစသည်တို့ ဖြစ်ကြသည်။ သန့်ရှင်းစင်ကြယ်စေခြင်း၏ အနှစ်သာရမှာ ခရစ်တော်ကဲ့သို့ ဖြစ်လာစေခြင်း (Christlikness) ဖြစ်သည်။

နာဇရင်း(န်)အသင်းဝင်များသည် အိမ်များ၊ လုပ်ငန်းခွင်များ၊ လူ့အသိုင်းအဝိုင်းများ၊ ရွာများ၊ မြို့များနှင့်နိုင်ငံဒေသအသီးသီးသို့ စေလွှတ်ခြင်းခံရသောသူများဖြစ်လာကြသည်။ ယခုအချိန်တွင် ကမ္ဘာ့ဒေသနေရာအသီးသီးမှ သာသနာပြုများကို ကမ္ဘာ့နိုင်ငံအသီးသီးသို့ အသင်းတော်များက စေလွှတ်ကြသည်။

သန့်ရှင်းသောဝိညာဉ်တော်၏ ကူညီမစမှုအားဖြင့် သာမန်ထက် လွန်ကဲသောအရာများကို လုပ်ဆောင်အကောင်ထည် ဖော်နိုင်ရန် ဘုရားသခင်သည် သာမန်လူများကိုဆက်လက်၍ ဖိတ်ခေါ်နေပါသည်။



လာကြ။

ထာဝရဘုရားအားရွှင်လန်းစွာ

သီချင်းဆိုကြကုန်အံ့။

ငါတို့သည်

ကယ်တင်ခြင်းသို့ရောက်ရာကျောက်

ယေရှုခရစ်၏

သခင်ဖြစ်ခြင်းကိုကျူးကြေကြကုန်အံ့။



# ကျွန်ုပ်တို့နာဇရင်း(န်)အသင်းတော်၏ ထူးခြားသောဂုဏ်အင်္ဂါများ
## OUR NAZARENE CHARACTERISTICS

၂၀၁၃ခုနှစ်၌ကျင်းပသော အသင်းတော်အထွေထွေညီလာခံတွင် အသင်းတော်၏အထွေထွေစီမံခန့်ခွဲရေးမှူးများအဖွဲ့သည် နာဇရင်း(န်)အသင်းတော်၏ ထူးခြားသောဂုဏ်အင်္ဂါခုနှစ်ရပ်ကိုဖော်ထုတ်အတည်ပြုခဲ့ကြသည်။ ၎င်းတို့မှာ-

**၁။ အဓိပ္ပါယ်ပြည့်ဝသောဝတ်ပြုကိုးကွယ်ခြင်း**
**၂။ ဓမ္မဆိုင်ရာအယူဝါဒစည်းလုံးခြင်း**
**၃။ ပြင်းပြသောဆန္ဒဖြင့်ဧဝံဂေလိပြုခြင်း**
**၄။ ရည်ရွယ်ချက်ရှိသောတပည့်တော်ဖြစ်စေခြင်း**
**၅။ အသင်းတော်ဖွံ့ဖြိုးတိုးပွားလာခြင်း**
**၆။ အပြောင်းအလဲဖြစ်စေသောခေါင်းဆောင်ခြင်း**
**၇။ ရည်ရွယ်ချက်ရှိသည့်ကရုဏာလုပ်ဆောင်ခြင်း**

အထက်ပါအချက်များသည် 'လူမျိုးတကာတို့၌ခရစ်တော်ကဲ့သို့သောတပည့်တော်များမွေးထုတ်ပေးရန်' ဟူသောကျွန်ုပ်တို့အသင်းတော်၏သာသနာတာဝန်နှင့် 'ခရစ်ယာန်လူထု ဖြစ်ခြင်း၊သန့်ရှင်းစင်ကြယ်စေခြင်းနှင့် သာသနာပြုရန် ဆန္ဒပြင်းပြခြင်း တည်းဟူသော ကျွန်ုပ်တို့အသင်းတော်၏ တန်ဖိုးထားသည့်ဗဟိုမဏ္ဍိုင်များအား ပယ်ဖျက်လိုက်ခြင်းမဟုတ်သော်လည်း နေရာဒေသအသီးသီး၌ ရှိသောနာဇရင်း(န်)အသင်းတော်တိုင်း ထင်ရှားပေါ်လွင်စေရန်လိုအပ်သော အချက်များဖြစ်သည်ဟု ကျွန်ုပ် တို့ယုံကြည်ပါသည်။ ရှေ့ဆက်၍ ဤဂုဏ်အင်္ဂါရပ်များအား ကျွန်ုပ်တို့တိုက်တွန်းပါသည်။ ဤအချက်များသည် ကမ္ဘာတဝန်း ရှိ အသင်းတော်အသီးသီး၌ လက်တွေ့ဖြစ်နေကြောင်းကို အချိန်ပေး၍ ဆက်လက်လေ့လာကြပါဆို့။

### ၁။ *အဓိပ္ပါယ်ပြည့်ဝသောဝတ်ပြုကိုးကွယ်ခြင်း*
### Meaningful Worship

**ဝတ်ပြုကိုးကွယ်ရန်ဖိတ်ခေါ်ခြင်း (A Call to Worship)**

**လာကြ။ ထာဝရဘုရားအား ရွှင်လန်းစွာသီချင်း ဆိုကြကုန်အံ့။ ငါတို့သည်**
**ကယ်တင်ခြင်းသို့ရောက်ရာကျောက်ကိုကျူးဧကြကုန်အံ့။ ကျေးဇူးတော်ကိုချီးမွမ်းလျက်**
**ရှေ့တော်သို့ဝင်၍ ဆာလံသီချင်းဆိုလျက်ကျူးသောအသံကို ပြုကြကုန်အံ့။**
**ကြီးမြတ်သောဘုရားဖြစ်တော်မူ၏။ မြေကြီးနက်နဲရာအရပ်တို့သည် လက်တော်၌ရှိကြ၏။**
**တောင်ထိပ်တို့ကို လက်တော်နှင့်ပြုပြင်တော်မူ၏။ လာကြဝတ်ပြုကိုးကွယ်ကြကုန်အံ့။**
**ငါတို့ကိုဖန်ဆင်းတော်မူသော ထာဝရဘုရား၏ရှေ့တော်၌ ဒူးထောက်ကြကုန်အံ့။**
**ထာဝရဘုရားသည် ငါတို့၏ဘုရားဖြစ်တော်မူ၏။ ငါတို့သည်လည်းအထံတော်၌**
**ကျက်စားသောလက်တော်အောက်၌နေသော သိုးစုဖြစ်ကြ၏။**
**ဆာလံကျမ်း ၉၅း၁-၇**

ဘုရားသခင်အား ဝတ်ပြုကိုးကွယ်ခြင်းသည် ဘုရားသခင်အား ကျွန်ုပ်တို့၏ကယ်တင်ခြင်းကျောက်၊ ကြီးမြတ်သောဘုရားသခင်၊ ဘုရား တကာ၏အထက်၌ရှိသော ကြီးမြတ်သည့်ဘုရင်။ အရာခပ်သိမ်းကို ဖန်ဆင်းသောဖန်ဆင်းရှင်၊ မိမိ၏သိုးစုများကိုစောင့်ရှောက်သောသိုးထိန်းကြီးအဖြစ် အသိအမှတ်ပြုခြင်းပင် ဖြစ်သည်ဟု ကျွန်ုပ်တို့ဆိုနိုင်ပါသည်။

**က။** ခရစ်တော်၏ နောက်လိုက်တပည့်တော်များသည် မိမိတို့ကိုယ်ကိုဘုရားသခင်၏လူများဖြစ်သည်ဟု ခံယူထားကြသောကြောင့် ဘုရားသခင်၏ ရှေ့တော်မှောက်၌ ဝင်ရောက်ခံစားကြပြီး အခြားသူများကို အစေခံကြသည်။

- လူများအားအစေခံရန်ခရစ်တော်သည် တပည့်တော်များကိုလောကသို့ စေလွှတ်ခဲ့သည်။ (ရှင်မဿဲ၁၀)။
- ထိုသူများအတွက် သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးလိုအပ်သည်ဟုခရစ်တော်ဆိုခဲ့သည်။ တပည့်တော်များသည် သန့်ရှင်းသောဝိညာဉ်တော်ဆင်းကြွလာမည့်အချိန်ကို အထက်ခန်းမှစောင့်ဆိုင်းခဲ့ကြသည်။ ခရစ်တော်၏ကတိတော်နှင့်အညီ တပည့်တော်များထံ သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်လာခဲ့သည် (တမန်တော် ၂)။
- တပည့်တော်များသည် ဘုရားသခင်နှင့်လူသားများ၏ ရန်ငြိမ်းခြင်းတရားနှင့်အတူ သူတို့၏ပြန်လည်သင့်မြတ်စေခြင်းသာသနာကို ဝေငှဟောပြောခဲ့ကြသည် (၂ကော ၅း၁၁-၂၁)။
- ရှင်ပေါလုက ဤသို့ဆိုခဲ့သည်-'ထိုကြောင့်ငါတို့သည်ခရစ်တော်၏သံတမန်ဖြစ်ကြ၏။ သင်တို့အားဖြင့်နှိုးဆော်သွေးဆောင်တော်မူသကဲ့သို့ ငါတို့သည်ခရစ်တော်၏ ကိုယ်စားဖြစ်၍ သင်တို့ကိုတောင်းပန် သွေးဆောင်ကြ၏။ အဘယ်ကြောင့်နည်းဟူမူကား၊ ဘုရားသခင်သည် အပြစ်နှင့်ကင်းစင်သောသူကို ငါတို့အတွက်ကြောင့် အပြစ်ရှိသောသူဖြစ်စေတော်မူ၏။ အကြောင်းမူကား၊ ငါတို့သည်ထိုသူအားဖြင့် ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်သောသူဖြစ်မည်အကြောင်းတည်း (၂ကော ၅း၂၀-၂၁)။

**ခ။** ခရစ်တော်သည် တပည့်တော်များအား မဟာစေခိုင်းချက်ဖြင့်စိန်ခေါ်ခဲ့သည်။

- 'သင်တို့သည်သွား၍လူမျိုးတကာတို့ကို ငါ့တပည့်တော်ဖြစ်စေလျက်၊ ခမည်းတော်၊သားတော်၊သန့်ရှင်းသော ဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကိုပေးကြလော့။ ငါသည်သင်တို့အားပေးသမျှသော ပညာတ်တော်တို့ကိုစောင့်ရှောက်စေခြင်းငှာ ဆုံးမသြဝါဒပေးကြလော့။ ငါသည်လည်းကပ်ကမ္ဘာကုန်သည်တိုင်အောင်သင်တို့နှင့်အတူ အစဉ်မပြတ်ရှိသည်ဟု တပည့်တော်တို့အားမိန့်တော်မူ၏' (ရှင်မဿဲ ၂၈း၁၉-၂၀)။

## အိန္ဒိအုတ်မြို့တွင်ရှိသောအသင်းတော်၏ အဓိပ္ပါယ်ပြည့်ဝသောဝတ်ပြုကိုးကွယ်ခြင်းကိုကြည့်ခြင်း အားဖြင့် ကနဦးခရစ်ယာန်အသင်းတော်များသည် ခရစ်တော်၏ မဟာစေခိုင်းချက်ကို ဤလောက၌ အမှန်တကယ်ပြည့်စုံစေခဲ့ကြသည်။ (တမန်တော်ဝတ္ထု ၁၃း၁-၄)။

**ဂ။** ကျွန်ုပ်တို့သည် ဝိညာဉ်တော်၏ပဲ့ပြင်မှုများဖြစ်သော အစာရှောင်ခြင်းနှင့် ဆုတောင်းခြင်းကိုကျင့်သုံးသည့်အခါ ကျွန်ုပ်တို့၏ဝတ်ပြုကိုးကွယ်ခြင်းသည်အဓိပ္ပါယ်ပြည့်ဝသော ဝတ်ပြုကိုးကွယ်ခြင်းဖြစ်လာသည်။

- ထို့နောက် အခြားသူများအား မိမိတို့၏ယုံကြည်ခြင်းသို့ ဆွဲသွင်းရန် သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့ကိုစေလွှတ်ခဲ့သည်။
- ဤအရာသည် ဝတ်ပြုကိုးကွယ်ခြင်းမှ ဖြစ်ပေါ်လာသောအရာဖြစ်သည်။
- ဝတ်ပြုကိုးကွယ်ခြင်းသည် ကျွန်ုပ်တို့ကိုနိုးဆော်ခွန်အားပေးပြီး ကျွန်ုပ်တို့၏ အသက်တာနှင့်တူညီလာစေရန် ကူညီပေးသည်။ ဝတ်ပြုကိုးကွယ်ခြင်းသည် ယုံကြည်သူများအားလုံး၏ ဝိညာဉ်ရေးရာအတွက် မရှိမဖြစ်လိုအပ်သောအရာဖြစ်ပြီး ခရစ်တော်၏သန့်ရှင်းသောပုံသဏ္ဌာန်ကဲ့သို့ဖြစ်စေရန် ကျွန်ုပ်တို့ကို ပုံသွင်းပေးသည့် အရာအဖြစ်ဘုရားသခင်အသုံးပြုသောအရာတစ်ခု ဖြစ်သည်။
- ကျွန်ုပ်တို့သည် မိမိတစ်ဦးတည်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း၊ ကျွန်ုပ်တို့၏အသက်တာ၌ ဝတ်ပြုကိုးကွယ်ခြင်းအစဉ်အမြဲပြုကျင့်ရန် လိုအပ်ပါသည်။

**ဃ။** အဓိပ္ပါယ်ပြည့်ဝသောဝတ်ပြုကိုးကွယ်ခြင်းသည် စုပေါင်းဝတ်ပြုချိန်၌ ကျွန်ုပ်တို့အထဲတွင် ဘုရားသခင်ကို သူ့နည်းသူ့ဟန်ဖြင့် လှုပ်ရှားနိုင်ရန် အခွင့်ပေးသည်။

- ကနဦးအသင်းတော်သည် ကော်မတီများဖွဲ့၍ ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ရန် မကြာခဏအတူတကွ စုဝေးခဲ့ကြသည်။ သူတို့အကြား၌ ဘုရားသခင်ကို လွတ်လပ်စွာ လှုပ်ရှားစေခဲ့ကြသည်။
- ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ လူ့အစီအစဉ်များကို ခေတ္တရပ်နားစေပြီး ကျွန်ုပ်တို့အကြား၌ ဘုရားသခင်၏ အစီအစဉ်များ ဖြစ်မြောက်စေရန် ဘုရားသခင်ကိုအချိန်ပေးရမည်။
- အဓိပ္ပါယ်ပြည့်ဝသောဝတ်ပြုကိုးကွယ်ခြင်းသည် ကျွန်ုပ်တို့မျှော်လင့်ချက်ဖြင့် စောင့်ဆိုင်းနေစဉ် ဘုရားသခင်ကို လွတ် လပ်စွာလှုပ်ရှားစေရန် အချိန်ပေးခြင်းဖြစ်သည်။
- ဘုရားသခင်အနေဖြင့် မိမိကိုယ်ကို ကျွန်ုပ်တို့ထံသို့ ဖွင့်ပြနိုင်ရန် ဘုရားသခင်အား ကျွန်ုပ်တို့အချိန်ပေးရမည်။ သူ၏နည်း လမ်းနှင့် အချိန်သတ်မှတ်ချက်အတိုင်း လူများအား သူ့အကြောင်းနားလည်စေရန် ဘုရားသခင်အား ကျွန်ုပ်တို့အချိန် ပေးရမည်။
- ဘုရားသခင်သည် ကျွန်ုပ်တို့၏ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်၌ ကြွလာ၍ ကျွန်ုပ်တို့အကြား၌ လှုပ်ရှားမည်ဟူသော ကြိုတင်မျှော်လင့်ခြင်းများဖြင့် ကျွန်ုပ်တို့ ဝတ်ပြုကိုးကွယ်ခြင်းအစည်းအဝေးသို့ လာရမည်။
- ကျွန်ုပ်တို့၏ အပတ်စဉ်ဝတ်ပြုစည်းဝေးခြင်းများ၌ ဘုရားသခင်အားထင်ရှားစေသောနည်းလမ်းများ ဖြင့်လှုပ်ရှား စေ၍ ဘုရားသခင်သာတတ်နိုင်သောအရာများကို ဘုရားသခင်ကိုယ်တိုင်လုပ်ဆောင်သွားမည်ဟု ကြိုတင်ယူဆ ရမည်။ ပြုလုပ်နေကျပုံမှန်အစည်းအဝေးအစီအစဉ်များ လည်ပတ်ပြီးမြောက်စေရုံမျှဖြင့်မကျေနပ်သင့်ပေ။
- ဘုရားသခင်၏ဝိညာဉ်တော်အသုံးတော်ခံများဖြစ်လာနိုင်ရန် ဘုရားသခင်၏သားသမီးများသည် အပတ်တိုင်း အတူတကွစုဝေး၍ ဝတ်ပြုကိုးကွယ်ရမည်။
- လူသား၏ဝိညာဉ်အသက်တာအတွက် ဝိညာဉ်တော်၏ခွန်အားပေးခြင်းသည် အလိုအပ်ဆုံးသောအရာဖြစ်သည်။ ထိုအရာကို အစားထိုးနိုင်သောအရာမရှိပါ။
- ဤအရာသည် အဓိပ္ပါယ်ပြည့်ဝသောစုပေါင်းကိုးကွယ်ဝတ်ပြုချိန်များ၌သာ အပြည့်အဝဖြစ်ပေါ်လေ့ရှိသည်။


## ၂။ *ဓမ္မဆိုင်ရာအယူဝါဒစည်းလုံးညီညွတ်ခြင်း*
## Theological Coherence

**က။** ကျွန်ုပ်တို့နာဇရင်း(န်)အသင်းတော်၏ ကြွေးကြော်သံကို ပို၍ကြီးသောခရစ်ယာန်အသင်းတော်များအကြား၌ပင် ကြားသိစေရမည်။

- ဓမ္မအယူဝါဒ၌ ကျွန်ုပ်တို့သည် မည်သူမည်ဝါဖြစ်ကြောင်းကို ဤအရာက ဖော်ပြပေးပါသည်။
- ဤအရာသည် ကျွန်ုပ်တို့ အခိုင်အမာလက်ခံကြွေးကြော်သောအရာ၊ ကျွန်ုပ်တို့ကို လှုံ့ဆော်ပေးသောအရာ၊ ကျွန်ုပ်တို့၏ယုံကြည်ချက်များကို နေ့စဉ်လိုက်နာကျင့်ဆောင်သောအရာ ဖြစ်သည်။

**ခ။** အောက်ပါအချက်များသည် ဓမ္မဆိုင်ရာအယူဝါဒစည်းလုံးညီညွတ်ခြင်းအတွက် အခြေခံအရင်းအမြစ်များဖြစ်ကြသည်။

- **သမ္မာကျမ်းစာ။** ။သန့်ရှင်းသောသမ္မာကျမ်းစာသည် ခရစ်တော်ထဲ၌ရှိသော ကျွန်ုပ်တို့၏ အဖြစ်မှန်ကိုပုံဖော်ပေးရန် အရေးပါသော အခြေခံအုတ်မြစ်ဖြစ်သည်ဟု ကျွန်ုပ်တို့ယုံကြည်ကြပါသည်။
- **ခရစ်ယာန်ထုံးတမ်းစဉ်လာ။** ။ခရစ်ယာန်သမိုင်းတလျှောက် နှစ်ပေါင်း၂၀၀၀ ခန့်သက်တမ်းရှိသောအမျိုးမျိုး သောခရစ်ယာန်အစဉ်အလာများမှ စစ်မှန်သောသွန်သင်မှုများကို ကျွန်ုပ်တို့ တန်ဖိုးထားပါသည်။
- **ဆင်ခြင်ထုံတရား။** ။ဘုရားသခင်၏ဝိညာဉ်တော်သည် နားလည်နိုင်စွမ်းရှိသောစိတ်ကို ကျွန်ုပ်တို့အားပေး၍ ကျွန်ုပ်တို့၏အသိဉာဏ်အားဖြင့် အလုပ်လုပ်သည်ဟု ကျွန်ုပ်တို့ယုံကြည်ကြသည်။
- **ပုဂ္ဂိုလ်တစ်ဦးချင်းနှင့်ဆိုင်သောအတွေ့အကြုံ။** ။ဘုရားသခင်သည် ခရစ်တော်နောက်သို့လိုက်သောပုဂ္ဂိုလ်တစ်ဦးချင်း၏အသက်တာနှင့် လူစုများ၏အသက်တာအားဖြင့် အလုပ်လုပ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။




**ဓမ္မဆိုင်ရာအယူဝါဒစည်းလုံးညီညွတ်ခြင်းအတွက် အခြေခံအုပ်မြစ်**

၁။ အောက်ပါယုံကြည်ချက်များသည် ကျွန်ုပ်တို့အားဓမ္မဆိုင်ရာအယူဝါဒစည်းလုံးညီညွတ်မှုကိုပေးသောအရာများဖြစ်သည်။

- ကျွန်ုပ်တို့သည် ခရစ်ယာန်များဖြစ်ကြသည်။
- ယေရှုခရစ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်သည်ဟု ကျွန်ုပ်တို့ယုံကြည်သည်။
- ခရစ်တော်သည် သုံးပါးတစ်ဆူဘုရားမှ ဒုတိယမြောက်ပုဂ္ဂိုလ်ဖြစ်သည်ဟုကျွန်ုပ်တို့ အခိုင်အမာယုံကြည်ကြသည်။
- စစ်မှန်သောအယူဝါဒယုံကြည်မှုနှင့် ခရစ်ယာန်အသင်းတော်၏ထုံးတမ်းစဉ်လာများကို ကျွန်ုပ်တို့လက်ခံဆုပ်ကိုင်ထားကြ သည်။
- ကျွန်ုပ်တို့သည် Protestant များဖြစ်ကြသည်။
- ကယ်တင်ခြင်း၌ ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့်ဖြောင့်မတ်ရာသို့ ရောက်သည်ဟု ကျွန်ုပ်တို့ယုံကြည်ကြ သည်။
- သမ္မာကျမ်းစာ၏ အခွင့်အာဏာကို ကျွန်ုပ်တို့တန်ဖိုးထားကြသည်။
- ယုံကြည်သူအားလုံးသည် ယဇ်ပုရောဟိတ်ဖြစ်သည်ဟု ကျွန်ုပ်တို့ယုံကြည်ကြသည်။
- တရားဒေသနာဟောကြားခြင်းသည် ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်၏ ဗဟိုမဏ္ဍိုင်ဖြစ်သည်ဟု ကျွန်ုပ်တို့ယုံကြည်ကြသည်။ တရားဟောစင် (pulpit) ကို အသင်းတော် အဆောက်အဦး၏ အရှေ့ဘက်အလယ်ဗဟို၌ ထားကြသည်။
- ခရစ်တော်၏ခန္ဓာကိုယ်ထဲ၌ရှိသော ယုံကြည်သူအားလုံးထံသို့ သန့်ရှင်းသောဝိညာဉ်တော်၏ ဆုကျေးဇူးသက်ရောက်သည်ဟု ကျွန်ုပ်တို့ယုံကြည်ကြသည်။
- ကျွန်ုပ်တို့သည် ဧဝံဂေလိပြုခြင်းကိုအလေးထားသူများဖြစ်ကြသည်။
- အပြစ်ခွင့်လွှတ်ခြင်းနှင့် အကျင့်စာရိတ္တပြောင်းလဲ၍ ခရစ်တော်ကဲ့သို့ဖြစ်လာခြင်းအားဖြင့် ခရစ်တော်နှင့်မိဿဟာယဖွဲ့ ရခြင်းလိုအပ်သည်ဟု ကျွန်ုပ်တို့ယုံကြည်ကြသည်။ ထိုကဲ့သို့ ခရစ်တော်နှင့် လူတိုင်းမိဿဟာယဖွဲ့နိုင်ချေရှိသည်ဟု ကျွန်ုပ်တို့ ယုံကြည်ကြပါသည်။

- အသက်ရှင်နေထိုင်ပုံပြောင်းလဲခြင်းသည် ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို သက်သေပြသောအရာဖြစ်သည်ဟု ကျွန်ုပ်တို့ယုံ ကြည်ကြသည်။
- ကျွန်ုပ်တို့သည် ဝယ်စလီယာန်များဖြစ်ကြသည်။
- ဓမ္မအယူဝါဒ၏အခြေခံဖြစ်သော ဘုရားသခင်၏ အရေးပါသည့်သဘောသဘာဝကို ကျွန်ုပ်တို့ယုံကြည်ကြပါသည်။ ထိုအရာမှာ 'ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်၏' ဆိုသည့်သမ္မာတရားဝင်ဖြစ်သည် (၁ယောဟန် ၄း၈)။
- ဘုရားသခင်နှင့် အဓိပ္ပါယ်ပြည့်ဝသော ဆက်သွယ်မှုရရှိနိုင်ရန် လူများသည် လွတ်လပ်စွာရွေးချယ်ပိုင်ခွင့် (Free Will) ကိုအသုံးပြုကြသည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။
- ဘုရားသခင်သည် လူသားများထံ၌ ကျေးဇူးတော်နှင့်ကရုဏာတော်ကို အသုံးပြုသည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။
- ကနဦးကျေးဇူးတော် (PrevenientGrace) သည် လောကလူသားများအား အပြစ်ထဲသို့ နက်ရှိုင်းစွာ ကျံ့ကျမသွားစေရန် ကာကွယ်ပေးသည်။ လူသားများအား ဘုရားသခင်ထံသို့ ထိုကျေးဇူးတော်အားဖြင့် ပြန်လည်ခေါ်ဆောင်သည်ဟု ကျွန်ုပ်တို့ယုံကြည်ကြသည်။
- ဘုရားသခင်၏ ခေါ်တော်မူခြင်း၊ ရွေးနှုတ်ခြင်း၊ ကယ်တင်ခြင်း၊ သန့်ရှင်းစင်ကြယ်စေခြင်းနှင့် ပြည့်စုံလုံလောက်သော ကျေးဇူးတော်သည် လူသားများအား ဘုရားသခင်၏ သားဖြစ်ခြင်းအခွင့် ပေးသည်သာမက ခရစ်ယာန်အသက်တာ၌လည်း ဆက်လက်၍ အောင်မြင်ခြင်းအခွင့်ပေးသည်ဟု ကျွန်ုပ်တို့ယုံကြည်ကြသည်။
- ကျေးဇူးတော်သည် လူတစ်စုံတစ်ဦး၏ အသက်တာကို အပြစ်၏တန်ခိုးအောက်မှ လွတ်မြောက်စေနိုင်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ကြသည်။ ထိုကျေးဇူးတော်သည် ချစ်ခြင်းမေတ္တာနှင့်ပြည့်ဝသောစိတ်နှလုံးဖြင့် ဘုရားသခင်ကို နာခံသောသူတို့အား အပြစ်သားဘဝမှ ဘုရားသခင်၏သားသမီးအဖြစ်သို့ ပြောင်းလဲပေးသည်ဟု ကျွန်ုပ်တို့ ယုံကြည်ကြသည်။
- သန့်ရှင်းခြင်းနှင့် စင်ကြယ်ခြင်းသည် ခရစ်ယာန်အသက်တာ၌ အမှန်တကယ်ဖြစ်နိုင်သောအရာ ဖြစ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ကြသည်။
- သန့်ရှင်းသောဝိညာဉ်တော်၏ သက်သေခံခြင်းကို ကျွန်ုပ်တို့ ယုံကြည်ကြသည်။
- ဘုရားသခင်ပေးသော အပြစ်ခွင့်လွှတ်ခြင်းသည် အမှန်တကယ်စိတ်ချရသောအရာဖြစ်ပြီး ခရစ်တော်၏ အသွေးတော်သည် အတိတ်ကာလ၌ ပြုမိခဲ့သမျှသော အပြစ်များကို ဆက်လက်ဖုံးအုပ်ထားသည်သာမက နေ့စဉ်အသက်တာ၌ လည်းအောင်မြင်ခြင်းအခွင့်ပေးသည်ဟူသော စိတ်ချမှုအသိတရားကို သန့်ရှင်းသောဝိညာဉ်တော်၏ သက်သေခံအ တည်ပြုပေးခြင်းအားဖြင့် ရရှိနိုင်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ကြသည်။
- နေ့စဉ်နေ့တိုင်း ဘဝ၏ဆုံးဖြတ်ချက်များသည် ဘုရားသခင်အလိုရှိသောအရာများ ဖြစ်လာနိုင်ရန် သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြမှုလိုအပ်သည်ဟု ကျွန်ုပ်တို့ယုံကြည်ကြသည်။ ဘုရားသခင်၏ ဝိညာဉ်တော်သည် ဘုရားသခင်၏သား သမီးများအား လျင်မြန်စွာ တုံ့ပြန်ပြုလုပ်ရသောအရာများနှင့် စုံစမ်းမှုများကိုအသုံးပြု၍ လမ်းပြဦးဆောင်နိုင်သည်။ ထိုအရာများသည် ဘဝခရီးပန်းတိုင်ကို ပိုမိုထင်ရှားစွာ အထောက်အကူပေးနိုင်သည်။

**ဃ**။ သန့်ရှင်းသောအသက်တာ၌ သွင်ပြင်လက္ခဏာလေးခုရှိသည်ဟု ကျွန်ုပ်တို့ယုံကြည်ကြသည်။

- **ခရစ်တော်ကဲ့သို့ဖြစ်ခြင်း (Christ-likeness)** -ကျွန်ုပ်တို့အထဲ၌ ဘုရားသခင် အလုပ်လုပ်နိုင်ရန် မိမိကိုယ်ကိုဘုရား သခင်ထံ ဆက်ကပ်အပ်နှံပြီးလျှင် သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးအားဖြင့် နေ့စဉ်ကျွန်ုပ်တို့အသက်တာသည် ခရစ်တော်၏ ပုံသဏ္ဍာန်တော်ကဲ့သို့ပြောင်းလဲလာနိုင်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ကြသည်။ ထို့ကြောင့် ခရစ်တော်၌ သက်သာခြင်း၊ မေတ္တာနှင့်စပ်ဆိုင်သောချမ်းသာခြင်း၊ ဝိညာဉ်တော်နှင့်မိဿဟာယဖွဲ့ခြင်း၊ သနားစုံမက်ခြင်း တည်းဟူ သောအရာ တစ်စုံတစ်ခုရှိလျှင်၊ သင်တို့သည် အချင်းချင်းချစ်ကြ၍၊ စိတ်မကွဲပြားဘဲ တလုံးတဝတည်းကြံစည်ခြင်းနှင့် တကွ၊ သဘောတညီ တည္တတ်တည်းရှိသောအားဖြင့်၊ ငါ၏ဝမ်းမြောက်စရာအကြောင်းကို စုံလင်စေကြလော့ (ဖိလိပ္ပိ ၂း၁-၂)။

- **အသက်ရှင်နေထိုင်သည့်ပုံစံ (Lifestyle)-** ကျွန်ုပ်တို့အသက်ရှင်နေထိုင်သည့် ဤလောကကြီး၌ ဘုရားသခင်၏ လုပ်ငန်းတာဝန်များကို လုပ်ဆောင်ရန် သန့်ရှင်းသောရည်ရွယ်ချက်အတွက်ဘုရားသခင်သည် ကျွန်ုပ်တို့အား သီးသန့်ရွေးချယ်ထားသည်။ "ဤသူတို့ကို ဤလောကမှ နှုတ်ယူတော်မူမည်အကြောင်း အကျွန်ုပ်တောင်းသည် မဟုတ်ပါ။ မကောင်းသောမှုအရာနှင့်ကင်းလွတ်စေခြင်းငှာစောင့်မတော်မူမည်အကြောင်းကိုသာတောင်းပါ၏။ အကျွန်ုပ်သည် ဤလောကနှင့်မဆက်ဆံသကဲ့သို့ ဤသူတို့သည် မဆက်ဆံကြပါ။ ကိုယ်တော်၏ သမ္မတရားအားဖြင့် သူတို့ကို သန့်ရှင်းစေတော်မူပါ။ ကိုယ်တော်၏ နှုတ်ကပတ်တော်သည် သမ္မာတရားဖြစ်ပါ၏" (ရှင်ယောဟန်ခရစ်ဝင် ၁၇း၁၅-၁၇)။
- **စုံစမ်းသွေးဆောင်ခြင်းနှင့် ရွေးချယ်ရန်တန်ခိုး (Temptation and Power to Choose)** စာတန်၏ သွေး ဆောင်ခြင်း (သို့မဟုတ်) အသွေးအသား၏ ဆွဲလမ်းခြင်းများသို့ မလိုက်ဘဲ သန့်ရှင်းသောအသက်တာ ဖြင့် အသက်ရှင်နိုင်ရန် တတ်စွမ်းနိုင်သော ဘုရားသခင်၏တန်ခိုး ကျွန်ုပ်တို့၌ရှိသည်။ "ခေါ်တော်မူသောကြောင့် မျှော်လင့်ရသောအရာကား အဘယ်အရာဖြစ်သည်ကိုငှင်း၊ သန့်ရှင်းသူတို့သည်ခံရသောအမွေတော်၏ ဘုန်းစည်းစိမ်ကား အဘယ်မျှလောက်ကြီးသည်ကိုငှင်း၊ ယုံကြည်သောငါတို့၌ ပြတော်မူသော အလွန်ကြီးလှစွာသော တန်ခိုးတော်ကား အဘယ်မျှ လောက်ကြီးသည်ကိုငှင်း၊ သင်တို့သည် သိစေခြင်းငှာ၊ သင်တို့ဉာဏ်မျက်စိကို လင်းစေပါမည်အကြောင်း၊ ဆုတောင်းပဌနာပြု၏။ ထိုတန်ခိုးတော်ကား ခရစ်တော်ကို သေခြင်းမှထမြောက်စေတော်မူ၍ ခရစ်တော်၌ ပြုပြင်သော မဟာတန်ခိုးအာနုဘော်အရှိန်ကဲ့သို့ဖြစ်၏" (ဧဖက် ၁း၁၈-၂၀)။
- **ဝိညာဉ်တော်၏အသီး (Fruit of the Spirit)-**ဘုရားသခင်၏ ပြည့်စုံကြွယ်ဝသော ချစ်ခြင်းမေတ္တာကို ဖော်ပြသောအရာများမှာ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည် ခြင်းတို့ဖြစ်ကြသည်။ 'ချစ်ခြင်းမေတ္တာသည် ကြောက်ခြင်းသံဝေဂနှင့် မပေါင်းနိုင်ရာ။ 'သံဝေဂသည် ပူပန်ခြင်းဝေဒနာကို ဖြစ်စေသောကြောင့်၊ စုံလင်သောမေတ္တာသည် သံဝေဂ ကို ပယ်ရှားတတ်၏။ သံဝေဂရှိသောသူသည် မေတ္တာနှင့်မပြည့်စုံသေး" (၁ယောဟန် ၄း၁၈)။

**င**။ ကျွန်ုပ်တို့သည် အလယ်အလတ်လမ်းစဉ်ကို ယုံကြည်ကြသည်။ အစွန်းရောက်သော အရာများကို ရှောင်လွဲနိုင်ရန် ကျွန်ုပ်တို့ကြိုး စားကြသည်။ အစွန်းရောက်ဖြစ်နေသော အရာများကို ကျွန်ုပ်တို့ဦးစားမပေးဘဲ အလယ်အလတ်လမ်းစဉ်ကို လိုက်၍ တတ်နိုင်သမျှညီတူညီမျှဖြစ်စေရန် ကျွန်ုပ်တို့ကြိုးစားကြသည်။

## ၃။ ပြင်းပြသောဆန္ဒဖြင့်ဧဝံဂေလိပြုခြင်း
## Passionate Evangelism

ပြင်းပြသောဆန္ဒဖြင့် ဧဝံဂေလိပြုခြင်းသည် လူသားများပေါ်တွင်ထားရှိသော ခရစ်တော်၏ ချစ်ခြင်းမေတ္တာတော်နှင့် ကျေးဇူးတော်ကို ပြန်လည်တုံ့ပြန်ခြင်းဖြစ်သည်။ နာဇရင်း(န်)အသင်းတော်သည် ပြင်းပြသောဆန္ဒဖြင့် ဧဝံဂေလိပြုခြင်းကို အစပြုခဲ့သည်။ ဤအရာသည် ကျွန်ုပ်တို့ဖြစ်တည်ခြင်း၏နှလုံးသားဗဟိုချက်ဖြစ်သည်။ ဧဝံဂေလိပြုခြင်းကို ဖိတ်ခေါ်သည့်အနေဖြင့် နာဇရင်း(န်)အသင်းတော်၏ ပထမဦးဆုံးသော အထွေထွေစီမံခန့်ခွဲရေးမှူး Phineas Bresee သည် ဤသို့မိန့်ဆိုခဲ့သည်- 'ကျွန်ုပ်တို့လက်ခံရရှိသည့် ပမာဏအတိုင်း လူတိုင်းထံသို့ ဧဝံဂေလိသတင်းကောင်းကို ဝေငှရန်ကျွန်ုပ်တို့၌ အကြွေးတင်နေသည်'။ ခရစ်တော်၌ ကယ်တင်နိုင်သော ယုံကြည်ခြင်းကို ရှာဖွေတွေ့ရှိနိုင်ရန် လူသားများအားကူညီခြင်းကို ကျွန်ုပ်တို့သည် အလေးထား ဆောင်ရွက်ကြသည်။

**က**။ ပြင်းပြသောဆန္ဒဖြင့် ဧဝံဂေလိပြုခြင်းကို ခရစ်တော်ကိုယ်တိုင်ပုံဖော်ခဲ့သည်။

- 'ထိုသူတို့သည်ပင်ပန်းသည်ဖြစ်၍ ထိန်းသူမရှိဘဲပစ်ထားသော သိုးကဲ့သို့ ဖြစ်ကြ၏။ ထိုအခါ ကိုယ်တော်က စပါးရိတ်စရာ များစွာရှိ၏။ ရိတ်သောသူတို့သည်နည်းကြ၏။ ထို့ကြောင့်လုပ်ဆောင်သောသူတို့ကို စပါးရိတ်စေခြင်းငှာ စေလွှတ်တော်မူမည်အကြောင်း၊ စပါးရှင်ကိုဆုတောင်းကြလော့' ဟု တပည့်တော်တို့အား မိန့်တော်မူ၏။ (ရှင်မဿဲ ၉း၃၆-၃၈)။

- 'ယခုမှစ၍ လေးလလွန်လျှင်၊ စပါးရိတ်ရာကာလဖြစ်လိမ့်မည်ဟု သင်တို့ဆိုတတ်သည် မဟုတ်လော။ ငါဆိုသည်ကား၊ စပါးရိတ်ခြင်းအလိုငှာ လယ်ပြင်တို့သည် ယခုပင် ဝင်းဝင်းရှိသည်ကို မျှော်၍ကြည့်ကြလော (ရှင်ယောဟန်၄း၃၅)။

ခ။ ပြင်းပြသောဆန္ဒဖြင့် ဧဝံဂေလိပြုရန် ခရစ်တော်ကိုယ်တိုင်မိန့်တော်မူခဲ့သည်။
- 'သင်တို့သည် လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍၊ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကို ဟောကြ လော' (ရှင်မာကု ၁၆း၁၅)။
- 'ဤသို့ကျမ်းစာလာ၏။ ဤသို့ခရစ်တော်သည် အသေခံ၍သုံးရက်မြောက်သောနေ့ရက်၌ သေခြင်းမှထမြောက်ရမည်။ ခရစ်တော်၏ အခွင့်အားဖြင့် နောင်တတရားနှင့် အပြစ်လွှတ်ခြင်းတရားကို ယေရုစလင်မြို့မှစသော လူမျိုးတကာတို့အား ဟောပြောရမည်' (ရှင်လုကာ ၂၄း၄၆-၄၇)။

ဂ။ ပြင်းပြသောဆန္ဒဖြင့် ဧဝံဂေလိပြုခြင်းကို ခရစ်တော်ကိုယ်တိုင် အခွင့်ပေးခဲ့သည်။
- 'လူမျိုးအပေါင်းတို့အား သက်သေဖြစ်မည်အကြောင်း နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို လောကီနိုင်ငံ အရပ်ရပ်ရှိသမျှတို့၌ ဟောရလိမ့်မည်။ သို့ပြီးမှ အဆုံးသည် ဖြစ်လတ့်'။ (ရှင်မဿဲ ၂၄း၁၄)။
- 'သူခိုးသည် ခိုးခြင်း၊ သတ်ခြင်း၊ ဖြတ်ခြင်းငှာသာ လာတတ်၏။ ငါမူကား သိုးတို့သည် အသက်လွှတ်ယုံမျှမက၊ အထူးသဖြင့် အသက်နှင့်ပြည့်စုံစေခြင်းငှာ လာသတည်း'။ (ရှင်ယောဟန် ၁၀း၁၀)။

ဃ။ ပြင်းပြသောဆန္ဒဖြင့် ဧဝံဂေလိပြုခြင်းကို သန့်ရှင်းသောဝိညာဉ်တော်ကိုယ်တိုင် လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းခဲ့သည်။
- သန့်ရှင်းသောဝိညာဉ်တော်သည် တစ်ဦးချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း၊ သန့်ရှင်းစွာ နေထိုင်ရန် ကျွန်ုပ်တို့ကို အခွင့်အာဏာပေးအပ်ထားသည်။ ထိုသန့်ရှင်းစင်ကြယ်ခြင်းကို သက်သေခံနိုင်သော အခွင့်အာဏာကိုလည်း ကျွန်ုပ်တို့အား ပေးထားပါသည်။
- 'ထိုသို့မရှိသော်လည်း၊ သင်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော် ဆင်းသက်သောအခါ သင်တို့သည်တန်ခိုးကိုခံရ၍ ယေရုစလင်မြို့မှစသော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏သက်သေဖြစ်ကြလိမ့်မည်ဟု မိန့်တော်မူ၏' (တမန်တော်ဝတ္ထု ၁း၈)။

င။ ပြင်းပြသောဆန္ဒဖြင့် ဧဝံဂေလိပြုခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ အသီးဖြစ်သည်။
- ကျွန်ုပ်တို့ထဲ၌ သန့်ရှင်းသောဝိညာဉ်တော်ရှိကြောင်း ထင်ရှားသည်။ ၎င်းဝိညာဉ်တော်၏ အသီးအပွင့်များကို ထင်ရှားစွာ တွေ့ရသည်။
- 'ဝိညာဉ်ပကတိ၏ အကျိုးမူကား၊ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်း ပေတည်း။ ထိုသို့သော အကျင့်ကို အဘယ်တရားမျှ မမြစ်တား။ ခရစ်တော်နှင့် စပ်ဆိုင်သောသူတို့သည် ဇာတိပကတိကို၎င်း၊ ဇာတိပကတိ စိတ်များနှင့် အလိုဆန္ဒများကို၎င်း၊ လက်ဝါးကပ်တိုင်မှာ ရိုက်ထားကြပြီ။ သို့ဖြစ်၍ ငါတို့သည် ဝိညာဉ်ပကတိကြောင့် အသက်ရှင်ရလျှင် ဝိညာဉ်ပကတိအတိုင်း ကျင့်ကြကုန်အံ့ (ဂလာတိ ၅း၂၂-၂၅)။

စ။ ပြင်းပြသောဆန္ဒဖြင့် ဧဝံဂေလိပြုခြင်းသည် ယုံကြည်သူပုဂ္ဂိုလ်တစ်ဦးချင်းကိုသော်လည်းကောင်း၊ အသင်းတော်ကိုသော်လည်း ကောင်း၊ အသစ်သောအသက်တာနှင့် ခွန်အားသစ်ကို ပေးပါသည်။
- 'လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါ ဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ခပ် သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ'။ (၂ကော ၅း၁၇)။
- 'ကယ်တင်ခြင်းသို့ရောက်သောသူတို့ကိုလည်း နေ့စဉ်မပြတ် သခင်ဘုရားသည်သင်းဝင်ဖြစ်စေတော်မူ၏။' (တမန်တော်ဝတ္ထု ၂း၄၇)။

**ဆ။** ပြင်းပြသောဆန္ဒဖြင့် ဧဝံဂေလိပြုခြင်းသည် ယေရှုထံ၌ ကျွန်ုပ်တို့၏နာခံခြင်းကို ဖော်ပြခြင်းတစ်ခု ဖြစ်သည်။

- ရှင်ပေါလု၏ အသက်တာသည် လူကိုပြောင်းလဲစေနိုင်သောသတင်းကောင်း၏ တန်ခိုးတော်ကို သက်သေပြသည့် ငြင်းဆန်၍မရနိုင်သော ထင်ရှားသည့်သက်သေတစ်ခု ဖြစ်သည်။
- သူ၏သက်သေခံချက်တစ်ခု၌ တမန်တော်ရှင်ပေါလုက ဤသို့ဆိုခဲ့သည်-'ဟေလသလူဖြစ်စေ၊ လူရိုင်းဖြစ်စေ၊ ပညာရှိဖြစ်စေ၊ ပညာမဲ့ဖြစ်စေ၊ လူအမျိုးမျိုးတို့၏ အကြွေးသည် ငါ၌တင်လျက်ရှိ၏။ သို့ဖြစ်လျှင် ငါတတ်နိုင်သမျှအတိုင်း ရောမမြို့သားဖြစ်သော သင်တို့အား ဧဝံဂေလိတရားကိုဟောခြင်းငှာ စေတနာစိတ်ရှိ၏။ ငါသည် ခရစ်တော်၏ ဧဝံဂေလိတရားကြောင့် ရှက်ကြောက်ခြင်းမရှိ။ အကြောင်းမူကား ထိုအရာသည် ရှေးဦးစွာ၌ ယုဒလူ၊ နောက်၌ ဟေလသလူ၊ ယုံကြည်သမျှသောသူအပေါင်း တို့ကို ကယ်တင်စေသောဘုရားသခင်၏ တန်ခိုးတော်ဖြစ်၏။ (ရောမ ၁း၁၄-၁၆)။

**ဇ။** ခရစ်တော်အတွက် ဆန္ဒပြင်းပြခြင်းသည် မဟာစေခိုင်းချက်ကို လုပ်ဆောင်နိုင်ရန် လိုအပ်သော အဓိကအချက်တစ်ခု ဖြစ်သည် (ရှင်မဿဲ ၂၈း၁၉-၂၀)။ ကျွန်ုပ်တို့၏ သင်ကြားလေ့ကျင့်ပေးခြင်းနှင့် ပြုပြင်ပေးခြင်းအားဖြင့်-

- လူတိုင်း ခရစ်တော်ကို သိသင့်သည်။
- နည်းပညာ (သို့မဟုတ်) နည်းစနစ်ပိုင်း၌ အငယ်ဆုံးသောဆုကျေးဇူးကို ရရှိသောသူပင်လျှင် စိတ်ဓါတ်ခိုင်မာစွာ ခရစ်တော်၏ အကြောင်းကို ဝေငှလိုသော ပြင်းပြသည့်ဆန္ဒဖြင့် ခရစ်တော်၏ မဟာစေခိုင်းချက်ကို တုံ့ပြန်သင့်သည်။

**ဈ။** ပြင်းပြသောဆန္ဒဖြင့် ဧဝံဂေလိပြုခြင်းသည် ကယ်တင်ခြင်းသတင်းကောင်းကို အခြားသူများထံ ဝေငှဟောပြောရန် ကျွန်ုပ် တို့အား စေခိုင်းသော ဘုရားသခင်၏ နှုတ်ကပတ်တော်အား ကိုးစားရန် ကျွန်ုပ်တို့အား ဖိတ်ခေါ်နေပါသည်။

- ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကို ယုံကြည်ခြင်းဖြင့် လေ့လာသင်ယူကြသည်။ ထို့နောက် သမ္မာကျမ်းစာ၏ သွင်သင်ချက်ကို အခြားသူများထံ ဝေငှဟောပြောကြသည်။
- ဧဝံဂေလိသတင်းကောင်း၏ တန်ခိုးတော်သည် ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်ရန် လိုအပ်နေသောလူများ၏ စိတ်နှလုံးကို တို့ထိသည်။

**ည။** ပြင်းပြသည့်ဆန္ဒဖြင့် ဧဝံဂေလိပြုခြင်းသည် ခရစ်တော်ကို ပိုမိုပြည့်စုံစွာ သိရှိနားလည်စေရန် ကျွန်ုပ်တို့အား တိုက်တွန်း အားပေးသည်။

- ပြင်းပြသည့်ဆန္ဒဖြင့် ဧဝံဂေလိပြုခြင်းသည် ကျွန်ုပ်တို့၏ အသက်ရှင်နေထိုင်သည့်ပုံစံကို မြင်သာစေသည်။ ဧဝံဂေလိပြုခြင်းအတွက် ထားရှိသော ကျွန်ုပ်တို့၏ ဆန္ဒပြင်းပြမှုသည် ကျွန်ုပ်တို့၏ ဘဝအတွက်ထားရှိသော အခြားဆန္ဒများထက် ပိုမိုကြီးမားသည်။ ကျွန်ုပ်တို့သည် ဧဝံဂေလိပြုခြင်းကို သာ၍ရွေးချယ်ကြသည်။
- ပြင်းပြသည့်ဆန္ဒဖြင့် ဧဝံဂေလိပြုခြင်းသည် ကျွန်ုပ်တို့သိရှိသည့်အရာများကို မှန်ကန်ကြောင်း ထင်ရှားစေသည်။ ခရစ်တော်ကိုယ်တိုင် ကျန်မာစေသည့် မျက်မမြင်တစ်ယောက်က ဤသို့ ရိုးရှင်းစွာဆိုခဲ့သည်-'အကျွန်ုပ်သည် အထက်က မျက်စိကန်း၍ ယခုမျက်စိမြင်သည့်အကြောင်းတစ်ခုကို အကျွန်ုပ်သိသည်'။ (ရှင်ယောဟန် ၉း၂၅)။
- ကျွန်ုပ်တို့ရရှိသည်ဤအခွင့်အရေးအတွက်ဝမ်းမြောက်သင့်ကြောင်း ထင်ရှားစေသည်။ 'သင်တို့သည်အဘိုးမပေးဘဲ ကျေးဇူးတော်ကို ခံရကြသည်ဖြစ်၍ အဘိုးမခံဘဲ ပေးကမ်းကြလော့'။ (ရှင်မဿဲ ၁၀း၈(ခ))။

**ဋ။** ပြင်းပြသည့်ဆန္ဒဖြင့် ဧဝံဂေလိပြုခြင်းသည် အခြားသူများအား တပည့်တော်ဖြစ်စေရန် ကျွန်ုပ်တို့ကိုနိုးဆော်သည်-

- ဘဝခရီးတစ်လျှောက်လုံး၌ ကျွန်ုပ်တို့သည် အခြားသူများအား ကျွန်ုပ်တို့၏ ယုံကြည်ခြင်းခြေလှမ်းများကို ဝေငှ၍ ကျွန်ုပ်တို့သိသောသူများနှင့် မသိသောသူများကို လွှမ်းမိုးနိုင်ရန် ကြိုးစားကြသည်။
- ခရစ်တော်၏ နောက်လိုက်တစ်ဦးတစ်ယောက်တိုင်းသည် ဘုရားသခင်နှင့် မိမိ၏ဆက်နွယ်မှုကို မိမိကိုယ်တွေ့သက်သေခံချက်တစ်ခုအဖြစ် အခြားသူများထံ ဝေငှသက်သေခံလိုသည့် ဆန္ဒရှိရမည်။

**ပ။** ပြင်းပြသည့်ဆန္ဒဖြင့် ဧဝံဂေလိပြုခြင်းသည် ကျွန်ုပ်တို့၏ တီထွင်မှုစွမ်းရည်ကို အသက်သွင်းပေးသည်။-

- ကိရိယာတန်ဆာပလာများ-ဧဝံဂေလိပြုခြင်း၌ အသုံးဝင်သောတန်ဆာပလာအချို့မှာ ခရစ်တော်၏သက်တော်စဉ်၊ Evangeball နှင့် Evangecube တို့ ဖြစ်ကြသည်။
- နည်းလမ်းများ-နည်းလမ်းများစွာရှိနိုင်သော်လည်း ဟောပြောရမည့်သတင်းကောင်းတစ်ခုသာ ရှိသည်။
- နည်းဗျူဟာများ- လူထုထံဧဝံဂေလိပြုခြင်း၊ မိတ်ဆွေများထံဧဝံဂေလိပြုခြင်း၊ ပုဂ္ဂိုလ်တစ်ဦးချင်းထံတွင် ဧဝံဂေလိပြုခြင်း၊ အုပ်စုငယ်များဖွဲ့၍ ဧဝံဂေလိပြုခြင်း၊ မြို့ပြဧဝံဂေလိသာသနာ၊ အခြားသောနည်းဗျူဟာများ။

## ကျွန်ုပ်တို့လက်ခံရရှိသည့်ပမာဏအတိုင်း လူတိုင်းထံသို့ ဧဝံဂေလိသတင်းကောင်းကို ဝေငှရန် ကျွန်ုပ်တို့၌ အကြွေးတင်လျှက်ရှိသည်။

### ၄။ *ရည်ရွယ်ချက်ရှိသော တပည့်တော်ဖြစ်စေခြင်း* **Intentional Discipleship**

**က။** ရည်ရွယ်ချက်ဖြင့်တပည့်တော်များမွေးထုတ်ရန် ခရစ်တော်သည် အသင်းတော်ကို ခေါ်တော်မူခဲ့သည်။

- 'သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏ နာမ၌ ဗတ္တိဇံကို ပေးကြလော့။ ငါသည် သင်တို့အား ပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှာ ဆုံးမသြဝါဒ ပေးကြလော့။ ငါသည်လည်းကပ်ကမ္ဘာကုန်သည့်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ်ရှိသည်ဟု တပည့်တော်တို့အား မိန့်တော်မူ၏'။ (ရှင်မဿဲ ၂၈း၁၉-၂၀)။
- ခရစ်တော်ကဲ့သို့သော တပည့်တော်များဆိုသည်မှာ ခရစ်တော်၌ ရင့်ကျက်ပြီး ခရစ်တော်ကဲ့သို့ ကျင့်ကြံပြုမူသော ခရစ်တော်ထဲ၌ရှိသည့် လူများကို ဆိုလိုသည်။ ထိုသူတို့သည် မိမိတို့ကိုယ်ကို ငြင်းပယ်၍ ဘုရားသခင်ကို စိတ်နှလုံး အကြွင်းမဲ့၊ ဉာဏ်ရှိသမျှ၊ အစွမ်းသတ္တိရှိသမျှတို့နှင့် ချစ်၍ ဘုရားသခင်ကို အကြွင်းမဲ့နာခံကြသည် (ရှင်မာကု၁၂း၃၀၊ ရှင်ယောဟန် ၁၅၊ ရှင်လုကာ ၉)။
- ရည်ရွယ်ချက်ရှိသော တပည့်တော်ဖြစ်စေခြင်းဆိုသည်မှာ အခြားသူများအား ခရစ်တော်ကို နာခံမှုရှိ၍ အကျွမ်းတဝင်ရှိသောဆက်နွယ်မှုကို တိုးတတ်စေရန် ကူညီမစခြင်းကို ဆိုလိုသည်။ ဤဆက်နွယ်မှု၌ ခရစ်တော်၏ ဝိညာဉ်သည် ယုံကြည်သူများ၏ အကျင့်အကြံအပြုအမူများကို ခရစ်တော်ကဲ့သို့ ဖြစ်လာရန် ပြောင်းလဲစေပြီး မိမိတို့မိသားစု များ၌သော်လည်းကောင်း၊ အသင်းတော်များ၌သော်လည်းကောင်း၊ ဤလောက၌သော်လည်းကောင်း၊ အခြားသူများအား ပြုစုပျိုးထောင်ကူညီခြင်းတည်းဟူသော ခရစ်တော်၏သာသနာ၌ ပါဝင်စေသည်။

**ခ။** ကျွန်ုပ်တို့သည် တပည့်တော်ဖြစ်စေခြင်းသာသနာကို လူတစ်ဦးချင်းစီအား ခရစ်တော်နှင့် ဆက်နွယ်မှုရှိစေခြင်းအားဖြင့် အစပြုကြသည်။

- ကျေးဇူးတော်အားဖြင့် ခရစ်တော်၌ ယုံကြည်ခြင်း၊ အပြစ်ဝန်ချခြင်းနှင့် အပြစ်ခွင့်လွှတ်ခြင်းစသည့် ယုံကြည်ခြင်းခရီး စဉ်၏ အစဖြစ်သည်။
- ခရစ်တော်၌ရှိသော ဤယုံကြည်သူလူသစ်များသည် အသစ်ပြုပြင်ခြင်းခံရသော သတ္တဝါများဖြစ်ပြီး ဘုရားသခင်၏ မိသားစုဝင်များ ဖြစ်ကြသည်။
- အသစ်ပြုပြင်ခြင်းသည် ပြောင်းလဲသောနှလုံးသားနှင့် အသက်ရှင်နေထိုင်မှုများကို မွေးထုတ်ပေးသည်။ ထိုအရာ များသည် ဘုရားသခင်၏ ကျေးဇူးတော်ကို အတည်ပြုပေးသော သက်သေခံချက်များဖြစ်သည်။
- ကျွန်ုပ်တို့သည် ဤယုံကြည်သူလူသစ်များကို ယုံကြည်ခြင်းအသိုင်းအဝိုင်းထဲသို့ ဆွဲခေါ်၍ ပြုစုပျိုးထောင်ကြသည်။ မိမိတို့၏ ကောင်းကျိုးအတွက်သာ ကယ်တင်ခံရခြင်းမဟုတ်ဘဲ မိမိတို့လွှမ်းမိုးပိုင်သော သူများအား ခရစ်တော်ထံသို့ဆွဲခေါ် ရန်ကယ်တင်ခံရခြင်းဖြစ်သည်ဟု ထိုသူတို့ကို ကျွန်ုပ်တို့ အစကနဦးမှ သင်ပေးကြသည်။ ထိုသို့ဖြင့်ထိုသူတို့သည်

အခြားသူများအား ခရစ်တော်၏ တပည့်တော်ဖြစ်စေနိုင်သော လူများကိုမွေးထုတ်ပေးသည့် တပည့်တော်ဖြစ်စေသူများ (Disciple-makers) ဖြစ်လာကြသည်။

- တပည့်တော်ဖြစ်စေခြင်း၌ တစ်စုံတစ်ဦးအား ခရစ်တော်နှင့် သာ၍နီးကပ်စေရန် ကူညီမစပေးခြင်းလည်း ပါဝင်ပါသည်။

ဂ။ ကျွန်ုပ်တို့သည် ခရစ်တော်ကဲ့သို့သော တပည့်တော်များကို တရားဟောခြင်းအားဖြင့် ရည်ရွယ်ချက်ရှိရှိ တိုးတတ်စေကြသည်။

- ကျွန်ုပ်တို့၏ သင်းအုပ်ဆရာများသည် ခရစ်တော်၌ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို တိုးပွားစေနိုင်သော ညွှန်ကြားချက်ပါရှိသော တရားဒေသနာများကို ဟောပြောကြသည်။
- ကျွန်ုပ်တို့၏ သင်းအုပ်ဆရာများသည် ယုံကြည်သူများကို တည်ဆောက်စေသည့်တရားဒေသနာများ၊ သမ္မာကျမ်းစာကို အခြေခံသော တရားဒေသများနှင့် သမ္မာကျမ်းစာကို ပိုမိုဆာလောင်စေသည့် ဒေသနာများကို ဟောကြသည်။
- ကျွန်ုပ်တို့၏ သင်းအုပ်ဆရာများသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို တပည့်တော်ဖြစ်စေခြင်းလုပ်ငန်း၏ အခြေခံအုတ်မြစ်အဖြစ် မှတ်ယူကြသည်။
- ကျွန်ုပ်တို့၏ သင်းအုပ်ဆရာများသည် အသင်းသူအသင်းသားများအား သမ္မာကျမ်းစာလေ့လာနည်းများနှင့် အသက်တာ၌ လက်တွေ့အသုံးချနည်းများကို သင်ကြားပေးကြသည်။
- ကျွန်ုပ်တို့၏ သင်းအုပ်ဆရာများသည် ချိန်ခွင်လျှာညီမျှသော ဝိညာဉ်အစာတရားဒေသနာများကို အသင်းသူအသင်းသားများအား တစ်နှစ်တာလုံးဟောကြားရန် ကြိုးစားကြသည်။
- ကျွန်ုပ်တို့၏ သင်းအုပ်ဆရာများသည်ယုံကြည်သူများ၏ မျှတညီမျှသည့် အပြုအမူ၊ အကျင့်အကြံများဖြင့် ခရစ်တော်ကဲ့သို့သော တပည့်တော်များဖြစ်လာစေရန် ဘုရားသခင်၏ သန့်ရှင်းသောဝိညာဉ်တော်ကို မှီခိုအားထားကြသည်။
- ယေရှုသည် လူထုကို ဒေသနာဟောကြားခဲ့ပြီး အထူးသဖြင့် မိမိ၏တပည့်တော်များကို အုပ်စုငယ်အသွင်ဖြင့် နှုတ်ကပတ်တော်ကို အထူးသင်ကြားပေးခဲ့သည်။
- တရားနာကြသော လူများ ပိုမိုနားလည်သဘောပေါက်နိုင်ရန် ခရစ်တော်သည် ပုံဥပမာများကို အသုံးပြု၍ တရားဟောခဲ့သည်။ (ရှင်မာကု ၄း၃၄)။

ဃ။ ကျွန်ုပ်တို့သည် ခရစ်တော်ကဲ့သို့သော တပည့်တော်များအား ကြီးထွားရန်ပြုစုပျိုးထောင်ပေးသည့် Sunday School အတန်းများကို မြှင့်တင်ပေးကြသည်။

- ကျွန်ုပ်တို့၏ SundaySchool ဆရာ/မများသည် သမ္မာကျမ်းစာ အနက်ဖွင့်ခြင်းနှင့် လက်တွေ့အသုံးချခြင်းများဖြင့် ခရစ်တော်ကဲ့သို့သော တပည့်တော်များ မွေးထုတ်ခြင်းကို ရည်ရွယ်သည့် သင်ခန်းစာများကို သင်ကြားပေးကြသည်။
- ကျွန်ုပ်တို့၏ Sunday School ဆရာ/မများသည် စာသင်ခန်းပြင်ပ၌ ယုံကြည်သူ လူငယ်များမေးလေ့ရှိသည့် ခရစ်ယာန်ယုံကြည်ခြင်းနှင့် သက်ဆိုင်သောမေးခွန်းများကို ဖြေကြားပေးရန် အသင့်ရှိနေပြီး ဘုရားသခင်၏ကျေးဇူးတော်ထဲ၌ ကြီးထွားရင့်ကျက်လာရန် သူတို့အား တိုက်တွန်းနိုးဆော်ကြပါသည်။
- ကျွန်ုပ်တို့၏ Sunday School သင်ကြားခြင်းဌာနသည် ကလေးအရွယ်မှ လူကြီးများအထိ သမ္မာကျမ်းစာသင်ခန်းစာများကို သင်ကြားပေးသည်။ သမ္မာကျမ်းစာတစ်ခုလုံးကိုခြုံငုံ၍ သမ္မာကျမ်းစာ၏သွင်သင်ချက်များကို သင်ကြားပေးသည်။ 'သူငယ်သွားရာလမ်းဝ၌ ဆုံးမသွန်သင်လော့။ သို့ပြုလျှင် သူသည် အိုသောအခါ ထိုလမ်းမှမလွဲ လိုက်သွားလိမ့်မည်'။ (သုတ္တံကျမ်း ၂၂း၆)။

င။ ကျွန်ုပ်တို့သည် တာဝန်ယူမှုကို လှုံ့ဆော်ပေးသောအုပ်စုငယ်ဖွဲ့၍ သမ္မာကျမ်းစာလေ့လာခြင်းကို တိုးမြှင့်ပေးကြသည်။

- အုပ်စုငယ်ဖွဲ့၍ သမ္မာကျမ်းစာလေ့လာခြင်းသည် ယုံကြည်သူ လူသစ်များနှင့် ယုံကြည်ခြင်း၌ ရင့်ကျက်သောသူများအား အဖွဲ့လိုက်သော်လည်းကောင်း၊ တစ်ဦးချင်းသော်လည်းကောင်း တာဝန်ယူမှုကို သိနားလည်စေသည်။
- အုပ်စုငယ်များဖွဲ့ခြင်းဖြင့်တစ်ဦးနှင့်တစ်ဦးအကြား၌ ခိုင်မာသောဆက်နွယ်မှုများကို တိုးပွားစေသည်။

- ဤအုပ်စုငယ်များသည် အမျိုးမျိုးသော သမ္မာကျမ်းစာသင်ခန်းစာများကိုပေးနိုင်သည်သာမက အပြန်အလှန် လူမှုဆက်ဆံရေးကိုလည်း တိုးမြင့်စေသည်။ ထိုအရာများသည် ကျေးဇူးတော်၌ ကြီးထွားရင့်ကျက်လာရန် မရှိမဖြစ်လိုအပ်သောအရာ များဖြစ်သည်။
- အုပ်စုငယ်များဖွဲ့၍ သမ္မာကျမ်းစာလေ့လာခြင်းဖြင့် ယုံကြည်သူများ၏ အသက်တာကိုတလုံးတဝဖြစ်စေပြီး တနင်္ဂနွေနေ့မဟုတ်သော နေ့ရက်များ၌လည်း အပြန်အလှန်ကူညီမစပေးရန် အထောက်အကူ ဖြစ်စေသည်။

**စ။** ကျွန်ုပ်တို့သည် ကောင်းမွန်စွာစီမံထားသော အသင်းတော်၏ အစီအစဉ်ဖြင့် ခရစ်တော်ကဲ့သို့သော တပည့်တော်များ၏ ဝိညာဉ်ရေးရာ ကြီးထွားမှုကို ခွန်အားပေးနိုးဆော်ကြသည်။
- သမ္မာကျမ်းစာပဟေဠိအစီအစဉ်များ (Bible quizzing programs)။
- ကလေးများသာသနာလုပ်ငန်း (Caravan Children’s Ministry)။
- အားလပ်ရက် သမ္မာကျမ်းစာသင်တန်းများ (Vacation Bible Schools)။
- ခရစ်စမတ်နှင့် ရှင်ပြန်ထမြောက်ခြင်းနေ့၌ ဧဝံဂေလိခရီးထွက်ခြင်း အစီအစဉ်များ။
- ကရုဏာထား၍ဆင်းရဲချို့တဲ့သူများအားကူညီခြင်း သာသနာလုပ်ငန်းများ။
- အခြားသူများအား တပည့်တော်ဖြစ်စေခြင်း သာသနာ။
- အမျိုးသားများသာသနာ၊ အမျိုးသမီးများသာသနာ၊ သက်ကြီးရွယ်အိုမင်းသူများအား ကူညီခြင်း၊ အထူးလိုအပ်နေသူ များအား ကူညီခြင်း၊ အားကစားသာသနာနှင့် အခြားသောသာသနာများသည် ခရစ်တော်နှင့် အသင်းတော် ဆက်နွယ် မှုကို လူများအား နားလည်စေသောအရာများ ဖြစ်သည်။

**ဆ။** ကျွန်ုပ်တို့သည် မိမိတို့၏ ယုံကြည်ခြင်း ကြီးထွားစေနိုင်သောနည်းလမ်းများကို အသုံးပြုကြရန် ယုံကြည်သူများကို တိုက် တွန်းကြသည်။
- သမ္မာကျမ်းစာလေ့လာခြင်းအတွက် အထောက်အကူဖြစ်စေသော ကျမ်းညွှန်းများပါသည့် သမ္မကျမ်းစာကိုဖတ်ရှုပါ။ သမ္မကျမ်းစာကို အသံဖိုင် (audio files) များဖြင့် နားဆင်ပါ။
- နေ့စဉ် ဆုတောင်းပါ။
- ခရစ်ယာန်တေးသီချင်းများကို နားဆင်ပါ။
- ခရစ်ယာန်စာပေများကို ဖတ်ရှုပါ။
- ခရစ်တော်ကဲ့သို့ ဖြစ်လာစေရန် သင့်အတွက် နေ့စဉ်ဆုတောင်းပေးနိုင်သော ယုံကြည်အားထားရသည့် မိတ်ဆွေတစ်ဦး ရှာဖွေပါ။
- သင့်ကို အလွန်ချစ်၍ သင့်အား ခက်ခဲသည့် မေးခွန်းများကို မေးတတ်သော ယုံကြည်အားထားရသည့် မိတ်ဆွေတစ်ဦး ရှာဖွေပါ။
- သင့်အသက်တာ၌ ဘုရားသခင်ပြုလုပ်ခဲ့သောအရာများကို အခြားသူများထံ ပုံမှန်ဝေငှပါ။ ထိုသို့ဝေငှခြင်းကို ပုံမှန်လုပ် နေကြအကျင့်တစ်ခုအဖြစ် မှတ်ယူပါ။ တိုးတတ်စေပါ။

**ဇ။** ကျွန်ုပ်တို့သည် ကျွန်ုပ်တို့နှင့် ဘုရားသခင်အတူရှိခြင်းကို နေ့စဉ်ရှာဖွေသိရှိနိုင်ရန် ယုံကြည်သူကို တိုက်တွန်းကြသည်။
- ခရစ်ယာန်အသက်တာသည် ကျွန်ုပ်တို့၏ ကယ်တင်ရှင်သခင်ယေရှုခရစ်တော်နှင့် နီးကပ်သောပုဂ္ဂိုလ်ချင်း ဆက်နွယ်မှု ဖြစ်သည်ဟု ကျွန်ုပ်တို့ သတ်မှတ်ထားကြသည်။
- ရည်ရွယ်ချက်ရှိသော တပည့်တော်များသည် ခရစ်တော်နှင့်အတူ မိမိတို့၏ အချိန်ကိုအသုံးပြုခြင်းအားဖြင့် ခရစ်တော်၏ ပုံသဏ္ဍာန်၌ အကောင်းဆုံး ကြီးထွားကြသည်။
- ထို့ကြောင့် ကျွန်ုပ်တို့သည် ခရစ်တော်၏အသံကို နေ့စဉ်နားထောင်ကြသည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏ နှုတ်ကပတ် တော်ကို နေ့စဉ် ခံယူကြသည်။ ကျွန်ုပ်တို့သည် ခရစ်တော် ကျွန်ုပ်တို့နှင့် အတူရှိခြင်းကို နေ့စဉ်ခံစားကြသည်။

- ခရစ်တော်နှင့်တူသော တပည့်တော်များသည် ကြီးမားသောရည်ရွယ်ချက်ဖြင့် ခရစ်တော်ကို ရှာဖွေကြပြီး သူတို့၏ ပတ်ဝန်းကျင်ရှိလူများထံ ခရစ်တော်၏ အကြောင်းကို ဝေငှကြသည်။ ဆုတောင်းခြင်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဖတ်ရှုလေ့လာခြင်းနှင့် ခရစ်တော်နှင့် ပိုမို တူညီလာစေရန် တစ်ဦးကိုတစ်ဦး ရည်ရွယ်ချက်ရှိရှိ ကူညီဖေးမခြင်းသည် အသင်းတော်ထဲ၌ ထက်မြတ်သော တပည့်တော်ဖြစ်စေခြင်းရှိနေကြောင်းကို ထင်ရှားစေသော လက္ခဏာများ ဖြစ်ကြသည်။

**ဈ။** ကျွန်ုပ်တို့သည် တပည့်တော်များအား အခြားသူများကို ကြီးမားသောရည်ရွယ်ချက်ဖြင့် တပည့်တော်ဖြစ်စေရန် တိုက်တွန်းကြသည်။

- သာသနာပြုရန် စေလွှတ်နိုင်သည်။ ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့အတွက် ဘုရားသခင်ချပေးသော ရူပါရုံကို ရှာဖွေတွေ့ ရှိပြီး နာခံလိုက်နာရန် လိုအပ်သည်။
- မာကေဒေါနိပြည်သို့ လာရန် ရပ်လျက်တောင်းပန်နေသော မာကေဒေါနိ လူတစ်ဦးကို ရူပါရုံ၌ ရှင်ပေါလု တွေ့မြင်ခဲ့သည်။ ဤသူသည် ရှင်ပေါလုထက် အဆင့်နိမ့်သော သူမဟုတ်ပေ။ ကျွန်ုပ်တို့သည် ဘုရားသခင်ရှေ့၌ အဆင့်အတန်းတူညီသောသူများ ဖြစ်ကြသည်။ ကျွန်ုပ်တို့ သာသနာပြုသောသာသနာနယ်၌ ရှိသည့်လူများသည် လေးစားထိုက်သောသူများ ဖြစ်ကြသည်။
- ရှင်ပေါလုသည် '*မာကေဒေါနိပြည်သို့လာ၍ငါတို့ကိုမစပါ*'ဟု ရပ်လျက်တောင်းပန်နေသောမာကေဒေါနိပြည်သား တစ်ဦးကို သူ၏ဗျာဒိတ်ရူပါရုံ၌ မြင်တွေ့ခဲ့သည်။ ဤဗျာဒိတ်ရူပါရုံသည် ကျွန်ုပ်တို့ကို မောင်းနှင်နေသော အရာဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏မြို့ရွာ၊ အိမ်နီးချင်း၊ လူမျိုးစုနှင့်မိသားစုများထံသို့သွား၍ ခရစ်တော်၏ ကယ်တင်ခြင်းသတင်း ကောင်းကို ဟောပြောဝေငှ ကြရပါမည်။

## ကျွန်ုပ်တို့သည် ခရစ်တော်၏အကြောင်းကို လောကလူသားများထံတွင်ဝေငှသက်သေခံရမည်။

**ဂ။** ရှင်ပေါလုထံ ဖွင့်ပြသောဘုရားသခင်၏ ရူပါရုံအစီအစဉ်၌ သန့်ရှင်းသောဝိညာဉ်တော်၏ အဆက်မပြတ်ပို့ဆောင်မှု ပါဝင်သည်။

- မာကေဒေါနိပြည်မှလူသည် အမှန်အားဖြင့် အမျိုးသမီးတစ်ဦးဖြစ်ခဲ့သည်။ ဖိလိပ္ပိမြို့ရှိ လိုဒိ (Lydia) သည် ရှင် ပေါလု ဟောပြောသောသတင်းကောင်းကို လက်ခံလိုစိတ် အပြင်းပြဆုံးသောသူ ဖြစ်လာခဲ့သည်။
- ရှင်ပေါလုဟောပြောသောသတင်းကောင်းကို လက်ခံလိုစိတ်အပြင်းပြဆုံးသောသူများမှာ မြစ်ကမ်းဘေး၌ ဆုတောင်းနေကြသော အမျိုးသမီးလူတစ်စု ဖြစ်ခဲ့သည်။
- ကနဦး၌ ရှင်ပေါလုသည် သတင်းကောင်းဟောပြောသည့်အခါ ဂျူးဘာသာ ဝင်များ၏တရားဇရပ်ကို အသုံးပြုခဲ့သည်။သို့သော် ဤအချိန်၌မူ ရှင်ပေါလုသည် အိမ်ကို စတင်အသုံးခဲ့သည်။
- နီမောင်းသောအထည်အလိပ်ကိုရောင်းသော သွာတိရဲမြို့သူ လိုဒိသည် ထိုအိမ်အသင်းတော်ကို ဦးဆောင်ခဲ့သူ ဖြစ်သည်။
- အသင်းတော်တိုးပွားခြင်းနည်းဗျူဟာသည် ကြိုတင်သတ်မှတ် အတည်ပြုထားသည့်ပုံစံများအတိုင်း မဖြစ်တတ်ပေ။ နေရာဒေသအလိုက် အမျိုးမျိုးကွဲပြားနိုင်သည်။

**ဃ။** အသင်းတော်စတင်တည်ထောင်ခြင်း (Church Planting) ၌ ကြီးမားသောစွန့်လွှတ်ပေးဆပ်မှု လိုအပ်သည်။

- ရှင်ပေါလုနှင့် သိလတို့သည် ၎င်းတို့၏ သာသနာလုပ်ငန်းကြောင့် အကြိမ်ကြိမ် အကျဉ်းချခြင်းကို ခံခဲ့ရသည်။ သူတို့သည် သာသနာအတွက် မိမိတို့၏ကိုယ်ကျိုးများကို စွန့်လွှတ်ခဲ့ကြသည်။ ဘုရားသခင်အတွက် ပေးဆပ်အနစ်နာ ခံနေစဉ် ဘုရားသခင်၏ဂုဏ်တော်ကို တေးသီချင်းများဖြင့် ချီးမွမ်းသီဆိုခဲ့ကြသည်။ (တမန်တော် ၁၆း၂၅)။

- ယနေ့ အသင်းတော်ခေါင်းဆောင်များနှင့် ခရစ်တော်၏ နောက်လိုက်များသည်လည်း အသင်းတော်တည်ထောင်ခြင်း၌ ရှင်ပေါလုနှင့် သိလကဲ့သို့ ပေးဆပ်ကြရသည်။ နာရီပေါင်းများစွာဆုတောင်းကြရသည်။ အသင်းတော်သစ်များကို တည်ထောင်ရန် ကြိုးစားအားထုပ်မှုများ၊ ငွေကြေးများနှင့် ရံဖန်ရံခါ သွေးများပင် ပေးဆပ်ကြရသည်။
- ရှင်ပေါလုနှင့် သိလတို့သည် အခက်အခဲများကြုံတွေ့ခဲ့ရသော်လည်း ဖိလိပိထောင်မှူးဦးဆောင်သော အသင်းတော်အသစ်တစ်ပါး ပေါ်ပေါက်ခဲ့သည်။

**င။** မည်သည့် ပတ်ဝန်းကျင်အခြေအနေ၌မဆို သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့နှင့်အတူ အစဉ်အမြဲ တည်ရှိနေကြောင်း ခံစားသိမြင်နိုင်ရန် ကျွန်ုပ်တို့သည် ဘုရားသခင်၏ ရှေ့တော်မှောက်၌ ရှိနေရမည်။

- ရှင်ပေါလုနှင့် သိလတို့သည် ဘုရားသခင်၏ဝိညာဉ်တော်က သူတို့အား လမ်းပြပို့ဆောင်နေသည်ဟု သိရှိနားလည်ခဲ့ကြသည်။ ဘုရားသခင်သည် သူတို့အား ဂရုစိုက်နေကြောင်း သူတို့ သိထားကြသည်။
- အခြေအနေအရပ်ရပ်၌ ဘုရားသခင်ပါဝင်နေကြောင်း ဖိလိပိထောင်တွင် လှုပ်ခတ်ခဲ့သောငလျင်သည် ကျွန်ုပ်တို့အား သတိပေးနှိုးဆော်နေပါသည်။ (တမန်တော် ၁၆း၂၅-၂၆)။ ကျွန်ုပ်တို့၏သာသနာလုပ်ငန်း အခက်ကြုံနေချိန်၌ ဘုရား သခင်သည် ကျွန်ုပ်တို့အား စွန့်ပစ်မထားတတ်ပါ။ ကျွန်ုပ်တို့အား စောင့်ရှောက်နေပါသည်။
- ကျွန်ုပ်တို့သည် ဘုရားသခင်၏ အလိုတော်ကို နာခံလျှင် ဘုရားသခင်သည် မိမိသတ်မှတ်ထားသောအချိန်၌ ကြီးမား သောတန်ခိုးကို ထင်ရှားစေပါသည်။ စာတန်သည် ဘုရားသခင်၏ နိုင်ငံတော်ကျယ်ပြန့်ရေးကို ဆန့်ကျင်တားဆီးနေ သည်။ သို့သော် ဘုရားသခင်၌ အဆုံးစွန်သောတန်ခိုးရှိသည်။
- ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ်တိုင် ဘုရားသခင်၏နိုင်ငံတော်ကို တည်ဆောက်နေကြခြင်း မဟုတ်ပေ။ ဘုရားသခင်သည် မိမိကိုယ်တိုင် မိမိ၏နိုင်ငံတော်ကို တည်ထောင် နေပါသည်။

**စ။** အသင်းတော်သမိုင်းတစ်လျှောက်လုံး၌ အသင်းတော်တိုးပွားမှုနည်းဗျူဟာ ပြောင်းလဲမှုများရှိခဲ့သည်။

- အသင်းတော် အစပြုသည့်အချိန်မှ အေဒီ ၄၀၀ အချိန်ထိ ခရစ်ယာန်အသင်းတော်၌ အသင်းတော်အဆောက်အဦးများ မရှိခဲ့ပါ။
- အသင်းတော်ဘုရားကျောင်းအဆောက်အဦးများ၊ အိမ်ခြံမြေနှင့်အသင်းတော်များအတွက် အချိန်ပြည့်အသင်းအုပ်ဆရာများခန့်အပ်ခြင်းများသည် နောက်ပိုင်းမှပေါ်ပေါက်လာသောအရာများ ဖြစ်ကြသည်။
- အသင်းတော်အနေဖြင့် အသစ်သောနည်းလမ်းများကို အသုံးပြု၍ အသင်းတော်များ ထပ်မံတိုးပွားစေရန် သန့်ရှင်းသောဝိညာဉ်တော်သည် ယခုပင်အသင်းတော်ကို ဦးဆောင်နေပါသည်။
- ဆင့်ပွားအသင်းတော် (daughter church) တစ်ပါးစီ တည်ထောင်ရန်အသင်းတော်တိုင်း တိုက်တွန်းရမည်။
- ဤဆင့်ပွားအသင်းတော်များသည် အိမ်များ၌သော်လည်းကောင်း၊ အခြားသင့်တော်သောနေရာများ၌သော်လည်းကောင်း တွေ့ဆုံစည်းဝေးကြသည်။
- အတွေ့အကြုံရင့်ကျက်သောသင်းအုပ်ဆရာသည် အတွေ့အကြုံနုနယ်သော သင်းအုပ်ဆရာတစ်ဦးကို ပြုစုပျိုးထောင်သည်။
- ဤနည်းဗျူဟာ အသုံးပြုခြင်း၌ ဆင့်ပွားအသင်းတော်ကိုအစပြုရန် ရံပုံငွေ (funding) မလိုအပ်ပေ။ သာမန်လူသားကပင် ဤသို့အသင်းတော်သစ်စတင်ခြင်းကို ကူညီပေးနိုင်သည်။
- ဤနည်းဗျူဟာကို အသုံးပြုခြင်းသည် ကမ္ဘာ့နေရာဒေသအသီးသီး၌ မိမိ၏ အသင်းတော်ကို တိုးပွားစေရန် ဘုရားသခင်အား အခွင့်ပေးခြင်း ဖြစ်သည်။ ဘုရားသခင်၌ ဤရူပါရုံကို လက်ခံသောသူ၊ ဘုရားသခင်၏ ခေါ်တော်မူခြင်းကို တုံ့ပြန်သောသူနှင့် ဘုရားသခင်အားဦးဆောင်ခွင့်ပေးသောသူများ ရှိနေရန်သာ လိုအပ်သည်။

**နာဇရင်း(န်)အသင်းတော်၌ အသင်းတော်ကို ဤသို့အဓိပ္ပါယ်ဖွင့်ဆိုသတ်မှတ်ပါသည်**
**သတ်မှတ်ထားသောအချိန်နှင့်နေရာ၌ အသိမှတ်ပြုထားသည့်**
**ခေါင်းဆောင်တစ်ဦး၏**
**ဦးဆောင်မှုဖြင့် နာဇရင်း(န်)အသင်းတော်၏ ယုံကြည်ခံယူချက်၊ သာသနာနှင့်အညီ**
**ဝိညာဉ်ရေးရာပြုစုပျိုးထောင်ခြင်း၊**
**ဝတ်ပြုကိုးကွယ်ခြင်းနှင့် သမ္မာကျမ်းစာ သင်ကြားခြင်းအတွက် ပုံမှန်တွေ့ဆုံ**
**စည်းဝေးကြသော**
**မည်သည့်အုပ်စုကို မဆို**
**အသင်းတော်တစ်ပါးအဖြစ် အသိအမှတ်ပြုပြီး ခရိုင်အသင်းတော်**
**အဖွဲ့အစည်းနှင့် အထွေထွေအသင်းတော်အဖွဲ့အစည်းကြီးသို့**
**အသင်းတော်တစ်ပါးအဖြစ် တင်ပြသတ်မှတ်ရမည်။**
**တစ်နည်းအားဖြင့် အသင်းတော်သည် အဆောက်**
**အအုံးတစ်ခု မဟုတ်ပေ။ အတူတကွစုဝေးကြသည့် ယုံကြည်သူများ၏**
**အစုအဝေးတစ်ခုသာ ဖြစ်သည်။**

**ဆ။** အသင်းတော်တိုးပွားစေခြင်း၏ ရည်ရွယ်ချက်မှာ ခရစ်တော်ယေရှုထံ လူသစ်များကိုခေါ်ဆောင်ရန် ဖြစ်သည်။

- ‘ကိုယ်တော်ကလည်း၊ ဘုရားသခင်၏နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို အခြားသောမြို့ရွာတို့၌ ငါဟောပြော ရမည်။ ထိုသို့အလို့ငှါ ငါ့ကိုစေလွှတ်လျက်ရှိ၏ဟု မိန့်တော်မူ၏’ (ရှင်လုကာ ၄း၄၃)။
- ကျွန်ုပ်တို့သည် မိမိတို့၏အသက်တာများကို အသင်းတော်တိုးပွားစေခြင်းအတွက် ဆက်ကပ်အပ်နှံထားသည့် ဘုရားသခင်နိုင်ငံတော်၏သံတမန်များဖြစ်ကြသည်။
- ကျွန်ုပ်တို့၏ ကြိုးစားအားထုတ်မှုများသည် အဖွဲ့အစည်းတစ်ခုကို ထိန်းသိမ်းရန် ကြိုးပမ်းမှုသက်သက်မျှ မဟုတ်ပေ။
- လူသားများသည် ယေရှုခရစ်ကို ကြားသိ၍ ကယ်တင်ခြင်းသို့ရောက်ရန် ကျွန်ုပ်တို့ အလိုရှိသည်။
- ထိုသို့ယုံကြည်သူသစ်များအား ခရစ်တော်ကဲ့သို့ဖြစ်လာစေရန် ကျွန်ုပ်တို့ ပြုစုပျိုးထောင် လိုပါသည်။
- ‘ငါဆိုသည်ကား၊ စပါးရိတ်ခြင်းအလို့ငှါ လယ်ပြင်တို့သည် ယခုပင်ဝင်းဝင်းရှိသည်ကို မျှော်၍ကြည့်ကြလော့’ ဟု ယေရှု မိန့်တော်မူ၏ (ရှင်ယောဟန် ၄း၃၅)။

### *၆။ အပြောင်းအလဲဖြစ်စေသော ခေါင်းဆောင်မှု*
### ***Transformational Leadership***

**က။** ကျွန်ုပ်တို့သည် ခရစ်တော်ကဲ့သို့ဖြစ်ခြင်းစံနမူနာအားဖြင့် ခေါင်းဆောင်များကို မြှင့်တင်ပေးရန် ကြိုးစားကြသည်။ အပြောင်းအလဲဖြစ်စေသော ခေါင်းဆောင်တစ်ဦးသည် ခရစ်တော်နှင့်တူညီသော ခေါင်းဆောင်တစ်ဦး ဖြစ်သည်။

**ခ။** အပြောင်းအလဲဖြစ်စေသောခေါင်းဆောင်များသည် နှိမ့်ချပြီးနာခံမှုရှိသူများ ဖြစ်ကြသည်။

- ထိုသူတို့သည် အဖခမည်းတော်၏အလိုကိုလိုက်၍ မိမိကိုယ်ကို နှိမ့်ချသော ယေရှုခရစ်တော်၏နှိမ့်ချမှုကို အတုယူကြသည် (ဖလိပ္ပိ ၂း၅-၈)။

- ထိုသူတို့သည် ဘုရားသခင်ကိုသာ ကိုးစားကြသည်။ မိမိတို့၏ဆုတောင်းသံများကို ဘုရားသခင်သည် နားညောင်း၍ လိုအပ်သမျှကို ပေးမည်ဟု ယုံကြည်ကြသည်။ (ရှင်ယောဟန် ၁၅း၇)
- ထိုသူတို့သည် အခြားသောသူများကို နာခံပြီး မိမိကိုယ်ကို နှိမ့်ချကြသည် (ဧဖက် ၅း၂၁)။

ဂ။ အပြောင်းအလဲဖြစ်သောခေါင်းဆောင်များသည် အစေခံများဖြစ်ကြသည်။
- ထိုသူတို့သည် သူတစ်ပါးကို စေစားခြင်းငှါမလာဘဲ သူတစ်ပါးအစေကိုခံခြင်းငှါ လာသော ခရစ်တော်ယေရှု၏ စိတ်သဘောထားကို အတုယူကြသည် (ရှင်မာကု ၁၀း၄၅၊ (ရှင်မဿဲ ၂၀း၂၈)။
- ထိုသူတို့သည် အစေခံတစ်ဦး၏ စိတ်နေသဘောထားဖြင့် လူများကို ဦးဆောင်ကြသည် (ဖိလိပိ ၂)။

ဃ။ အပြောင်းအလဲဖြစ်စေသောခေါင်းဆောင်များသည် အမြော်အမြင် (ရူပါရုံ) ကြီးသောသူများ ဖြစ်ကြသည်။
- 'ဗျာဒိတ်တော် (vision)မရှိလျှင်၊ လူတို့သည်အကျိုးနည်း ဖြစ်ကြ၏' (သုတ္တံကျမ်း ၂၉း၁၈)။
- 'ဗျာဒိတ်ရူပါရုံကို သင်ပုန်းပေါ်မှာအက္ခရာတင်၍ရေးမှတ်လော့'ဟု ထာဝရဘုရားမိန့်တော်မူ၏ (ဟဗက္ကုတ် ၂း၂)။
- ယေရှုသည် ဘုရားသခင်၏နိုင်ငံတော်ကို လူတို့၏ညာဏ်မျက်စိဖြင့်မြင်နိုင်ရန် ပုံဖော်ခဲ့သည်။ ထိုနည်းတူ ကျွန်ုပ်တို့သည် လည်း လူအများရှင်းလင်းစွာနားလည်နိုင်ရန် ထိုရူပါရုံကို ပုံဖော်ပေးရသည်။
- ရူပါရုံရှိခြင်း (အမြော်မြင်ကြီးခြင်း) သည် နောက်လိုက်များ၌ မရှိသောခေါင်းဆောင်များ၏ အရည်အချင်းတစ်ခု ဖြစ်သည်။ ရူပါရုံကြီးသောခေါင်းဆောင်များသည် အသင်းတော်နှင့် လူ့အသိုင်းအဝိုင်းများအတွက် ဘုရားသခင် ချမှတ်ထားသောရူပါရုံကို ရှာဖွေပြီး ထိုရူပါရုံကို အခြားသူများအားဝေငှပေးကြသည်။

င။ အပြောင်းအလဲဖြစ်စေသောခေါင်းဆောင်များသည် နည်းဗျူဟာကျကျ စဉ်းစားတွေးခေါ်ကြသည်။
- ထိုသူတို့၌ မိမိတို့နှင့် အတူနေထိုင်သူများအား ဘုရားသခင်၏နိုင်ငံတော်အတွက် တန်ဆာပလာများသို့ ပြောင်းလဲပေး နိုင်သော စွမ်းရည်ရှိသည်။
- ထိုသူတို့သည် ခေတ်ကာလ၏ ခြေအနေများကို သိနားလည်ကြပြီး ဣသခါအမျိုးသားများ (Issachar) ကဲ့သို့ သမ္မာကျမ်းစာမှ အဖြေကိုရှာဖွေသူ ဖြစ်ကြသည် (ရာဇဝင်ချုပ် ပထမဆောင် ၁၂း၃၂)။
- ထိုသူတို့သည် ကယ်တင်ခြင်းခံရ၍ လိုအပ်သောဝိညာဉ်များကို သာသနာပြုရန် ရူပါရုံ ထားရှိကြသည်။
- ထိုသူတို့သည် ရူပါရုံကို လက်တွေ့အကောင်အထည်ဖော်၍ ယုံကြည်သူများအား သာသနာနယ်မြေထဲသို့ စေလွှတ်ကြသည်။
- ထိုသူတို့၏ရူပါရုံနှင့် သာသနာပြုခြင်းလုပ်ငန်းသည် ရိုးရှင်းသော်လည်း ဘုရားသခင်နိုင်ငံတော် တည်ဆောက်ခြင်း၌ ထိရောက်သောအစီအစဉ်များကို ချမှတ်နိုင်ကြသည် (ရှင်လုကာ ၁၄း၂၈-၃၀)။

စ။ အပြောင်းအလဲဖြစ်စေသောခေါင်းဆောင်များသည် အသင်းအဖွဲ့ကို တည်ဆောက်သောသူများ ဖြစ်ကြသည်။
- ယေရှုသည် ကျွန်ုပ်တို့၏ စံပြပုဂ္ဂိုလ် ဖြစ်သည်။ ယေရှုသည် အသင်းအဖွဲ့တစ်ခုကိုတည်ဆောက်ခဲ့ပြီး လုပ်ပိုင်ခွင့်ပါ အပ်နှင်းခဲ့သည်။ မိမိကိုယ်တိုင်သာ သာသနာပြုလုပ်ငန်း အကုန်အစင် မလုပ်ဆောင်ခဲ့ပေ (ရှင်မဿဲ ၁၀)။
- ယေရှု၏တပည့်တော်များသည် သာမန်လူများဖြစ်ကြသော်လည်း လောကကြီးကိုပြောင်းလဲခဲ့ကြသည် (တမန်တော်ဝတ္ထု ၁၇း၆)။
- အပြောင်းအလဲဖြစ်စေသောခေါင်းဆောင်များသည် ဘုရားသခင်၏အမှုတော်မြတ်၌ အသင်းသူအသင်းသားအားလုံး ပါဝင်နိုင်သော အသင်းအဖွဲ့များကို တည်ဆောက်ကြသည်။

**ဆ။** အပြောင်းအလဲဖြစ်စေသောခေါင်းဆောင်များသည် စိတ်ဓာတ်ခိုင်မာသောသူများ ဖြစ်ကြသည်။

- ခရစ်တော်သည် တပည့်တော်များ သာသနာပြုရန် စေလွှတ်အံ့ဆဲဆဲအချိန်၌ ဤသို့သွန်သင်ဆုံးမခဲ့သည်- 'ထို့ကြောင့် သင်တို့သည် မြွေကဲ့သို့ လိမ္မာလျက်၊ ချိုးငှက်ကဲ့သို့ အဆိပ်ကင်းလျက်ရှိကြလော့' (ရှင်မဿဲ ၁၀း၁၆)။
- အပြောင်းအလဲဖြစ်စေသောခေါင်းဆောင်များအနေဖြင့် ကျေးဇူးတော်နှင့်ပညတ်တရား၊ တရားမျှတခြင်းနှင့်သနား ညှာတာမှုတို့အား ညီမျှစေနိုင်သော နည်းလမ်းများကို သိရှိနားလည်ရမည်။
- ထိုသူတို့သည် မှန်ကန်သောဆုံးဖြတ်ချက်များအတိုင်း ကျင့်ဆောင်သောသူများ ဖြစ်ကြသည်။
- သို့သော်မိမိတို့၏ဆုံးဖြတ်ချက်များကို ကရုဏာပါလျက် လုပ်ဆောင်အကောင်အထည်ဖော်ရမည်။
- ထိုသူတို့သည် မေတ္တာစိတ်ဖြင့် သမ္မာတရားကိုဟောပြောရမည်။

**ဇ။** အပြောင်းအလဲဖြစ်စေသောခေါင်းဆောင်များသည် ရှင်လင်းစွာ ဟောပြော သွန်သင်ကြသည်။

- ဤလောက၌ သာသနာပြုနေစဉ် ခရစ်တော်ယေရှုသည် ဤသို့မိန့်တော်မူ လေ့ရှိသည် 'ကြားစရာနားရှိသောသူမည် သည်ကားကြားပါစေ' (ရှင်မဿဲ ၁၃း၄၃) ယေရှုသည် သူ၏နောက်လိုက်များအား သူဟောပြောသောစကား များကို မပြောင်းလဲဘဲ ဆက်တိုက်နားထောင်စေလိုသည်။
- အပြောင်းအလဲဖြစ်စေသောခေါင်းဆောင်များသည်လည်း ခရစ်တော်ကဲ့သို့ရှင်းလင်း၍ တိကျပြတ်သားစွာ ဟော ပြောနိုင်ရန် ကြိုးစားရမည်။
- အပြောင်းအလဲဖြစ်စေသောခေါင်းဆောင်များသည် ရှင်းလင်း၍ တိကျစွာဟောခြင်း၏အရေးပါမှုကို နားလည်သဘော ပေါက်ကြသည်။ 'တပိုးခရာသည်လည်း မမှန်သော အသံနှင့်မြည်လျှင်၊ အဘယ်သူသည် စစ်တိုက်ခြင်းငှါမိမိကိုယ် ကိုပြင်ဆင်မည်နည်း' (၁ကောရိ ၁၄း၈)။

**ဈ။** အပြောင်းအလဲဖြစ်စေသောခေါင်းဆောင်များသည် အသင်းတော်ကို ဦးဆောင်မည့် အနာဂတ်မျိုးသစ်ခေါင်းဆောင်များကို မွေးထုတ်ရန် အခြားသူများအား လုပ်ပိုင်ခွင့်ပေးကြသည်။

- ယောရှု၏ခေါင်းဆောင်မှုပုံစံသည် နောင်မျိုးဆက်သစ်ခေါင်းဆောင်များကို မွေးထုတ်ရန်ပျက်ကွက်ခဲ့သည်။ ယောရှု သည် သူ့ခေတ်၌ အသက်ရှင်သောသူများကိုသာ ဦးဆောင်ခဲ့သည်။ မျိုးဆက်သစ်ခေါင်းဆောင်တစ်ဦးတစ်ယောက်မျှ မမွေးထုတ်ခဲ့ပေ (တရားသူကြီး ၂း၁၀)။
- အပြောင်းအလဲဖြစ်စေသောခေါင်းဆောင်များသည် မိမိ၏ရာထူးသက်တမ်း တည်တံ့ရေးကိုသာမကြိုးစားကြပေ။ ပစ္စုပ္ပန်မျိုးဆက်ခေါင်းဆောင်များကိုသော်လည်းကောင်း၊ အနာဂတ်မျိုးဆက်ခေါင်းဆောင်များကိုသော်လည်းကောင်း၊ ပြုစုပျိုးထောင်ကြသည်။
- သူတို့သည် ဘုရားသခင်နိုင်ငံတော်အတွက် ခေါင်းဆောင်အမြောက်အများကို မွေးထုတ်ပေးနိုင်သော အကြံပေးဆရာ (mentors) များကို ဖော်ထုတ်ပြီး ၎င်းတို့ကို ကောင်းမွန်စွာ လေ့ကျင့်ပျိုးထောင်ပေးကြသည်။
- အဆက်ဆက် ဆက်ခံမှုမရှိသော ခေါင်းဆောင်မှုသည် မည်သည့်အခါမျှ အောင်မြင်မှုရှိသော ခေါင်းဆောင်မှုမရှိနိုင် ချေ။ ခေါင်းဆောင်မှုရာထူးကို အနာဂတ်မျိုးဆက်များထံ အဆက်ဆက်လက်ဆင့်ကမ်းရမည်။ 'သက်သေခံအများရှိ သည်နှင့် ငါ့ထံ၌ကြားရပြီးသောအရာတို့ကို သစ္စာနှင့်ပြည့်စုံ၍ သူတစ်ပါးတို့ကို သွန်သင်ခြင်းငှါ တက်စွမ်းနိုင်သောသူတို့ ၌ အပ်ပေးလော့ (၂တိမောသေ ၂း၂)။

## ၇။ ရည်ရွယ်ချက်ရှိသော ကရုဏာတရား
## Purposeful Compassion

**က။** ရည်ရွယ်ချက်ရှိသောသာသနာသည် ချစ်ခြင်းမေတ္တာပြည့်ဝသော ဘုရားသခင်၏စိတ်နှလုံးကို ထင်ဟပ်စေသည်။

- ဤလောကသို့ မိမိသားတော်ကိုစေလွှတ်ခြင်းနှင့် လူသားများကိုယ်စား ယေရှုအသေခံခြင်းတို့သည် အဆုံးစွန်သော ဘုရားသခင်၏ ကရုဏာနှင့် မေတ္တာလက်ဆောင်များ ဖြစ်ကြသည်။
- ကျွန်ုပ်တို့အား ထာဝရအသက်ကိုရစေခြင်းငှါ ဘုရားသခင်သည်ပြည့်လျှံလျက်ရှိသော မေတ္တာတော်အားဖြင့် မိမိ၏သားတော်ကို ဤလောကသို့စေလွှတ်ခဲ့သည်ဟု (ရှင်ယောဟန် ၃း၁၆-၁၇) ၌ ဖော်ပြထားပါသည်။ ထိုနည်းတူ ရှင်ယောဟန်ဩဝါဒပထမစောင် ၃း၁၆-၁၇ ၌လည်း လူသားတို့အပေါ်၌ ထားရှိသောဘုရားသခင်၏ မေတ္တာတော်သည် ယုံကြည်သူများ၏သူတစ်ပါးအပေါ်ပြုသော စစ်မှန်သောအပြုအမူအားဖြင့် ထင်ရှားစေသည်ဟု ဖော်ပြထားသည်။
- ယေရှုခရစ်၏အသက်တာ၊ သာသနာလုပ်ငန်း၊ အသေခံခြင်းနှင့်ရှင်ပြန်ခြင်းများသည် အခြားသူများနှင့်ဤလောကကြီးအတွက် တစ်စုံတစ်ဦးသည် မေတ္တာဖြင့်လှုပ်ရှားလိုက်ကြောင်းကို ဖော်ပြထားသည် (ရှင်မဿဲ ၉း၃၆)။

**ခ။** ရည်ရွယ်ချက်ရှိသော ကရုဏာသာသနာသည် ယေရှုနာမအားဖြင့် ဖြစ်မြောက်ခြင်းဖြစ်သည်။

- ယေရှုသည် ကျွန်ုပ်တို့အတွက် စံပြကရုဏာရှင်ဖြစ်သည်။ ယေရှုသည် လူသားများ၏ခံစားမှုကို ထပ်တူထပ်မျှခံစားပြီး လူသားများအပေါ် ကရုဏာထားကြောင်း ခရစ်ဝင်ကျမ်းများ၌ တွေ့ရသည်။
- ယေရှုသည် အထူးသဖြင့် ဆင်းရဲချို့တဲ့သူများ၊ လူမမာများ၊ အပယ်ခံလူတန်းစားများနှင့် ပျောက်ဆုံးနေသူများအား ကရုဏာထားပြီး ဂရုစိုက်စောင်မခဲ့သည်။
- ရာနှုန်းပြည့်ဘုရားဖြစ်၍ ရာနှုန်းပြည့်လူသားဖြစ်သော ယေရှုခရစ်သည် ကျွန်ုပ်တို့အသက်ရှင်နေထိုင်မှုအတွက်သော်လည်းကောင်း၊ ချစ်ခြင်းမေတ္တာပြသခြင်းအတွက်သော်လည်းကောင်း ကျွန်ုပ်တို့၏စံပြပုဂ္ဂိုလ်ဖြစ်သည်။

**ကျွန်ုပ်တို့သည် ဝန်ဆောင်မှု၊ ရက်ရောစွာပေးကမ်းမှုနှင့် သနားကြင်နာမှု စသည့် လုပ်ဆောင်မှုတိုင်းကို ယေရှုနာမအားဖြင့် လုပ်ဆောင်ကြသည်။ ကျွန်ုပ်တို့၏ လုပ်ဆောင်ကြိုးပမ်းမှုများသည် ယေရှု၏မေတ္တာတော်ကို ပေါ်လွင်ထင်ရှားစေရန် ဖြစ်သည်။**

**ဂ။** ရည်ရွယ်ချက်ရှိသောကရုဏာတရားသည် လူတိုင်း၏ဂုဏ်သိက္ခာကို လေးစားတန်ဖိုးထားသည်။

- ဘုရားသခင်၏လူများသည် လူတိုင်းအား ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းထားသောသူများအဖြစ် မှတ်ယူပြီး ယေရှုနာမတော်ဖြင့် မျှော်လင့်ခြင်း၊ ချစ်ခြင်းမေတ္တာနှင့် အကူအညီပေးကြသည်။
- ခရစ်တော်၌ ထင်ရှားသော ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို ကျယ်ပြန့်စေခြင်းမှအပ ကရုဏာသာသနာလုပ်ဆောင်ခြင်းတွင် အခြားသောရည်ရွယ်ချက်မရှိပါ။

**ဃ။** ရည်ရွယ်ချက်ရှိသောကရုဏာသာသနာသည် အသက်တာပြောင်းလဲသော ယုံကြည်သူများထံမှ အလိုအလျောက်စီးဆင်းသောအရာ ဖြစ်သည်။

- အသင်းတော်သည် လောက၌ ဘုရားသခင်၏မေတ္တာတော်နှင့် သနားကြင်နာခြင်းကို ရုပ်လုံးပေါ်စေရန် ခေါ်တော်မူခြင်းခံရသော ယုံကြည်သူလူစု ဖြစ်သည်။
- ကရုဏာသာသနာလုပ်ငန်းကို လူသား၏ကြိုးပမ်းမှုနှင့် လူမှုရေးလှုပ်ရှားမှုများအားဖြင့် မပြီးမြောက်နိုင်ပါ။
- ခရစ်တော်၏ခန္ဓာကိုယ်ဖြစ်သည့်အလျောက် ကျွန်ုပ်တို့၏ကရုဏာသာသနာသည် ယေရှု၏အသက်တာစံနမူနာနှင့် သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြပို့ဆောင်မှုများအားဖြင့် လူများ၏အသက်တာ အစိတ်အပိုင်းတစ်ခုလုံးကို တို့ထိ ပြောင်းလဲစေနိုင်ပါသည်။
- သန့်ရှင်းသောဝိညာဉ်တော်သည် ယုံကြည်သူများ၏စိတ်နှလုံးကို ပြောင်းလဲစေပြီး ထိုယုံကြည်သူများသည်လည်း ကျွန်ုပ်တို့၏ လောကကြီးထဲသို့ ခန္ဓာကိုယ်၊ ဝိညာဉ်နှင့် လူမှုရေးဆိုင်ရာပြောင်းလဲမှုများကို ယူဆောင်ပေးကြသည်။
- ကရုဏာသာသနာသည် အသင်းတော်အသီးသီး၏အသက်တာနှင့် သာသနာ လုပ်ငန်းတွင်တက်ကြွစွာလုပ်ဆောင်သင့်သော သာသနာတစ်ခု ဖြစ်သင့်သည်။

**င။** ရည်ရွယ်ချက်ရှိသောကရုဏာသာသနာသည် ကျွန်ုပ်တို့ဝယ်စလီယာန်သာသနာ၏ ဂုဏ်အင်္ဂါတစ်ရပ်ဖြစ်သည်။

- ကျွန်ုပ်တို့သည် လောက၌ သခင်ဘုရားကိုချစ်၍ အစေခံရန် ဘုရားသခင်ကိုယ်တော်တိုင် စေလွှတ်ခြင်းခံရသောသူများ ဖြစ်ကြသည်။ ထိုသို့ဘုရားသခင်ကိုချစ်၍ အစေခံရန် သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အားခွန်အား ပေးပါ သည်။
- ဘုရားသခင်သည် သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးအားဖြင့် လူပုဂ္ဂိုလ် အသီးသီးတို့၏အသက်တာ၌ အလုပ်လုပ်နေသည်ဟု ကျွန်ုပ်တို့ယုံကြည်ကြပြီး ထိုကောင်းသောအမှုကို လုပ်ဆောင်ရန် ဘုရားသခင်သည် ကျွန်ုပ်တို့အား ဖိတ်ခေါ်ထားသည်ဟု ကျွန်ုပ်တို့ယုံကြည်ကြပါသည်။
- စစ်မှန်သောဧဝံဂေလိပြုခြင်းသည် ကျွန်ုပ်တို့၏အနီးအနားပတ်ဝန်းကျင်၌ရှိသော လူများ၏ဘဝထဲသို့ ထဲထဲဝင်ဝင် ပါဝင်ခြင်း ဖြစ်သည်။ ကျွန်ုပ်တို့သည် ယေရှုခရစ်နာမဖြင့် ဝေဒနာခံစားနေရသောသူများနှင့် ကြေကွဲဝမ်းနည်းနေသော သူများအား ကျွန်ုပ်တို့ထံသို့ဆွဲခေါ်ပြီး အပယ်ခံလူတန်းစားများ၊ ထိခိုက်နစ်နာနေသူများနှင့် ချို့တဲ့သူများအား အနာငြိမ်း ခြင်း၊ မျှော်လင့်ခြင်း၊ ငြိမ်သက်ခြင်းနှင့် ချစ်ခြင်းမေတ္တာကို ပေးကမ်းကြသည်။
- ကျွန်ုပ်တို့သည် ချစ်ခြင်းမေတ္တာဖြင့် တစ်ဦးကိုတစ်ဦး မိတ်ဖွဲ့ကြသည်။ ထိုသို့ ပေါင်းသင်းမိဿဟာယပြုခြင်းဖြင့် တန်းတူညီမျှသောလူမှုဆက်ဆံရေးကို ဖြစ်ပေါ်စေသည်။ ဤသို့ပြုခြင်းသည် ခရစ်တော်၏ခန္ဓာကိုယ်တည်းဟူသော အသင်းတော်တည်ဆောက်ခြင်းနှင့် တိုးချဲ့ခြင်းနည်းလမ်း ဖြစ်သည်။

**စ။** ရည်ရွယ်ချက်ရှိသောကရုဏာသာသနာလုပ်ငန်းသည် ကျိုးပဲ့ကြေမွနေသောလောကကြီးအား ရွေးနှုတ်ကယ်တင်သောဘုရား သခင်၏ သာသနာလုပ်ငန်း၌ ဆက်ကပ်သော ကျွန်ုပ်တို့၏အသက်တာမှ စီးထွက်လာသောအရာဖြစ်သည်။

- ကျွန်ုပ်တို့သည် ဘုရားသခင်ပြုခဲ့သည့်နည်းတူ နာကျင်ခံစားနေသော လောကသားများနှင့် ကျိုးပဲ့ကြေမွနေသောလူသား များကို သိမြင်ပြီးတုံ့ပြန်ရန် ကြိုးစားကြသည်။

- ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ရရှိသောအရင်းအမြစ်အားလုံးကို လူသားများအား ဒုက္ခဆင်းရဲခြင်းမှ ကယ်တင်ခြင်း၊ ဘုရားသခင်၏ပြန်လည်ပြုပြင်ခြင်း၊ ပြည့်စုံခြင်း၊ ကယ်တင်ခြင်းအစီအစဉ်နှင့် ဤကမ္ဘာလောကကြီးငြိမ်းချမ်းရေးစသည် တို့အတွက် အသုံးပြုရန် ကြိုးစားကြသည်။
- ထို့အပြင် ကျွန်ုပ်တို့သည် ပျက်စီးပြီး၊ ယိုယွင်းနေသော၊ လူထုကြီးအား မတရားဖိနှိပ်နေသော လူမှုအသိုင်းအဝိုင်းစနစ်ကြီးနှင့် လောကဥ္ဇရှိနေသောစနစ်ဆိုးများကို ယေရှုနာမအားဖြင့် ထိန်းသိမ်းပြုပြင်ရန် ကြိုးစားကြသည်။
- ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏လုပ်ဆောင်မှုများအားဖြင့် ဘုရားသခင်၏သာသနာကိုဖြစ်မြောက်စေ၍ ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေရန် ကြိုးပမ်းအားထုတ်ကြသည်။





# ကျွန်ုပ်တို့၏ဝယ်စလီယာန် ဓမ္မခံယူချက် (သီဩလော်ဂျီ)
# OUR WESLEYAN THEOLOGY

## ပြောင်းလဲစေနိုင်သော အံ့ဖွယ်ကျေးဇူးတော်
## The Miracle of Transforming Grace

'ကျွန်ုပ်တို့အပြစ်အားလုံးထက် ပို၍ကြီးမားသောကျေးဇူးတော်'။ ဤအရာသည် အံ့ဖွယ်အယူအဆတစ်ခုဖြစ်ပေသည်။ ဤအရာသည် ဓမ္မသီချင်းတစ်ပုဒ်၏အဦးဆုံးသောစာသား ဖြစ်သည်။

ဘုရားသခင်သည် ယေရှုအဖြစ် လူ့ဇာတိကိုခံယူပြီး လောကလူသားများအား မိမိနှင့်ပြန်လည်သင့်မြတ်စေခဲ့သည်။ (ရှင်ယောဟန် ၃း၁၅-၁၆၂ ရောမ ၁း၁-၁၆)။ ကျွန်ုပ်တို့သည် အပြစ်ရှိစဉ်ပင် ဘုရားသခင်သည် ကျွန်ုပ်တို့အား အပြစ်မှလွတ်မြောက်စေရန် မိမိ၏တစ်ပါးတည်းသောသားတော်ကို အပြစ်ဖြေရာယဇ်ကောင်အဖြစ် ပူဇော်ခဲ့သည် (ရောမ၃း၂၅)။ အရာခပ်သိမ်းကို ဖန်ဆင်းတော်မူသော ဖန်းဆင်းရှင်ဘုရားသခင်သည် ဤလောက၏အပြစ်ကိုယူဆောင်၍ ကျွန်ုပ်တို့အား ကယ်တင်ခြင်းကို ပေးခဲ့သည်။

ဘုရားသခင်သည် ယေရှုခရစ်တော်ထဲ၌ ကယ်တင်ခြင်း (ဘုရားသခင်၏ဖြောင့်မတ် ခြင်း) ကို ထင်ရှားစွာ ဖော်ပြခဲ့သည် (ရောမ ၃း၂၁)။ ဘုရားသခင်သာ ဤသို့မပြုခဲ့လျှင် လူသားများသည် မျှော်လင့်ချက်ကင်းမဲ့၍ ဘုရားသခင်နှင့် ကင်းကွာသောသူများဖြစ်နေမည် (ဧဖက်၁း၅-၂း၁၀)။ ဘုရားသခင်ကိုယ်တော်တိုင် ထင်ရှားစေသော ဘုရားသခင်၏ဖြောင့်မတ်ခြင်း (ကယ်တင်ခြင်း) ကြောင့် ကျွန်ုပ်တို့အား ဘုရားသခင်နှင့် ကင်းကွာစေသောအရာအားလုံးသည် ရှုံးနိမ့်ပျက်သုဉ်းသွားခဲ့သည်။ ယခုအချိန်၌ ယေရှုခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် လွတ်ခြင်းအခွင့်ကို ရကြသည် (ရောမ ၃း၂၂-ရောမ ၈း၂)။

ကျွန်ုပ်တို့အပေါ်၌ထားရှိသော ဘုရားသခင်၏ ကြွယ်ဝပြည့်စုံသောကျေးဇူးတော်ကို ချီးမွမ်းစေသောအကြောင်းအရာကို ဓမ္မသစ်ကျမ်း၌ တွေ့ရပါသည် (ဧဖက် ၁း၆-၁၀)။ 'ဘုရားသခင်၏ ဇာတိအဖြစ်တော်၏ ပြည့်စုံခြင်းအပေါင်းသည် ခရစ်တော်၌ ထင်ရှားပြီး ခရစ်တော်ကို လက်ခံသောသူများသည်လည်း ဘုရားသခင်၌ ပြည့်စုံကြမည်' (ကောလောသဲ၃း၈-၁၅)။ ဘုရားသခင်၏ ကြီးမြတ်လှသောကျေးဇူးတော်ကို သေချာစွာစဉ်ခြင်သုံးသပ်ပြီးနောက် ရှင်ပေါလုသည် 'ဘုရားသခင်၏ပညာနှင့် ဉာဏ်တော်သည် အလွန်ကျယ်ဝန်းနက်နဲစွတကား' ဟု ကြွေးကြော်ခဲ့သည် (ရောမ၁၁း၃၃)။ ဘုရားသခင်၏ ကြွယ်ဝပြည့်စုံသောကျေးဇူးတော်များမှာ-အပြစ်လွတ်ခြင်း၊ ကျွန်ုပ်တို့ထဲ၌ သန့်ရှင်းသောဝိညဉ်တော်ကိုပေးခြင်း၊ ခရစ်တော်၏ ပုံသဏ္ဍာန်တော်နဲ့အညီ ပြုပြင်ပြောင်းလဲပေးခြင်း၊ ထာဝရအသက်ရရှိခြင်း၊ ဘုရားသခင်နှင့် ငြိမ်းချမ်းရေးရရှိခြင်း၊ သန့်ရှင်းစင်ကြယ်စေခြင်း၊ အသင်းတော်နှင့်မိတ်ဿဟာယဖွဲ့ခြင်းနှင့် သခင်ဘုရား၏ဒုတိယအကြိမ်ကြွလာခြင်းကို မျှော်လင့်ခွင့်ရခြင်း စသည်တို့ဖြစ်ကြသည်။

ယေရှုတရားဟောသောအချိန်၌ လူများကြားရသောသတင်းမှာ စစ်မှန်သောသတင်းကောင်းဖြစ်ပြီး ထိုသတင်းကောင်းမှာ ဘုရားသခင်သည် မိမိနှင့်အပြစ်သားများအား အခမဲ့ပြန်လည်သင့်မြတ်စေပြီဟူသော သတင်းကောင်းဖြစ်သည်။ အပြစ်ရှိသော အခွန်ခံတစ်ဦးနှင့် ်ဖောက်ပြန်ကျူးလွန်သော အမျိုးသမီးတစ်ဦးပင်လျှင် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်သတင်းကောင်းကို ကြားရ၍နောင်တရပြီး ခွင့်လွှတ်ခြင်းခံရကာ ထာဝရအသက်ကို လက်ခံရရှိခဲ့သည်။ ကောင်းမှုကုသိုလ်များပြုခြင်းအားဖြင့် ဘုရားသခင်ရှေ့၌ မျက်နှာသာမရရှိနိုင်ကြောင်း သိနားလည်သောသူများထံ၌ ဘုရားသခင်သည် ထာဝရအသက်ကို အခမဲ့ပေးခဲ့သည် (ရှင်လုကာ ၁၅)။

ဘုရားသခင်၏ကျေးဇူးတော်ကို ကျွန်ုပ်တို့မသိရှိမီကပင် သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အား ကယ်တင်ခြင်းလမ်းသို့ ပို့ဆောင်ရန် ကြိုးစားနေပါသည်။ 'ဘုရားသခင်၏ အသံတော်ကိုမကြားဘဲ နေနိုင်သောနေရာမရှိပါ' ဟု ဆာလံဆရာက စပ်ဆို

ခဲ့ပါသည် (ဆာလံ၁၉း၃)။ ဖန်ဆင်းသောအရာအားလုံးသည် မိမိတို့၏ဖြစ်တည်မှုအတွက် ခရစ်တော်ကို မှီခိုနေရပါသည်ဟု ရှင်ပေါလုကိုယ်တိုင် ဆိုခဲ့ပါသည် (ကောလောသဲ ၁း၁၅-၁၇)။ ခရစ်တော်သည် ခပ်သိမ်းသောလူအပေါင်းတို့အား အလင်းကိုပေး သည်ဟု ရှင်ယောဟန်က ဆိုခဲ့သည် (ရှင်ယောဟန်၁း၉)။

သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်၏ သစ္စာတော်နှင့်အညီ သတင်းကောင်းပျံ့နှံ့စေရန် လူတစ်ယောက်တစ်ဦးထဲ၌သော်လည်းကောင်း၊ လူအစုအဝေးထဲ၌သော်လည်းကောင်း၊ လမ်းစဖွင့်ပေးနေပါသည်။ သတင်းကောင်းဟောပြောခြင်းမရှိမီကပင် သန့်ရှင်းသောဝိညာဉ်တော်သည် လူများအနေဖြင့် သတင်းကောင်းကိုကြားနာ၍ လက်ခံနိုင်ရန် လူများ၏စိတ်နှလုံးကို ပြုပြင် ပြင်ဆင်ပေးသည်။

နောက်ကြောင်းပြန်၍ သုံးသပ်ကြည့်ပါက ခရစ်ယာန်များသည် ကယ်တင်ခြင်းရရှိရန် သန့်ရှင်းသောဝိညာဉ် တော်၏ လမ်းပြကူညီမှုကို တွေ့မြင်နိုင်ပါသည်။ ဤသို့ သန့်ရှင်းသောဝိညာဉ်တော်၏ ပြင်ဆင်ပြုပြင်ပေးခြင်းကို ကြိုတင်ရှိနှင့်ပြီးသောကျေးဇူးတော် **(Prevenient Grace)** ဟု ကျွန်ုပ်တို့ ခေါ်ကြသည်။

ဘုရားသခင်သည် ကျွန်ုပ်တို့အတွက်ဖြစ်သည်။ မိမိ၏သားတော်အားဖြင့်ပြုခဲ့ပြီးသောအရာအားလုံးကို ဘုရားသခင်သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့အား ပေးကမ်းပါသည်။ အမှန်အားဖြင့် သားတော်ယေရှုအားဖြင့် ဘုရားသခင်ပြုပြီးခဲ့သေ ကယ်တင်ခြင်း၏အကျိုးကျေးဇူးကို ဖန်ဆင်းခြင်းတစ်ခုလုံးကပင် ခံစားကြရသည်။ (ရောမ ၈း၁၉ -၂၅)။

ဘုရားသခင်သည် ကျေးဇူးတော်အားဖြင့် ပြုသောအပြစ်ခွင့်လွှတ်ခြင်း၊ မိမိကိုယ်တော်တိုင်နှင့် ပြန်လည်သင့်မြတ်စေခြင်းအမှုကို ဖြောင့်မတ်စေခြင်း **(Justification)** ဟု ကျွန်ုပ်တို့ ခေါ်ဆိုကြသည်။ ဖြောင့်မတ်စေခြင်းသည် ဘုရားသခင်၏ညှာတာခြင်းကို ပြန်လည်ရယူခြင်းဖြစ်ပြီး ယုံကြည်ခြင်းအားဖြင့် ကျေးဇူးတော်ကြောင့်သာလျှင် ရရှိနိုင်သည်။

ဖြောင့်မတ်စေခြင်းသည် ဘုရားသခင်၏ ကယ်ခြင်းလုပ်ငန်းစဉ်၏ပထမြောက်အကျိုးရလဒ်တစ်ခု ဖြစ်သည်။ ဒုတိယ အကျိုးရလဒ်မှာ နောင်တရ၍ ကယ်တင်ခြင်းခံရသောလူများထဲ၌ ဘုရားသခင်အလိုရှိသောအသက်တာကို တည်ဆောက်ပေးရန် သန့်ရှင်းသောဝိညာဉ်တော် စေလွှတ်ပေးခြင်းဖြစ်သည်။ ကယ်တင်ခြင်းရရှိသောသူများသည် သန့်ရှင်းသော ဝိညာဉ်တော်ဘုရား၏ အသစ်ပြုပြင်ခြင်းကိုခံရသောသတ္တဝါများဖြစ်ကြသည်။ ဤသို့ ဝိညာဉ်ရေးရာအသက်တာသစ်ရရှိခြင်းကို အသစ်ပြုပြင်သောသတ္တဝါ၊ အသစ်တဖန်မွေးဖွားခြင်း၊ အထက်မှမွေးဖွားသန့်စင်ပေးခြင်း၊ ထာဝရအသက်၊ ဘုရားသခင်၏ နိုင်ငံတော်ထဲသို့ဝင်စားခြင်း၊ အသစ်သောအသက်တာဖြင့် လျှောက်လှမ်းခြင်းနှင့် သန့်ရှင်းသော ဝိညာဉ်တော်ထဲ၌ရှိသော အသက်တာဟု ဓမ္မသစ်ကျမ်းထဲ၌ တွေ့ရသည်။

မည်သို့ပင်ဆိုစေကာမူ ဘုရားသခင်၏အံ့ဖွယ်ကျေးဇူးတော်အားဖြင့် သန့်ရှင်းသောဝိညာဉ်တော်သည်ခရစ်ယာန်များထဲ၌ ရှင်သန် စေပြီး အသက်တာကို ပြုပြင်ပြောင်းလဲစေသည်။ ယခင်ဘုရားသခင်နှင့် ရန်ငြိုးရှိသော်လည်း ယခု ဘုရားသခင်နှင့် ပြန်လည်သင့် မြတ်ခွင့်ရကြသည်။ ယခင်၌ မျှော်လင့်ချက်မဲ့ကြသော်လည်း ယခု၌မူကား မျှော်လင့်ချက်ရရှိကြသည်။ ဓမ္မသစ်ကျမ်းက ဤသို့ ကြွေးကြော်ထားပါသည်-း 'လူမည်ကား ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ'။ (၂ကောရိ ၅း၁၇-၁၈)။

ခရစ်ယာန်များသည် ခရစ်တော်အထဲ၌ရှိသောသူများ (သို့မဟုတ်) မိမိတို့အထဲ၌ ခရစ်တော်ပိုင်ဆိုင်သောသူများဖြစ်သည်ဟု ဓမ္မသစ်ကျမ်း၌ ဖော်ပြထားသည်။ တနည်းအားဖြင့် ခရစ်ယာန်များသည် အပြစ်မှနောင်တရ၍ ယုံကြည်ခြင်းကြောင့် ခရစ်တော်ထဲ၌ (ရောမ ၈း၁) ဘုရားသခင်နှင့်သင့်မြတ်သောသူများ ဖြစ်ကြသည်။

ကျွန်ုပ်တို့အထဲ၌ခရစ်တော်ရှိခြင်းသည် ‘ဘုန်းအသရေတော်ကို မျှော်လင့်ခြင်းအကြောင်းဖြစ်သည်ဟု ဓမ္မသစ်ကျမ်း၌ ဖော်ပြထားသည် (ကောလောသဲ၁း၂၇)။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ရှင်ပြန်ထမြောက်တော်မူသောခရစ်တော်သည် မိမိ၏အသက်တာကို ယုံကြည်သူများထံဝေမျှသည်။ ခရစ်တော်သည် ယုံကြည်သူများအထဲ၌ အစဉ်ရှိနေပြီး ယုံကြည်သူများ၏အသက် တာ၌ ဝိညာဉ်အသီးကို ဖြစ်ထွန်းစေသည် (ဂလာတိ ၅း၂၂-၂၃)။


သို့သော်လည်း လူများသည် ‘ခရစ်ယာန်တစ်ယောက်အနေဖြင့် မည်ကဲ့သို့သောဝိညာဉ်ရေးရာအသက်တာကို ကျွန်ုပ်တို့မျှော်လင့်ရမည်နည်း။ ‘ဒုစရိုက်ပြုတတ်သော ကျွန်ုပ်တို့၏ အကျင့်ဟောင်းများသည် ကျွန်ုပ်တို့၏အသက်ရှင်နေထိုင်မှုပုံစံကို ထိန်းချုပ်ထား သည်မဟုတ်လော့ (သို့မဟုတ်) ‘ဘုရားသခင်၏ဝိညာဉ်တော်သည် ယခုကျွန်ုပ်တို့အထဲ၌ ပို၍ကောင်းမွန်သောအသက်တာ ကို ပေးသလော’ ဟု မေးတတ်ကြသည်။ ဓမ္မသစ်ကျမ်း၌ ထိုမေးခွန်းများကို ဤသို့ဖြေဆိုထားပါသည်-း ‘အကြောင်းမူကား သင်တို့အထဲ၌ရှိသောသူသည် လောကအထဲ၌ရှိသောသူထက်သာ၍ကြီးမြတ်တော်မူ၏’ (၁ ယောဟန် ၄း၄)။

ခရစ်တော်ကို သေခြင်းမှထမြောက်စေ၍သေခြင်းတရား၊ ငရဲနှင့်အပြစ်တရားကိုအောင်မြင်ကျော်လွှားစေသော မဟာတန်ခိုးသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့အထဲ၌ ကျိန်းဝပ်လှုပ်ရှားနေသည်။ ယခင်အချိန်၌ အပြစ်တရားနှင့်သေခြင်းတို့သည် ကျွန်ုပ်တို့ကိုအုပ်စိုးခဲ့သည်။ ယခုမူကား ‘ယေရှုခရစ်၌တည်၍ အသက်ရှင်စေသော ဝိညာဉ်တော်၏တရားသည် အပြစ်တရား၏လက်မှ၄င်း၊ သေခြင်းတရား၏လက်မှ၄င်း၊ ငါ့ကို ကယ်လွှတ်ပြီ’ (ရောမ ၈း၂)။

သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းခြင်းနှင့် အသွေးသား၏အလိုသို့မလိုက်ဘဲ ဝိညာဉ်တော်၏အလိုတော်သို့လိုက်ခြင်းသည် ခရစ်ယာန်များအားလုံး၏ ပျော်ရွှင်ရမည့်စံနှုန်းဖြစ်သည် (ရောမ၈း၁-၈)။ မိတ်ဆွေ- သင့်အသက်တာ၌ ဘုရား၏အံ့ဖွယ်ပြောင်း လဲစေနိုင်သောကျေးဇူးတော်နမိတ်လက္ခာကို ကြုံတွေ့ခံစားဘူးပြီလား?။

“The Miracle of Tramsforming Grace”essay taken from, The Reflecting God Study Bible® 2000. Bible copyright by The Zondervan Corporation and Essay by Beacon Hill Press of Kansas City. Used by permission of Publisher. All rights reserved.




AΩ

# နာဇရင်း (န်)အသင်းတော် အခြေခံယုံကြည်ချက်များ
# CHURCH OF THE NAZARENEŠ ARTICLES OF FAITH

## စကားချီး
## PREAMBLE

ဘုရားသခင်သည် သန့်ရှင်းသူတို့၌ အထက်ကပေးအပ်ခဲ့သော ကျွန်ုပ်တို့၏ယုံကြည်ခြင်းအမွေအနှစ်၊ ယုံကြည်မှုသြဝါဒ (doctrine) နှင့် ကျေးဇူးတော်၏ ဒုတိယမြောက်လုပ်ငန်းစဉ်တည်းဟူသော လုံးဝဥဿုံသန့်ရှင်းစင်ကြယ်စေခြင်းကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ပြီး ဘုရားသခင်၏နိုင်ငံတော်ကျယ်ပြန့်စေခြင်း၌ အခြားသောခရစ်တော်၏ အသင်းတော်ဝင်အသီးသီးတို့နှင့် ထိရောက်စွာပူးပေါင်းလုပ်ဆောင်နိုင်ရန် နာဇာရင်း(န်)အသင်းတော်၏အမှုတော်ဆောင်များနှင့် သာမန်အသင်းသူ၊ အသင်းသားများသည် ကျွန်ုပ်တို့အသင်း၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နာဇရင်း(န်)အသင်းတော်၏ အခြေခံစည်းမျဉ်း (သို့) နာဇရင်း(န်)အသင်းတော်၏ အခြေခံယုံကြည်ချက်များ၊ ခရစ်ယာန်ဂုဏ်အင်္ဂါပဋိညာဉ်၊ နှင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံအကြောင်းအရာများကို အောက်ပါအတိုင်း သတ်မှတ်ကျင့်သုံး ကြသည်။

### ၁။ သုံးပါးတစ်ဆူ ဘုရား
### The Triune God

၁။ကျွန်ုပ်တို့သည် ထာဝရတည်ရှိတော်မူသော၊ အဆုံးအစမဲ့သော၊ အရာခပ်သိမ်းကိုအုပ်စိုးတော်မူသော ဖန်ဆင်းရှင်၊ စကြာဝဠာကို အစဉ်ထိန်းသိမ်းစောင့်ရှောက်တော်မူသော တစ်ဆူတည်းသော ဘုရားသခင်ကို ယုံကြည်ကြသည်။ ထိုဘုရားသခင် သာလျှင် စစ်မှန်သောဘုရားသခင်ဖြစ်ပြီး ပင်ကိုယ်သဘာဝအားဖြင့်သော်လည်းကောင်း၊ ဂုဏ်အင်္ဂါအရသော်လည်းကောင်း၊ ရည်ရွယ်ချက်၌သော်လည်းကောင်း၊ သန့်ရှင်းတော်မူသောဘုရားဖြစ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ကြသည်။ သန့်ရှင်း၍ချစ်ခြင်း မေတ္တာနှင့် အလင်းရှင်ဘုရားသခင်သည် သုံးပါးတစ်ဆူဖြစ်ပြီး ဖခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော် အစရှိ သည်ဖြင့် မိမိကိုယ်ကို ထင်ရှားဖော်ပြသည်။

(ကမ္ဘာဦးကျမ်း ၁၊ ဝတ်ပြုရာကျမ်း ၁၉း၂၊ တရားဟောရာကျမ်း ၆း၄-၅၊ ဟေရှာယ ၅း၁၆၊ ၆း၁-၇၊ ၄၀း၁၈-၃၁၊ ရှင်မဿဲ ၃း၁၆-၁၇၊ ၂၈း၁၉-၂၀၊ ရှင်ယောဟန် ၁၄း၆-၂၇၊ ၁ ကောရိန္သု ၈း၆၊ ၂ ကောရိန္သု ၁၃း၁၄၊ ဂလာတိ ၄း၄-၆၊ ဧဖက် ၂း၁၃-၁၈၊ ၁ယောဟန် ၁း၅၊ ၄း၈)။

### ၂။ ယေရှုခရစ်တော်
### Jesus Christ

၂။သုံးပါးတစ်ဆူဘုရား၌ ဒုတိယမြောက်ပုဂ္ဂိုလ်ဖြစ်သော ယေရှုခရစ်တော်ကို ကျွန်ုပ်တို့ယုံကြည်ကြသည်။ ထိုယေရှုခရစ် တော်သည် ခမည်းတော်ဘုရားနှင့် ထာဝရအတူရှိနှင့်တော်မူသောသူဖြစ်၍ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် လူ့ဇာတိကို ခံယူတော်မူပြီး အပျိုကညာမာရိ၏ဝမ်းဗိုက်မှ ဖွားတော်မူခြင်းကို ခံတော်မူခဲ့သည်။ ထို့ကြောင့် ယေရှုခရစ်တော်သည် ဘုရားသခင်၏ဇာတိနှင့် လူ့ဇာတိရာနှုန်းပြည့်ပေါင်းစပ်ထားသော ပုဂ္ဂိုလ်တည်းဟူသော ဘုရား-လူ (God-Man) ဖြစ်သည်။

ယေရှုခရစ်တော်သည် ကျွန်ုပ်တို့၏အပြစ်ကြောင့် အသေခံခဲ့ပြီး သေခြင်းမှရှင်ပြန်ထမြောက်ကာ လူသားသဘာဝ၏ပြည့်စုံခြင်းနှင့် သက်ဆိုင်သောခန္ဓာကိုယ်ကို တဖန် ယူတင်ဝတ်ဆင်ခဲ့သည်။ ထိုနောက် ကောင်းကင်နိုင်ငံတော်သို့တက်ကြွတော်မူ၍ ကျွန်ုပ်တို့ အတွက် အစဉ်ဘုရားသခင်ထံ ဖြန်ဖြေဆုတောင်းပေးနေသည်ဟု ကျွန်ုပ်တို့ ယုံကြည်ကြသည်။

(ရှင်မဿဲ ၁း၂၀-၂၁၊ ၁၆း၁၅-၁၆၊ ရှင်လုကာ ၁း၂၆း၃၅၊ ရှင်ယောဟန်၁း၁-၁၈၊ တမန်တော် ၂း၂၂-၃၆၊ရောမ ၈း၃၊၃၂-၃၄၊ ဂလာတိ ၄း၄-၅၊ဖိလိပိ ၂း၅-၁၁၊ ကောလောသဲ ၁း၁၂ ၂၂၊ ၁တိမော ၆း၁၄-၁၆၊ ဟေဗြဲ ၁း၁-၅၊ ၇း၂၂-၂၈၊ ၁ ယောဟန် ၁း၁-၃၊၄း၂-၃၊ ၁၅)။



## ၃။ သန့်ရှင်းသောဝိညာဉ်တော်
## The Holy Sprit

၃။သုံးပါးတစ်ဆူဘုရား၌ တတိယမြောက်ပုဂ္ဂိုလ်ဖြစ်သော သန့်ရှင်းသောဝိညာဉ်တော်သည် ထာဝရတည်ရှိတော်မူသော ပုဂ္ဂိုလ်၊ ခရစ်တော်၏အသင်းတော်၌ တက်ကြွစွာလှုပ်ရှားတော်မူသောသူ၊ လောကလူသားများအား အပြစ်ကိုသိမြင်စေသော သူ၊ အပြစ်မှနောင်တရ၍ ခရစ်တော်ကိုယုံကြည်သောသူများအား အသစ်ပြုပြင်ပေးသောသူ၊ ယုံကြည်သူများအား သန့်ရှင်း စင်ကြယ်စေသောသူ၊ ယုံကြည်သူများအား ခရစ်တော်ထဲ၌သမ္မတရားလမ်းသို့ လမ်းပြပို့ဆောင်ပေးသောသူဖြစ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်သည်။

(ရှင်ယောဟန် ၇း၃၉၊ ၁၄း၁၅-၁၈၊ ၂၆း၇-၁၅၊ တမန်တော် ၂း၃၃၊ ၁၅း၈-၉၊ ရောမ ၈း၁-၂၇၊ ဂလာတိ ၃း၁-၁၄၊ ၄း၆၊ ဧဖက် ၃း၁၄-၂၁၊ ၁သက်သာလောနိတ် ၄း၇-၈၊ ၂သက်သာလောနိတ် ၂း၁၃၊ ၁ပေတရု ၁း၂၊ ၁ယောဟန် ၃း၂၄၊ ၄း၁၃)။



## ၄။ သန့်ရှင်းသော သမ္မာကျမ်းစာ
## The Holy Scriptures

၄။ သန့်ရှင်းသောနှုတ်ကပတ်တော်တည်းဟူသော သမ္မာကျမ်းစာထဲရှိ စာစောင် ၆၆ စောင် (ဓမ္မဟောင်းနှင့် ဓမ္မသစ်) သည် ဘုရားသခင်မှုတ်သွင်းတော်မူသော ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက် လိုအပ်သည့်ဘုရားသခင်၏အလိုတော်ကို အမှား အယွင်းမရှိဖော်ပြထားသော ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ကြသည်။ ထို့ကြောင့် သမ္မာကျမ်း စာ၌ မပါရှိသောအရာများကို အခြေခံယုံကြည်ချက်အဖြစ် မသတ်မှတ်သင့်ပေ။

(ရှင်လုကာ ၂၄း၄၄-၄၇၊ ရှင်ယောဟန် ၁၀း၃၅၊ ၁ကောရိ ၁၅း၃-၄၊ ၂တိမောသေ ၃း၁၅-၁၇၊ ၁ပေတရု ၁း၁၀-၁၂၊ ၂ပေတရု ၁း၂၀-၂၁)။



## ၅။ ဗီဇ (မူလ) အပြစ်နှင့် ဒုစရိုက်အပြစ်
## Sin, Original and personal

၅။ အပြစ်တရားသည် ပထမဦးဆုံးသောလူသားများ၏ မနာခံခြင်းကြောင့် ဤလောကထဲသို့ဝင်ရောက်လာပြီး အပြစ် ကြောင့်သေခြင်းရောက်လာသည်ဟု ကျွန်ုပ်တို့ ယုံကြည်ကြသည်။ အပြစ်နှစ်မျိုးရှိသည်ဟု ကျွန်ုပ်တို့ ယုံကြည်ကြသည်။ ၎င်းတို့ မှာ ဗီဇအပြစ်နှင့် ဒုစရိုက်အပြစ်တို့ဖြစ်ကြသည်။

၅. ၁။ ဗီဇအပြစ်ဆိုသည်မှာ အာဒံမှမွေးဖွားလာသော သားစဉ်မြေးဆက်အားလုံး၏ သဘောသဘာဝပျက်စီးသွားခြင်း ဖြစ်သည်ဟု ကျွန်ုပ်တို့ယုံကြည်ကြသည်။ လူသားအားလုံးသည် မူလဖြောင့်မတ်ခြင်း (သို့) ဖန်ဆင်းခြင်း၌ရှိခဲ့သောလူ၏ သန့်ရှင်း စင်ကြယ်ခြင်းနှင့် ဝေးကွာသောသူများဖြစ်ကြပြီး ဘုရားသခင်ကိုဆန့်ကျင်သောသူများ၊ ဝိညာဉ်ရေးရာကင်းမဲ့သူများ၊ အပြစ်ပြုခြင်း ၌ စိတ်တိမ်ညွတ်သောသူများဖြစ်လာသည်ဟု ကျွန်ုပ်တို့ယုံကြည်ကြသည်။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ပြည့်စုံစွာ

သန့်ရှင်းစင်ကြယ်ခြင်းမရှိသည့်ကာလအထိ ဗီဇအပြစ်သည် အသစ်ပြုပြင်ခြင်းခံရသူများ၏ အသက်တာသစ်ထဲ၌ပင် ဆက်လက်တည်ရှိနေသည်ဟု ကျွန်ုပ်တို့ ယုံကြည်ကြသည်။

၅. ၂။ ဗီဇအပြစ်သည် ဒုစရိုက်အပြစ်နှင့် ကွဲပြားသည်ဟု ကျွန်ုပ်တို့ယုံကြည်ကြသည်။ ဗီဇအပြစ်သည် အာဒံထံမှ ဆက်ခံရရှိသောအမွေဖြစ်ပြီး ထိုဗီဇအပြစ်မှ ဒုစရိုက်အပြစ် ဆက်လက်ဖြစ်ပေါ်စေခဲ့သည်။ ဘုရားသခင်၏ ပြုပြင်ပေးခြင်းကို ငြင်းပယ်ခြင်းမပြုမီအချိန်အထိ ထိုဗီဇအပြစ်အတွက်မည်သူမျှ တာဝန်ယူရန်မလိုအပ်ပါဟု ကျွန်ုပ်တို့ ယုံကြည်ကြသည်။

၅. ၃။ ဒုစရိုက်အပြစ်ဆိုသည်မှာ မိမိကိုယ်ကိုတာဝန်ယူနိုင်သောသူတစ်ဦးက ဘုရားသခင်၏ ပညတ်တော်အား မိမိဆန္ဒအလျောက် ချိုးဖောက်ခြင်းဖြစ်သည်ဟု ကျွန်ုပ်တို့ယုံကြည်ကြသည်။ ထို့ကြောင့် ဗီဇအပြစ်၏အကျိုးသက်ရောက်မှုကြောင့် ဖြစ်ပေါ်လာသည့်ချွတ်ယွင်းချက်များ၊ အားနည်းချက်များ၊ အပြစ်အနာစာများ၊ အမှားများ၊ ကျရှုံးမှုများနှင့် မပြည့်စုံမှုများကို ဒုစရိုက်အပြစ်ဟု အမှတ်မမှားသင့်ပေ။ ထိုအရာများသည် ရှောင်လွှဲ၍မရနိုင်သောအရာများဖြစ်သည်။ သို့သော် ခရစ်တော်၏ စိတ်သဘောထားကို ဆန့်ကျင်သောစိတ်နေသဘောထား (သို့) တုံ့ပြန်မှုများသည် ရှောင်လွှဲ၍မရနိုင်သော ချွတ်ယွင်းချက် ထဲ၌ မပါဝင်ပေ။ ထိုအရာကို မနေသာအားဖြင့် ပြုသောအပြစ်များဟု ခေါ်နိုင်သည်။ အခြေခံအားဖြင့် ဒုစရိုက်အပြစ်ဆိုသည်မှာ မေတ္တာတရားကို ချိုးဖောက်ခြင်းနှင့် ခရစ်တော်ကိုမယုံကြည်ခြင်းဖြစ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ကြသည်။

(ဗီဇအပြစ် - ကမ္ဘာဦးကျမ်း ၃း၆-၅၊ ယောဘ ၁၅း၁၄၊ ဆာလံ ၅၁း၅၊ ယေရမိ ၁၇း၉-၁၀၊ ရှင်မာကု ၇း၂၁-၂၃၊ ရောမ ၁း၁၈-၂၅၊ ၅း၁၂-၁၄၊ ၇း၁-၈း၉-၁၊ ၁ကော ၃း၁-၄၊ ဂလာတိ ၅း၁၆-၂၅၊ ၁ယောဟန် ၁း၇-၈။ ဒုစရိုက်အပြစ် - ရှင်မဿဲ ၂၂း၃၆-၄၀ (၁ယောဟန် ၃း၄)၊ ရှင်ယောဟန် ၈း၃၄-၃၆၊ ၁၆း၈-၉၊ ရောမ ၃း၂၃၊ ၆း၁၅-၂၃၊ ၈း၁၈-၂၄၊ ၁၄း၂၃၊ ၁ယောဟန် ၁း၉-၂း၄၊ ၃း၇-၁၀)။

## ၆။ အပြစ်ဖြေခြင်း
## Atonement

၆။ ယေရှုခရစ်တော်၏ ဒုက္ခဝေဒနာခံစားခြင်း၊ အသွေးသွန်းလောင်းခြင်း၊ လက်ဝါးကပ်တိုင်ပေါ်၌ အသေခံခြင်းသည် လူသားအားလုံး၏ ရာနှုန်းပြည့် အပြစ်ဖြေရာယဇ်ပူဇော်ခြင်းဖြစ်သည်ဟု ကျွန်ုပ်တို့ယုံကြည်ကြသည်။ ခရစ်တော်ပူဇော်သောအပြစ် ဖြေရာယဇ်သည် အာဒံမှ ဆင်းသက်လာသော လူသားမျိုးနွယ်စုတစ်ရပ်လုံးအတွက် လုံလောက်သောယဇ်ပူဇော်ခြင်း ဖြစ်သည်။ခရစ်တော်၏ အပြစ်ဖြေခြင်းယဇ်သည် မိမိကိုယ်ကိုတာဝန်ယူရန် မတတ်စွမ်းနိုင်သောသူများနှင့် အပြစ်ကင်းစင်သော ကလေး ငယ်များ၏ ကယ်တင်ခြင်းအတွက် လုံလောက်သောအကျိုးသက်ရောက်မှုရှိသော်လည်း မိမိကိုယ်ကို တာဝန်ယူနိုင်သည့်အသက် အရွယ်ရောက်သောသူများအတွက် ခရစ်တော်၏ အပြစ်ဖြေရာယစ်ပူဇော်ခြင်းသည် နောင်တရ၍ယုံကြည်မှသာ အကျိုးသက်ရောက်မှုရှိသည်။

(ယေရှာယ ၅၃း၅-၆ နှင့် ၁၁၊ ရှင်မာကု ၁၀း၄၅၊ ရှင်လုကာ ၂၄း၄၆-၄၈၊ ရှင်ယောဟန် ၁း၂၉၊ ၃း၁၄-၁၇၊ တမန်တော် ၄း၁၀-၁၂၊ ရောမ ၃း၂၁-၂၆၊ ၄း၁၇-၂၅၊ ၅း၆-၂၁၊ ၁ကော ၆း၂၀၊ ၂ကော ၅း၁၄-၂၁၊ ဂလာတိ ၁း၃-၄၊ ၃း၁၃-၁၄၊ ကောလောသဲ ၁း၁၉-၂၃၊ ၁တိမောသေ ၂း၃-၆၊ တိတု ၂း၁၁-၁၄၊ ဟေဗြဲ ၂း၉၊ ၉း၁၁-၁၄၊ ၁၃း၁၂၊ ၁ပေတရု ၁း၁၈-၂၁၊ ၂း၉-၂၅၊ ၁ယောဟန် ၂း၁-၂)။

## ၇။ ကြိုတင်ရှိနှင့်ပြီးသော ကျေးဇူးတော်
## Prevenient Grace

၇။ ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်းဆင်းထားသောလူသား၌ အမှားနှင့်အမှန်ကိုလွတ်လပ်စွာ ရွေးချယ်နိုင်ခြင်းအခွင့်ရှိခဲ့သည်။ ထို့ကြောင့် လူသားသည် မိမိပြုလုပ်သောလုပ်ဆောင်မှုအပေါ် တာဝန်ရှိသောသူဖြစ်သည်ဟု ကျွန်ုပ်တို့ယုံကြည်ကြသည်။ သို့သော် အာဒံအပြစ်ထဲသို့ကျ၍ အပြစ်သားဖြစ်ပြီးနောက် လူသားများသည် ဆိုးသွမ်းသောသူများဖြစ်လာကြပြီး မိမိ၏အစွမ်းအစဖြင့် ဘုရားသခင်ထံပြန်မလှည့်နိုင်သောသူ၊ ဘုရားသခင်ကို မခေါ်နိုင်သောသူ၊ ဘုရားသခင်ကို မယုံကြည် နိုင်သောသူများ ဖြစ်လာကြသည်။ ယေရှုခရစ်တော်အားဖြင့် ဘုရားသခင်၏ကျေးဇူးတော်သည် လူသားအားလုံးအပေါ်၌

တည်ရှိနေပြီး အခမဲ့ဖြစ်သောထိုကျေးဇူးတော်သည် အပြစ်မှဖြောင့်မတ်ရာသို့ပြန်လှည့်၍ အပြစ်ခွင့်လွှတ်ခြင်းနှင့် အပြစ်ဆေးကြောသန့်စင်ခြင်းအတွက် ခရစ်တော်ယေရှုကို ယုံကြည်သက်ဝင်ကာဘုရားသခင်နှစ်သက်သော ကောင်းမှုကုသိုလ်များပြုလုပ်ရန် ဆန္ဒရှိသောသူများအား မစကူညီပေးသည်ဟု ကျွန်ုပ်တို့ယုံကြည်ကြသည်။

ကယ်တင်ခြင်းရရှိ၍ အသက်တာသန့်ရှင်းစင်ကြယ်ခြင်းရှိသောယုံကြည်သူများပင်လျှင် ကျေးဇူးတော်မှကျဆုံး၍ ဖောက်ပြန်ပျက်စီးတတ်ပြီး မိမိပြုမိသောအပြစ်များကို နောင်တမရပါကမျှော်လင့်ချက်ကင်းမဲ့လျက် ထာဝရအသက်ဆုံးရှုံးနိုင်သည်ဟု ကျွန်ုပ်တို့ယုံကြည်ကြသည်။

(ဘုရားသခင်ပုံသဏ္ဍာန်တော်နှင့်အညီဖြစ်ခြင်းနှင့်အမှားအမှန်ခွဲခြားတာဝန်ယူနိုင်မှု ကမ္ဘာဦးကျမ်း ၁း၂၆-၂၇၊ ၂း၁၆-၁၇၊ တရားဟော ၂၈း၁-၂၊ ၃၀း၁၉၊ ယောရှုမှတ်စာ ၂၄း၁၅၊ ဆာလံ ၈း၃-၅၊ ဟေရှာယ ၁း၈-၁၀၊ ယေရမိ ၃၁း၂၉-၃၀၊ ယေဇကျေလ ၁၈း၁-၄၊ မိက္ခာ ၆း၈၊ ရောမ ၁း၁၉-၂၀၊ ၂း၁-၁၆၊ ၁၄း၇-၁၂၊ ဂလာတိ ၆း၇-၈။

သဘာဝအလျှောက်တတ်စွမ်းနိုင်မှု- ယောဘ ၁၄း၄၊၁၅း၁၄၊ ဆာလံ ၁၄း၁-၄၊ ၅၁း၅၊ ယောဟန် ၃း၆၊ ရောမ ၃း၁၀-၁၂၊ ၅း၁၂-၁၄၊ ၂၀၊ ၇း၁၄-၂၅။


အခမဲ့ကျေးဇူးတော်နှင့်ယုံကြည်ခြင်းလုပ်ဆောင်မှု - ယေဇကျေလ ၁၈း၂၅-၂၆၊ ရှင်ယောဟန် ၁း၁၂-၁၃၊ ၃း၆၊ တမန်တော် ၅း၃၁၊ ရောမ ၅း၆-၈၊ ၁၈၊ ၆း၁၅-၁၆၊ ၂၃၊ ၁၀း၆-၈၊ ၁၁း၂၂၊ ၁ကော ၂း၉-၁၄၊ ၁၀း၁-၁၂၊ ၂ကော ၅း၁၈-၁၉၊ ဂလာတိ ၅း၆၊ ဧဖက် ၂း၈-၁၀၊ ဖိလိပ္ပိ ၂း၁၂-၁၃၊ ကောလောသဲ ၁း၂၁-၂၃၊ ၂တိမောသေ ၄း၁၀၊ တိတု ၂း၁၁-၁၄၊ ဟေဗြဲ ၂း၁-၃၊ ၃း၁၂-၁၅၊ ၆း၄-၆၊ ၁၀း၂၆-၃၁၊ ရှင်ယာကုပ် ၂း၁၈-၂၂၊ ၂ပေတရု ၁း၁၀-၁၁၊ ၂း၂၀-၂၂)။

## ၈။ နောင်တတရား
## Repentance



၈။ စိတ်အားဖြင့်သော်လည်းကောင်း၊ အပြုအမူအားဖြင့်သော်လည်းကောင်း ဘုရားသခင်ကိုပြစ်မှားသောအပြစ်များသည် စိတ်နှလုံးပြောင်းလဲ၍ အပြစ်မှနောင်တရပြီး ဘုရားသခင်ထံပြန်လှည့်ရန်လိုအပ်သည်။ အပြစ်ခွင့်လွှတ်ခြင်းနှင့် ထာဝရ အသက်ကိုရရှိနိုင်ရန် ဘုရားသခင်၏ဝိညာဉ်တော်သည် စိတ်နှလုံးပြောင်းလဲသောအပြစ်သားများအား နောင်တနှလုံးသားနှင့် ကရုဏာမျှော်လင့်ခြင်းကိုပေးသည်ဟု ကျွန်ုပ်တို့ယုံကြည်ကြသည်။

(၂ရာဇဝင်ချုပ် ၇း၁၄၊ ဆာလံ ၃၂း၅-၆၊ ၅၁း၁-၁၇၊ ဟေရှာယ ၅၅း၆-၇၊ ယေရမိ ၃း၁၂-၁၄၊ ယေဇကျေလ ၁၈း၃၀-၃၂၊ ၃၃း၁၄-၁၆၊ ရှင်မာကု ၁း၁၄-၁၅၊ ရှင်လုကာ ၃း၁-၁၄၊ ၁၃း၁-၅၊ ၁၈း၉-၁၄၊ တမန်တော် ၂း၃၈၊ ၃း၁၉၊ ၅း၃၁၊ ၁၇း၃၀-၃၁၊ ၂၆း၁၆-၁၈၊ ရောမ ၂း၄၊ ၂ကောရိ ၇း၈-၁၁၊ ၁သက်သာလောနိတ် ၁း၉၊ ၂ပေတရု ၃း၉။)။



## ၉။ ဖြောင့်မတ်သောသူအဖြစ်မှတ်ယူခြင်း၊ အသစ်ပြုပြင်ခြင်းနှင့် သားသမီးအဖြစ်မှတ်ယူခြင်း
## Justification, Regeneration, and Adoption

၉။ ဖြောင့်မတ်သောသူအဖြစ်မှတ်ယူခြင်းဆိုသည်မှာ ယေရှုခရစ်တော်အား မိမိ၏အရှင်သခင်နှင့်ကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံသူများအား အပြစ်ရှိလျက်ပင် အပြစ်ကိုခွင့်လွှတ်၍ အပြစ်ဒဏ်မှလွတ်မြောက်စေကာ ဖြောင့်မတ်သောသူအဖြစ် မှတ်ယူခြင်းတည်းဟူသော ဘုရားသခင်၏လုပ်ဆောင်မှုဖြစ်သည်ဟု ကျွန်ုပ်တို့ယုံကြည်ကြသည်။

၉. ၁။အသစ်ပြုပြင်ခြင်း (သို့) အသစ်တစ်ဖန်မွေးဖွားခြင်းသည် နောင်တရသောယုံကြည်သူများအား ထူးခြားသော ဝိညာဉ်ရေးရာအသက်၊ ယုံကြည်နိုင်စွမ်း၊ ချစ်ခြင်းမေတ္တာနှင့် နာခံခြင်းကိုဖြစ်စေသော ဘုရားသခင်၏ကျေးဇူးတော်လုပ်ဆောင်မှုဖြစ်သည်ဟု ကျွန်ုပ်တို့ယုံကြည်ကြသည်။

၉. ၂။ သားသမီးအဖြစ်မှတ်ယူခြင်းဆိုသည်မှာ ယုံကြည်ခြင်းကြောင့် ဖြောင့်မတ်သောသူအဖြစ်မှတ်ယူခြင်းခံရ၍ အသစ်ပြုပြင်မွေးဖွားခြင်းခံရသောသူများအား ဘုရားသခင်၏အမွေစားအမွေခံသားသမီးအဖြစ် မှတ်ယူခြင်းတည်းဟူသော ဘုရားသခင်၏လုပ်ဆောင်မှုဖြစ်သည်ဟု ကျွန်ုပ်တို့ယုံကြည်ကြသည်။

၉. ၃။ ဖြောင့်မတ်သောသူအဖြစ်မှတ်ယူခြင်း၊ အသစ်ပြုပြင်ခြင်းနှင့် သားသမီးအဖြစ်မှတ်ယူခြင်းသည် ဘုရားသခင်ကိုရှာဖွေသောသူများအနေဖြင့် တစ်ပြိုင်နက်ကြုံတွေ့ရသော အတွေ့အကြုံဖြစ်ပြီး ၎င်းတို့ကို နောင်တရ၍ ယုံကြည်ခြင်းဖြင့်သာရရှိနိုင်သည်။ ထိုဖြစ်စဉ်များကို သန့်ရှင်းသောဝိညာဉ်တော် ကိုယ်တိုင်သက်သေခံပေးသည်ဟု ကျွန်ုပ်တို့ယုံကြည်ကြသည်။
(ရှင်လုကာ ၁၈း၁၄၊ ရှင်ယောဟန် ၁း၁၂-၁၃၊ ၃း၃-၈၊ ၅-၂၄၊ တမန်တော် ၁၃း၃၉၊ ရောမ ၁း၁၇၊ ၃း၂၁-၂၆၊ ၂၈၊ ၄း၅-၉၊ ၁၇-၂၅၊ ၅း၁၊၁၆-၁၉၊ ၆း၄၊ ၇း၆၊ ၈း၁၊ ၁၅-၁၇၊ ၁ကော ၁း၃၀၊ ၆း၁၁၊ ၂ကော ၅း၁၇-၂၁၊ ဂလာတိ ၂း၁၆-၂၁၊ ၃း၁-၁၄၊ ၂၆၊ ၄း၄-၇၊ ဧဖက် ၁း၆-၇၊ ၂း၁၊ ၄-၅၊ ဖိလိပိ ၃း၃-၉၊ ကောလောသဲ ၂း၁၃၊ တိတု ၃း၄-၇၊ ၁ပေတရု ၁း၂၃၊ ၁ယောဟန် ၁း၉၊ ၃း၁-၂၊ ၉၊ ၄း၇၊ ၅း၁၊ ၉-၁၃၊ ၁၈)။

## ၁၀။ ခရစ်ယာန်အသက်တာ သန့်ရှင်းခြင်းနှင့် လုံးဝဥဿုံသန့်ရှင်းစင်ကြယ်ခြင်း
## Christian Holiness and Entire sanctification



၁၀။ သန့်ရှင်းစင်ကြယ်ခြင်းသည် ယုံကြည်သူများအား ခရစ်တော်၏ပုံသဏ္ဍာန်အဖြစ်သို့ ပြောင်းလဲစေသော ဘုရားသခင်၏လုပ်ဆောင်မှုတစ်ခုဖြစ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ကြသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ကနဦးသန့်ရှင်းစင်ကြယ်ခြင်း (သို့မဟုတ်) အသစ်ပြုပြင်ခြင်းကိုဖြစ်စေပြီး ထိုမှ တဖြည်းဖြည်းလုံးဝဥဿုံသန့်ရှင်း စင်ကြယ်ခြင်းနှင့် ပြီးပြည့်စုံသောချီးမြောက်ခြင်း (glorification) ကို ကျွန်ုပ်တို့အား ပေးသည်။ ချီးမြောက်ခြင်း (glorification) အဆင့်၌ ကျွန်ုပ်တို့သည် သားတော်ယေရှုခရစ်တော်၏ပုံသဏ္ဍာန်တော်သို့ ပြည့်စုံစွာပြောင်းလဲသွားသည်။

လုံးဝဥဿုံသန့်ရှင်းစင်ကြယ်ခြင်းသည် အသစ်ပြုပြင်ခြင်း (regeneration) ခံယူရရှိပြီးနောက်မှဖြစ်ပေါ်လာသောအရာဖြစ်ပြီး ပီဇအပြစ်မှလွတ်ခြင်းအခွင့်ကိုပေး၍ ဘုရားသခင်၌ လုံးဝဥဿုံဆက်ကပ်အပ်နှံခြင်းအဆင့်သို့ရောက်စေကာ သန့်ရှင်း ပြည့်စုံသောနာခံခြင်းအသက်တာကို ပေးသောဘုရားသခင်၏ ကူညီလုပ်ဆောင်မှုဖြစ်သည်ဟု ကျွန်ုပ်တို့ယုံကြည်သည်။

လုံးဝဥဿုံ သန့်ရှင်းစင်ကြယ်ခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ဗတ္တိဇံပေးခြင်း၊ စိတ်နှလုံးထဲမှအပြစ်များကို သန့်ရှင်းစင်ကြယ်စေခြင်း၊ စိတနှလုံးထဲ၌ သန့်ရှင်းသောဝိညာဉ်တော် ကျိန်းဝပ်ခြင်း၊ ယုံကြည်သူများ၏အသက်တာနှင့် လုပ်ဆောင်မှုတို့၌ သန့်ရှင်းသောဝိညာဉ်တော်၏ ပြုပြင်ခွန်အားပေးခြင်းများအားဖြင့် ရရှိနိုင်သည်။

လုံးဝဥဿုံ သန့်ရှင်းစင်ကြယ်ခြင်းသည် ခရစ်တော်၏အသွေးတော်အားဖြင့် ဖြစ်ပေါ်လာသောအရာဖြစ်ပြီး ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏ကျေးဇူးတော်သည် အဆက်မပြတ်ပြုပြင်ပေးခြင်းကြောင့် ဖြစ်သည်။ ဤသို့သော ဘုရားသခင်၏ ကျေးဇူးတော်ခံ ယူရရှိခြင်းကို သန့်ရှင်းသောဝိညာဉ်တော် ကိုယ်တိုင်သက်သေပြုပေးသည်။

လုံးဝဥဿုံ သန့်ရှင်းစင်ကြယ်ခြင်းအတွေ့အကြုံကို 'ခရစ်ယာန်ပြည့်စုံကြွယ်ဝခြင်း'၊ 'ပြီးပြည့်စုံသောချစ်ခြင်းမေတ္တာ'၊ 'စိတ်နှလုံးစင်ကြယ်ခြင်း'၊ 'သန့်ရှင်းသောဝိညာဉ်တော်၏ ဗတ္တိဇံပေးခြင်း' (သို့မဟုတ်) 'သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝခြင်း'၊ 'ကောင်းကြီး မင်္ဂလာနှင့်ပြည့်ဝခြင်း'၊ 'ခရစ်ယာန်သန့်ရှင်းစင်ကြယ်ခြင်း' စသည့် မတူညီသောအသုံးအနှုန်းအမျိုးမျိုးဖြင့် သတ်မှတ် ခေါ်ဆိုကြသည်။

၁၀. ၁။ သန့်ရှင်းသောစိတ်နှလုံးနှင့် ရင့်ကျက်သောအကျင့်အကြံအပြုအမူ(စာရိတ္တ) အကြား၌ မှတ်သားသင့်သော ကွဲပြားချက်ရှိသည်ဟု ကျွန်ုပ်တို့ယုံကြည်ကြသည်။ သန့်ရှင်းသောစိတ်နှလုံး (apure heart) သည် လုံးဝဥဿုံ သန့်ရှင်းစင်ကြယ်စေခြင်းရလဒ်အဖြစ် ချက်ချင်းရရှိသောအရာဖြစ်ပြီး ရင့်ကျက်သောအကျင့်အကြံ၊ အပြုအမူ (apure character) သည် ကျေးဇူးတော်၌ ကြီးထွားခြင်းဖြင့် တဖြည်းဖြည်းရရှိသောအရာ ဖြစ်သည်။

လုံးဝဥဿုံ သန့်ရှင်းစင်ကြယ်ခြင်းကျေးဇူးတော်၌ ခရစ်တော်နှင့်တူသော တပည့်တော်တစ်ဦးအဖြစ် ကြီးထွားရင့်ကျက်လိုသည့်ဘုရားသခင်၏ စိတ်ဆန္ဒပါဝင်သည်ဟု ကျွန်ုပ်တို့ယုံကြည်ကြသည်။ သို့သော် ဤသို့ကြီးထွားရင့်ကျက်လိုသည့် စိတ်ဓာတ်ကို အစဉ်ပြုစုထိန်းသိမ်းရန် လိုအပ်သည်။ ဝိညာဉ်ရေးရာကြီးထွားဖွံ့ဖြိုးမှုနှင့် ခရစ်တော်၏အကျင့်စာရိတ္တ၊ ဥပဒိစိတ်ဓာတ်တို့ကို အတုယူရန် အစဉ်အာရုံစိုက်ရမည်။ ထိုသို့ ရည်ရွယ်ချက်ရှိသောကြိုးပမ်းမှုမရှိပါက ယုံကြည်သူတစ်စုံတစ်ဦး၏ သက်သေခံခြင်းသည် အားနည်း၍ လုံးဝဥဿုံသန့်ရှင်းစင်ကြယ်ခြင်းသည်လည်း လုံးဝဆုံးရှုံးသွားနိုင်သည်။

လုံးဝဥဿုံသန့်ရှင်းစင်ကြယ်ခြင်းကျေးဇူးတော်ထဲ၌ တည်နေစေသောနည်းလမ်းများမှာ မိဿဟာယဖွဲ့ခြင်း၊ ဆုံးမသွန်သင်ပေးခြင်း၊ အသင်းတော်၏ အထွတ်အမြတ်ထားသောအရာများ၌ပါဝင်ခြင်း (sacraments of the church)၊ ကျေးဇူးတော်၌ ကြီးထွားရင့်ကျက်သော ယုံကြည်သူများ၏အကူအညီရယူခြင်း၊ ဘုရားသခင်နှင့် ကိုယ်နှင့် စပ်ဆိုင်သောသူများအား စိတ်နှလုံးအကြွင်းမဲ့ချစ်ခြင်း စသည်တို့ဖြစ်ကြသည်။

(ယေရမိ ၃၁း၃၁-၃၄၊ ယေဇကျေလ ၃၆း၂၅-၂၇၊ မာလခိ ၃း၂-၃၊ ရှင်မဿဲ ၃း၁၁-၁၂၊ ရှင်လုကာ ၃း၁၆-၁၇၊ ရှင်ယောဟန် ၇း၃၇-၃၉၊ ၁၄း၁၅-၂၃၊ ၁၇း၆-၂၀၊ တမန်တော် ၁း၅၊ ၂း၁-၄၊ ၁၅း၈-၉၊ ရောမ ၆း၁၁-၁၃၊၁၉၊ ၈း၁-၄၊ ၈-၁၄၊ ၁၂း၁-၂၊ ၂ကော ၆း၁၄-၇း၁၊ ဂလာတိ ၂း၂၀၊ ၅-၁၆-၂၅၊ ဧဖက် ၃း၁၄-၂၁၊ ၅း၁၇-၁၈၊ ၂၅-၂၇၊ ဖိလိပိ ၃း၁၀-၁၅၊ ကောလောသဲ ၃း၁-၁၇၊ ၁သကသာလောနိတ် ၅း၂၃-၂၄၊ ဟေဗြဲ ၄း၉-၁၁၊ ၁၀း၁၀-၁၇၊ ၁၂း၁-၂၊ ၁၃း၁၂၊ ၁ယောဟန် ၁း၇၊ ၉။


('ခရစ်ယာန်ပြည့်စုံကြွယ်ဝခြင်း' နှင့် 'ပြည့်စုံသောချစ်ခြင်းမေတ္တာ-တရားဟောရာကျမ်း ၃၀း၆၊ ရှင်မဿဲ၅း၄၃-၄၈၊၂၂း၃၇-၄၀၊ ရောမ ၁၂း၉-၂၁၊ ၁၃း၈-၁၀၊ ၁ကော ၁၃၊ဖိလိပိ ၃း၁၀-၁၅၊ ဟေဗြဲ ၆း၁၊ ၁ယောဟန် ၄း၁၇-၁၈။

'စိတ်နှလုံးသန့်ရှင်းစင်ကြယ်ခြင်း' -ရှင်မဿဲ ၅း၈၊ တမန်တော် ၁၅း၈-၉၊ ၁ပေတရု ၁း၂၂၊ ၁ယောဟန် ၃း၃။

'သန့်ရှင်းသော ဝိညာဉ်တော်၌ဗတ္တိဇံ ခံယူခြင်း'- ယေရမိ ၃၁-၃၁-၃၄၊ ယေဇကျေလ၃၆း၂၅-၂၇၊ မာလခိ ၃း၂-၃၊ ရှင်မဿဲ ၃း၁၁-၁၂၊ ရှင်လုကာ ၃း၁၆-၁၇၊ တမန်တော် ၁း၅၊ ၂း၁-၄၊ ၁၅း၈-၉။

'မင်္ဂလာဖြင့်ပြည့်ဝခြင်း- ရောမ ၁၅း၂၉။

'ခရစ်ယာန်သန့်ရှင်းခြင်း'- ရှင်မဿဲ ၅း၁-၇း၂၉၊ ရှင်ယောဟန် ၁၅း၁-၁၁၊ ရောမ ၁၂း၁-၁၅း၃၊ ၂ကော ၇း၁၊ ဧဖက် ၄း၁၇-၅း၂၀၊ ဖိလိပိ ၁း၉-၁၀၊ ၃း၁၂-၁၅၊ ကောလောသဲ ၂း၂၀-၃း၁၇၊ ၁သက်သာလောနိတ် ၃း၁၃၊ ၄း၇-၈၊ ၅း၂၃၊ ၂တိမောသေ ၂း၁၉-၂၂၊ ဟေဗြဲ ၁၀း၁၉-၂၅၊ ၁၂း၁၄၊ ၁၃း၂၀-၂၁၊ ၁ပေတရု ၁း၁၅-၁၆၊ ၂ပေတရု ၁း၁-၁၁၊ ၃း၁၈၊ ယုဒ ၂၀-၂၁)။



## ၁၁။ အသင်းတော်
## The Church

၁၁. အသင်းတော်သည် ယေရှုခရစ်ကို အရှင်သခင်အဖြစ်ဝန်ခံသော ယုံကြည်သူလူစု။ ခရစ်တော်၌ အသစ်ပြုပြင်ခြင်းခံရသောဘုရားသခင်နှင့် ပဋိညာဉ်ပြုထားသောလူများ၊ နှုတ်ကပတ်တော်အားဖြင့် သန့်ရှင်းသောဝိညာဉ်တော်ကိုယ်တိုင်ခေါ်တော်မူသော ခရစ်တော်၏ခန္ဓာကိုယ်ဖြစ်သည်ဟု ကျွန်ုပ်တို့ယုံကြည်ကြသည်။

ဘုရားသခင်သည်အသင်းတော်ကို နှုတ်ကပတ်တော်ဟောပြောခြင်းဖြင့် ဝတ်ပြုကိုးကွယ်ခြင်း၊ ပွဲတော်မင်္ဂလာများကို ဝင်စားခြင်း၊ ဘုရားသခင်၏နာမတော်ဖြင့် သာသနာပြုခြင်း၊ ခရစ်တော်ကိုနာခံခြင်း၊ သန့်ရှင်းစင်ကြယ်စွာ နေထိုင်ပြုမူခြင်း၊ အပြန်အလှန်တာဝန်ယူကူညီခြင်း၊ ဝိညာဉ်တော်၌ တလုံးတဝဖြစ်ခြင်းနှင့် မိဿယာယဖွဲ့ခြင်းအားဖြင့် အသင်းတော်၏အသက်ရှင်ခြင်းကိုထင်ရှားစေရန် အစပျိုးပေးခဲ့သည်။

ဤလောက၌ လုပ်ဆောင်ရမည့်အသင်းတော်၏ အထူးတာဝန်မှာ ခရစ်တော်၏ရွေးနှုတ်ကယ်တင်ခြင်းနှင့် ပြန်လည်သင့်မြတ်စေခြင်းသတင်းကောင်းကို သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးကိုအမှီပြု၍ ဟောပြောဝေငှရန် ဖြစ်သည်။ အသင်းတော်သည် ၎င်း၏အထူးတာဝန်ကို ဧဝံဂေလိဝေငှခြင်း၊ ပညာရေးအစီအစဉ်၊ မေတ္တာကရုဏာပြခြင်း၊ တရားမျှတမှုအတွက်ဆောင်ရွက်ခြင်း၊ ဘုရားသခင်၏နိုင်ငံတော်ကိုသက်သေခံခြင်းဖြင့် တပည့်တော်များကို မွေးထုတ်၍ ပြည့်စုံပြီးမြောက်စေနိုင်သည်။

အသင်းတော်သည် အခြေအနေမတူညီသောယဉ်ကျေးမှုပုံစံများဖြင့် ဖွဲ့စည်းထားသောစစ်မှန်သည့် သမိုင်းဝင်လူ့အသိုင်းအဝိုင်းတစ်ခု ဖြစ်သည်။ အသင်းတော်ကို ဒေသန္တရအသင်းတော်များအဖြစ်လည်းကောင်း၊ ကမ္ဘာလုံးဆိုင်ရာအသင်းတော်တစ်ခု

အဖြစ်သော်လည်းကောင်း (exists both as local congregation and as a universal body)၊ တည်ရှိသည်ဟု သတ်မှတ် နိုင်သည်။ ၎င်းအသင်းတော်သည် တိကျသောအထူးတာဝန်အတွက် ဘုရားသခင်ခေါ်ထားသော လူများစုဝေရာဖြစ်သည်။ ဘုရားသခင်သည် အသင်းတော်ကို မိမိ၏အုပ်ချုပ်မှုအောက်တွင် ခရစ်တော်ယေရှုကြွလာခြင်းကို မျှော်လင့်စောင့်စား၍ အသက်ရှင်ရန် ခေါ်ထားသည်။

ထွက်မြောက်ရာကျမ်း ၁၉း၃၊ ယေရမိ ၃၁း၃၃၊ ရှင်မဿဲ ၈း၁၁၊ ၁၀း၇၊၁၆း၁၃-၁၉၊ ၂၄၊ ၁၈း၁၅-၂၀၊ ၂၈၊၁၉-၂၀၊ ရှင်ယောဟန်၁၇း၁၄-၂၆၊ ၂၀း၂၁-၂၃၊ တမန်တော် ၁း၇-၈၊ ၂း၂၃-၄၇၊ ၆း၁-၂၊ ၁၃း၁၊ ၁၄း၂၃၊ ရောမ ၂း၂၈-၂၉၊ ၄း၁၆၊ ၁၀း၉-၁၅၊ ၁၁း၁၃-၃၁၊ ၁၄း၂၆-၄၀၊ ၂ကော ၅း၁၁-၆း၁၊ ဂလာတိ ၅း၆၊ ၁၃း၁၄၊ ၆း၁-၅၊ ၁၅၊ ဧဖက် ၄း၁-၁၇၊ ၅း၂၅-၂၇၊ ဖိလိပ် ၂း၁-၁၆၊ ၁သက်သာလောနိတ် ၄း၁-၁၂၊ ၁တိမောသေ၄း၁၃၊ ဟေဗြဲ ၁၀း၁၉-၂၅၊ ၁ပေတရု ၁း၁-၂၊ ၁၃၊ ၂း၄-၁၂၊ ၂၁၊ ၄း၁-၂၊ ၁၀-၁၁၊ ၁ယောဟန် ၄း၁၇၊ ယုဒ ၂၄၊ ဗျာဒိတ် ၅း၉-၁၀)



## ၁၂။ နှစ်ခြင်းမင်္ဂလာ
## Baptism

၁၂။ ခရစ်ယာန်ရေနှစ်ခြင်းမင်္ဂလာသည် လူသားများအတွက် ခရစ်တော်အသေခံခြင်း၏ အကျိုးကျေးဇူးများကို လက်ခံ ကြောင်း ထင်ရှားစေသည့်အနေဖြင့်သော်လည်းကောင်း၊ ယေရှုခရစ်တော်ကို မိမိတို့၏ကယ်တင်ရှင်အဖြစ် ယုံကြည်ကြောင်း ဝန်ခံကြွေးကြော်သည့်အနေဖြင့်သော်လည်းကောင်း၊ သန့်ရှင်းခြင်းနှင့် ဖြောင့်မတ်ခြင်း၏ရည်ရွယ်ချက်အလုံးစုံကို နာခံမှုပြသော မင်္ဂလာတပါး ဖြစ်သည်။

ရေနှစ်ခြင်းမင်္ဂလာသည် ပဋိညာဉ်သစ်၏သင်္ကေတတစ်ခုဖြစ်ပြီး မိဘများ (သို့မဟုတ်) အုပ်ထိန်းသူများသည် နုနယ်သောကလေးငယ်များအား လိုအပ်သောခရစ်ယာန်ယုံကြည်ချက်များကို သွန်သင်ခဲ့ ပြီးကြောင်း အခိုင်အမာအာမခံ၍ မိမိတို့၏ကလေးများကို နှစ်ခြင်းမင်္ဂလာပေးရန်တောင်းဆိုပါက ထိုကလေးများအား ရေနှစ်ခြင်းမင်္ဂလာပေးနိုင်သည်။

ရေနှစ်ခြင်းမင်္ဂလာသည် မင်္ဂလာခံယူသူ၏ရွေးချယ်မှုအရ ပက်ဖျန်းခြင်း၊ လောင်းချခြင်း နှင့် ရေထဲ၌နှစ်ခြင်း စသည့်ပုံစံ များဖြင့် ပြုလုပ်ပေးနိုင်သည်။

(ရှင်မဿဲ ၃း၁-၇၊ ၂၈း၁၆-၂၀၊ တမန်တော် ၂း၃၇-၄၁၊ ၈း၃၅-၃၉၊ ၁၀း၄၄-၄၈၊ ၁၆း၂၉-၃၄၊ ၁၉း၁-၆၊ ရောမ ၆း၃-၄၊ ဂလာတိ ၃း၂၆-၂၈၊ ကောလောသဲ ၂း၁၂၊ ၁ပေတရု ၃း၁၈-၂၂)။



## ၁၃။ ပွဲတော်မင်္ဂလာ
## The Lord's Supper

၁၃။ ပွဲတော်မင်္ဂလာသည် ကျွန်ုပ်တို့၏ကယ်တင်ရှင်သခင်ယေရှုခရစ်တော်ကိုယ်တိုင်မိန့်မှာ၍ပေးတော်မူသော ယုံကြည် သူများအား အသက်ကယ်တင်ခြင်းနှင့် ဓမ္မသစ်ပွဲတော်မင်္ဂလာတစ်ပါးဖြစ်ပြီး ခရစ်တော်၌ ယုံကြည်သူများအား အသက်ကယ်တင် ခြင်းနှင့် ဝိညာဉ်ရေးရာကောင်းကြီးများကိုပေးသော ယေရှုခရစ်တော်၏ အသွေးသွန်းလောင်းအသက်ပေးခြင်းကို အစဉ်အောက် မေ့ဖို့ရန် ပြုလုပ်ရသောအရာဖြစ်သည်ဟု ကျွန်ုပ်တို့ယုံကြည်ကြသည်။ ပွဲတော်မင်္ဂလာသည် ယေရှုခရစ်တော်ပြန်ကြွလာတော်မူ သည့်အချိန်အထိသခင်အား အစဉ်အောက်မေ့လျက်ဝင်စားရသောအရာ ဖြစ်သည်။ ခရစ်တော်ကိုယုံကြည်သက်ဝင်သော သန့်ရှင်းသူများသာ ပွဲတော်မင်္ဂလာကိုပါဝင်သုံးဆောင်သင့်သည်။

(ထွက်မြောက်ရာကျမ်း ၁၂း၁-၁၄၊ ရှင်မဿဲ ၂၆း၂၆-၂၉၊ ရှင်မာကု ၁၄း၂၂-၂၅၊ ရှင်လုကာ ၂၂း၁၇-၂၀၊ ရှင်ယောဟန် ၆း၂၈-၅၈၊ ၁ကော ၁၀း၁၄-၂၁၊ ၁၁း၂၃-၃၂)။

## ၁၄။ ဘုရားသခင်ပေးသော အနာငြိမ်းခြင်း
## Devine Healing



၁၄။ ဘုရားသခင်ပေးသောအနာငြိမ်းခြင်းသည် သမ္မာကျမ်းစာ၏သွန်သင်ချက်သြဝါဒတစ်ခုဖြစ်သည်ဟု ကျွန်ုပ်တို့ယုံကြည်ကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် မကျန်းမာသောသူများအတွက် ယုံကြည်ခြင်းဖြင့်ဆုတောင်းပေး၍ အနာငြိမ်းစေရန် ကျွန်ုပ်တို့၏သင်းသားများကို တိုက်တွန်းကြသည်။ ဘုရားသခင်သည် ဆေးပညာ (ဆေးဝါးကုသမှု) အားဖြင့် လူနာများကို ကျန်းမာစေသည်ဟုလည်း ကျွန်ုပ်တို့ယုံကြည်ကြသည်။

(၄ဓမ္မရာဇဝင် ၅း၁-၁၉၊ ဆာလံ ၁၀၃း၁-၅၊ ရှင်မဿဲ ၄း၂၃-၂၄၊ ၉း၁၈-၃၅၊ ရှင်ယောဟန် ၄း၄၆-၅၄၊ တမန်တော် ၅း၁၂-၁၆၊ ၉း၃၂-၄၂၊ ၁၄း၈-၁၅၊ ၁ကော၁၂း၄-၁၁၊ ၂ကော ၁၂း၇-၁၀၊ ရှင်မာကု၅း၁၃-၁၆)။



## ၁၅။ ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်း
## Second coming of Christ

သခင်ယေရှုခရစ်တော်သည် ဤလောကသို့တစ်ဖန်ပြန်ကြွလာမည်ဟု ကျွန်ုပ်တို့ယုံကြည်ကြသည်။ အသက်ရှင်နေသောကျွန်ုပ်တို့သည် ခရစ်တော်၌အိပ်ပျော်သောသူများ နောက်မှချီဆောင်ခြင်းခံရမည်။ သို့သော် ခရစ်တော်၌သစ္စာရှိသောယုံကြည်သူများသည်ရှင် ပြန်ထမြောက်သောသန့်ရှင်းသူများနှင့် မိုးကောင်းကင်အာကာသ၌သခင်ခရစ်တော်ကို တွေ့ဆုံရန်ချီဆောင်ခြင်းခံရပြီး ခရစ်တော်နှင့်ထာဝရအသက်ရှင်ရမည်။

(ရှင်မဿဲ ၂၅း၃၁-၄၆၊ ရှင်ယောဟန်၁၄း၁-၃၊ တမန်တော် ၁း၉-၁၁၊ ဖိလိပိ ၃း၂၀-၂၁၊ ၁သက်သာလောနိတ် ၄း၁၃-၁၈၊ တိတု ၂း၁၁-၁၄၊ ဟေဗြဲ ၉း၂၆-၂၈၊ ၂ပေတရု ၃း၃-၁၅၊ ဗျာဒိတ်ကျမ်း ၁း၇-၈၊ ၂၂း၇-၂၀)။

## ၁၆။ ရှင်ပြန်ထမြောက်ခြင်း၊ တရားစီရင်ခြင်းနှင့် နောက်ဆုံးသွားရမည့်နေရာ
## Resurrection, Judgment, and Death



၁၆။ ရှင်ပြန်ထမြောက်ခြင်းရှိသည်ဟု ကျွန်ုပ်တို့ယုံကြည်ကြသည်။ ယုံကြည်သူများနှင့် မယုံကြည်သူများ၏ ခန္ဓာကိုယ်များသည် သေခြင်းမှရှင်ပြန်ထမြောက်ပြီး ၎င်းတို့၏ဝိညာဉ်များနှင့် ပေါင်းစည်းသွားကြမည်။ 'ကောင်းသောအမှုကို ပြုသောသူတို့သည် အသက်ကိုရရန်ထမြောက်၍၊ မကောင်းသောအမှုကိုပြုသောသူတို့မူကား တရားစီရင်ခြင်းကိုခံရန် ထမြောက်ကြလိမ့်မည်။

၁၆. ၁။ ယခုဘဝ၌ မိမိတို့ပြုလုပ်သည့်အတိုင်းတရားစီရင်ခြင်းခံရန် လူတိုင်းသည် ဘုရားသခင်၏ရှေ့တော်၌ ရပ်ရကြ လိမ့်မည်ဟု ကျွန်ုပ်တို့ ယုံကြည်ကြသည်။

၁၆. ၂။ သခင်ယေရှုခရစ်တော်ကိုယုံကြည်၍နာခံခြင်းဖြင့် သခင့်နောက်တော်သို့လိုက်သောသူများသည် ဘုန်းအသရေ နှင့်ပြည့်စုံသောထာဝရအသက်ကို အမှန်တကယ်ခံစားကြရမည်။ သို့သော် ခရစ်တော်ကိုမယုံကြည်သောသူများသည် ငရဲမီးအိုင်၌ ထာဝရဆင်းရဲဒုက္ခခံစားကြရမည်ဟု ကျွန်ုပ်တို့ယုံကြည်ကြသည်။

ကမ္ဘာဦးကျမ်း ၁၈း၂၅၊ ၁ ဓမ္မရာဇဝင်၂း၁၀၊ ဆာလံ ၅၀း၆၊ ဟေရှာယ ၂၆း၁၉။

Scripture references are supportive of the Articles of Faith and were placed here by action of the 1976 General Assembly but are not tobe considered part of the consititutional text.





# ကျွန်ုပ်တို့၏အသင်းတော်အကြောင်း လေ့လာအနက်ဖွင့်ဆိုမှု
# OUR ECCLESIOLOGY

## သန့်ရှင်းသောခရစ်ယာန်အသင်းတော်
## The Holy Christian Church

သမ္မာကျမ်းစာ၏ဖော်ပြချက်နှင့်အညီ ကျွန်ုပ်တို့သည် ဘုရားသခင်၏လူများဖြစ်ကြပြီး မိမိတို့ကိုယ်ကိုတစ်ခုတည်းသော၊ သန့်ရှင်းသော၊ အားလုံးအကျုံးဝင်သော၊ ခရစ်တော်၏တမန်တော်များထံမှ ဆက်ခံရရှိသောအသင်းတော်၏အစိတ်အပိုင်းတစ်ခု ဖြစ်သည်ဟုထုတ်ဖော်ဝန်ခံကြသည်။ ခရစ်တော်၏အသင်းတော်ထဲ၌ နှစ်ခြင်းမင်္ဂလာခံယူခြင်းသည် ဘုရားသခင်၏ကြိုတင်ရှိနှင့်ပြီးသောကျေးဇူးတော် (PrevenientGrace) နှင့် ကယ်တင်သောကျေးဇူးတော် (saving grace) ကို လူပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ အသင်းအဖွဲ့လိုက်အနေဖြင့်သော်လည်းကောင်း သက်သေခံခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏အသင်းတော်အမှုတော်ဆောင်များသည် 'ဘုရားသခင်၏အသင်းတော်' ထဲ၌ ဘိတ်သိတ်ပေးခြင်းကိုခံယူကြပြီး ကျွန်ုပ်တို့၏အသင်းတော်များသည် စကြဝဠာတစ်ခုလုံးနှင့်ဆိုင်သောအသင်းတော် (church universal) ကို ထုတ်ဖော်ပြသနေသောပြယုဂ်များဖြစ်ကြသည်။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာသွန်သင်ပေးသော ဘုရားသခင်၏သန့်ရှင်းခြင်းနှင့် ဘုရားသခင့်အသင်းတော်၏သန့်ရှင်းခြင်းကို ယုံကြည်ကြသည်။ အသင်းတော်သည် ဘုရားသခင်၏ကျေးဇူးတော်ကို သက်သေခံ သည့်တန်ဆာပလာတစ်ခုအဖြစ်တည်ရှိ၍ အသက်ရှင်သောခရစ်တော်ကိုယ်ခန္ဓာကို ဤလောကသို့ပေးတော်မူသော သန့်ရှင်း သောဝိညာဉ်တော်၏ ခေါ်တော်မူခြင်းအားဖြင့် တည်ရှိနေသည်။ ခရစ်ယာန်အသင်းတော်သည် 'ဘုရားသခင်အား ဝတ်ပြုကိုးကွယ်ခြင်းသည် လူ့ဘဝအတွက် စစ်မှန်သောဦးစားပေးမှုဖြစ်သည်' ဟူသော သမ္မာတရားကိုသက်သေခံသည်။

ထို့ကြောင့် အသင်းတော်သည် အပြစ်သားများအား အပြစ်မှနောင်တရ၍ မိမိတို့၏အသက်တာကိုကောင်းမွန်စေရန် ပြုပြင်ပြီး ယုံကြည်သူများနှင့် မိဿဟာယဖွဲ့ခြင်းဖြင့် သန့်ရှင်းစင်ကြယ်သောအသက်တာကိုပြုစုပျိုးထောင်ရန် ဖိတ်ခေါ်နေပါသည်။ သန့်ရှင်းစင်ကြယ်ခြင်းနှင့် သစ္စါရှိခြင်းအားဖြင့် အသင်းတော်သည်လောက၌ ဘုရားသခင်၏နိုင်ငံတော်ကို ထင်ရှားစွာပြသနေပါ သည်။ ထို့ကြောင့် အသင်းတော်သည်အမှန်အားဖြင့် ၎င်း၏ဟောပြောသက်သေခံချက်ကို လက်တွေ့ပြသပါသည်။

## ဘုရားသခင်၏သာသနာနှင့် ကိုက်ညီမှုရှိသောအသင်းတော်
## Aligned with God's Mission

ဘုရားသခင်ပြုသောသာသနာသည် ဤလောက၌ အရေးကြီးဆုံးသောသာသနာဖြစ်သည်။ ကျွန်ုပ်တို့၏ သာသနာလုပ်ငန်းသည် အနန္တစကြဝဠာနှင့် ၎င်းအထဲ၌ရှိသောအရာအားလုံးကိုဖန်ဆင်း၍ သဘာဝတရားနှင့်သမိုင်း၌ မိမိ၏မေတ္တာကို ထင်ရှားစေရန် လူသားများအား မိမိ၏ပုံဏ္ဏာန်တော်နှင့်အညီ ဖန်ဆင်းတော်မူသောဘုရားသခင်ထံမှ ဆင်းသက်လာခြင်းသည်။ အပြစ်သည် ဖန်ဆင်းခြင်းတစ်ခုလုံးကို ထိခိုက်ပျက်စီးစေသောအချိန်၌ 'ဖန်ဆင်းခြင်းတစ်ခုလုံးအား ဘုရားသခင်၏ဖန်ဆင်းခြင်း ရည်ရွယ်ချက်သို့ ပြန်လည်ရောက်ရှိစေခြင်း' ဟု ခေါ်သောရွေးနှုတ်ခြင်းသာသနာ၏သဘောသဘာဝ ထင်ရှားပေါ်လွင်ခဲ့သည်။ လူသားများအား နဂိုအခြေအနေသို့ ပြန်လည်ရောက်ရှိစေခြင်းသည် အခြေခံသာသနာလုပ်ငန်း တာဝန်ဖြစ်သည်။

JohnWesley သည် ဤအရာကို သန့်ရှင်းစင်ကြယ်စေခြင်း (sanctification) (သို့မဟုတ်) 'ကျွန်ုပ်တို့၏ဝိညာဉ်တော်အား ဘုရားသခင်၏ ပုံသဏ္ဍာန်တော်နှင့်အညီ အသစ်ပြုပြင်ခြင်'ဟု အနက်ဖွင့်ဆိုခဲ့သည်။ 'ဖြောင့်မတ်ခြင်းနှင့် စစ်မှန်သောသန့် ရှင်းခြင်း' ဟုလည်းခေါ်ဆိုခဲ့သည်။ ဘုရားသခင်၏သာသနာသည် အာဗြဟံကိုခေါ်တော်မူခြင်း၌ ထင်ရှားစွာတွေ့ရသည်။

အာဗြဟံ၏သား (မျိုးဆက်) အားဖြင့် 'လောကသားအားလုံးကောင်းကြီးခံစားနိုင်ရန် ဘုရားသခင်သည် အာဗြဟံကို ရွေးချယ်ခဲ့သည်။ (ကမ္ဘာဦးကျမ်း၁၂း၁-၂) ထိုဘုရားသခင်၏ ရွေးနှုတ်ကယ်တင်ခြင်းသာသနာကို လောကီနိုင်ငံအရပ်ရပ်ရှိ လူမျိုးတကာ ထံ၌ တစ်ဆူတည်းသောဘုရားသခင်၏နာမတော်အား ကြွေးကြော်၍ သက်သေခံကြသော ဟေဗြဲ၏လူမျိုးများအကြောင်းသမိုင်း တလျှောက်၌ တွေ့မြင်နိုင်သည်။

ခရစ်ယာန်များသည် ဘုရားသခင်အား သန့်ရှင်းသောသုံးပါးတစ်ဆူဘုရားသခင်အဖြစ် မှတ်ယူခံစားကြပြီး ဘုရားသခင်သည် မိမိကိုယ်ကို ခရစ်တော်၌ပြည့်စုံစွာဖွင့်ပြသည်ဟု ယုံကြည်ကြသည်။ ဘုရားသခင်ပြုသောသာသနာ၌ပါဝင်ရန် သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့အားဖိတ်ခေါ်၍ ခွန်အားပေးပါသည်။ အသင်းတော်သည် အာဗြဟံထံ၌ ဘုရားသခင်ပြုခဲ့သော ပဋိညာဉ်ထဲသို့ဝင်ပြီး သန့်ရှင်းစင်ကြယ်ခြင်းအသက်တာအဖြစ်လူမျိုးတကာတို့အား ကောင်းကြီးဖြစ်စေခြင်းနှင့် အနာငြိမ်းစေခြင်း သာသနာကို ဆက်လက်ဆောင်ရွက်နေပါသည်။ ကျွန်ုပ်တို့သည်သာသနာပြုခြင်း၌ အခြားသောခရစ်ယာန်ဂိုဏ်းကနများနှင့် လက်တွဲလုပ်ဆောင်ကြသော်လည်း နိုင်ငံဒေသ နယ်နမိတ် သတ်မှတ်ကန့်သတ်ချက်မရှိသည့် နိုင်ငံတကာအသင်းတော် ဖြစ်မြောက်ရေးရှုပါရုံကို ဆက်လက်စွဲကိုင်ထားသည်။ အကြောင်းမှာ ခရစ်တော်ကိုယ်တိုင်အသင်းတော်ကို တိုင်းနိုင်ငံနှင့် လူမျိုးတကာအတွက် ပေးထားသောကြောင့် ဖြစ်သည်။

## လောက၌ ခရစ်တော်ကဲ့သို့ သာသနာပြုအမှုတော်ဆောင်သော အသင်းတော်

အခြေခံခရစ်ယာန်သာသနာပြုခြင်းသည် သမ္မာကျမ်းစာ၏ စေခိုင်းချက်ဖြစ်သောခရစ်တော်၌ရှိသော ဘုရားသခင်၏ ချစ်ချင်းမေတ္တာတော်သက်သေခံခြင်းဖြစ်သည်။ ယုံကြည်သူများသည် မိမိတို့၏အမှုတော်တာဝန်ကို နှစ်ခြင်းမင်္ဂလာခံယူချိန်၌ အတည်ပြုကြသည်။ နှစ်ခြင်းမင်္ဂလာခံယူခြင်းသည် လူအများရှေ့မှောက်၌ မိမိကိုယ်ကို ခရစ်တော်၏တပည့်တော်အဖြစ် သက်သေခံရန် ကြွေးကြော်ခြင်းဖြစ်သည်။ သစ္စါရှိစွာလူများအား တပည့်တော်ဖြစ်စေခြင်းသည် ကျွန်ုပ်တို့အထဲ၌ရှိသော ကျေးဇူးတော်ကို သက်သေပြသော ပြင်ပလက္ခဏာတစ်ခုဖြစ်သည်။ ထိုနည်းတူ သစ္စါရှိစွာလူများအား တပည့်တော်ဖြစ် စေခြင်းသည် 'ဘုရားသခင်သည် လောကကိုချစ်သည်' ဟူသောသမ္မာတရားကိုထင်ရှားစေ၍ ဘုရားသခင်၏ ကျေးဇူးတော်သည် ဤလောက၌ အလုပ်လုပ်လျက်ရှိကြောင်း သက်သေပြသောလက္ခဏာတစ်ခု ဖြစ်သည်။ အမှုတော်လုပ်ငန်း၌ ပါဝင်နိုင်ရန်အသင်းသူအသင်းသား အားလုံး ကိုပြုပြင်၊ပြင်ဆင်ပေးထားကြပြီးအထူးခေါင်းဆောင်မှု၌ပါဝင်နိုင်ရန် ခေါ်တော်မူ ခြင်းခံရသောသူများအား တမန်တော်များကဲ့သို့အမှုတော်ဆောင်ရန် သိက္ခာတင်ပေးရသည်။ ထိုသူတို့၏ခေါ်တော်မူခြင်း ခံရမှုသည် သူတို့၏နက်ရှိုင်းသော မိမိကိုယ်ကိုသိနားလည်ခြင်း၌ အခြေပြုထားသည်။

ဒေသန္တရအသင်းတော်နှင့် ခရိုင်အသင်းတော် (Local and district church) ရှိ အမှုတော်ဆောင်များနှင့် သာမန် အသင်းဝင်ယုံကြည်သူများသည် လိုအပ်သောဆုကျေးဇူးလက်ဆောင်များနှင့် သာမန်အသင်းဝင်ယုံကြည်သူများ လိုအပ်သောဆု ကျေးဇူးလက်ဆောင်များရှိကြောင်းကို နားလည်လက်ခံကြပြီး ခရိုင်အစည်းအဝေး၌ အသင်းသူ၊ အသင်းသားများသည် အမှုတော် ဆောင်ဆရာအဖြစ် ဘိသိတ်ပေးခံရမည့်သူများကို ရွေးချယ်ကြသည်။ သင်းထောက်လူကြီးများသည် အသင်းတော်လုပ်ငန်းများ ဆောင်ရွက်ရန် ခန့်ထားခြင်းခံရသောသူများဖြစ်သည်။ သို့သော် နှုတ်ကပတ်တော်ဟောပြောသွင်သင်ခြင်းနှင့် ပွဲတော် မင်္ဂလာပေးခြင် (Word and Table) တို့သည် သူတို့၏တာဝန်မဟုတ်ပေ။ အသင်းတော်လူကြီးများ (Elders) သည် သတင်း ကောင်းဟောပြောခြင်းအားဖြင့် ခရစ်တော်၏ခန္ဓာကိုယ်ဖြစ်သောအသင်းတော်ကို ပုံသွင်းထုစစ်ခြင်း၊ ပွဲတော်မင်္ဂလာများကို စီမံခန့်ခွဲခြင်း ဝတ်ပြုကိုးကွယ်ခြင်း၌ ယုံကြည်သူများကို ပျိုးထောင်ခြင်းနှင့် အသင်းတော်၏အစီအစဉ်များကို ခန့်ခွဲခြင်း စသည့် တာဝန်များကိုထမ်းဆောင်ရန် ခန့်ထားခြင်းခံရသောသူများ ဖြစ်ကြသည်။ စီမံခန့်ခွဲရေးမှူးများ (superintendents)

သည် ခရိုင်နှင့်အထွေထွေရုံးတာဝန်အတွက် အသင်းတော်အမှုတော်ဆောင်များနှင့် အသင်းသားအသင်းသူများမှ ရွေးချယ်ခန့်အပ်ထားခြင်းခံရသောသူများ ဖြစ်သည်။ ခရိုင်စီမံခန့်ခွဲရေးမှူးများ (district superintendents) သည် သတ်မှတ်ထားသော နယ်မြေတစ်ခု၏အသင်းတော်များရှိ အသင်းသူအသင်းသားများနှင့် အမှုတော်ဆောင်များထံ၌ သင်းအုပ်ဆရာများနှင့် ဝိညာဉ်ရေးရာနှင့် သက်ဆိုင်သောခေါင်းဆောင်မှုတာဝန်များကို ထမ်းဆောင်ရသည်။ အထွေထွေစီမံခန့်ခွဲရေးမှူးများ (general superintendents)သည် အသင်းတော်တစ်ခုလုံး (the who lede nomination) ၌ တမန်တော်များလုပ်ဆောင်သော လုပ်ငန်း များနှင့် သင်းအုပ်ဆရာများလုပ်ဆောင်ရသော သာသနာ့တာဝန်များကို ထမ်းဆောင်ရသည့်အပြင် ဩဝါဒခံယူချက် နှင့် သန့်ရှင်းစင်ကြယ်ခြင်း၌ စည်းလုံးညီညွတ်စေခြင်း၊ ဓမ္မပညာသင်ကြားပို့ချခြင်းဖြင့် ယုံကြည်သူများထဲ၌ ခရစ်တော်၏ပုံသဏ္ဍာန် ဖြစ်လာစေခြင်းနှင့် အသင်းတော်တစ်ခုလုံးအနေဖြင့် ဆွဲကိုင်ထားရမည့် ရူပါရုံတစ်ခုချမှတ်ပေးခြင်း စသည့်တာဝန်များကို ထမ်းဆောင်ရသည်။

သူတို့၏တာဝန်မှာ နိုင်ငံတကာနှင့်သက်ဆိုင်သော တာဝန်ဖြစ်သည်။ ရူပါရုံချမှတ်ခြင်း၊ အသင်းတော်ရှိလိုအပ်သော အရင်းအမြစ် များဖော်ထုတ်ပေးခြင်း၊ ကမ္ဘာ့ဒေသအသီးသီးရှိကျွန်ုပ်တို့လုပ်ဆောင်နေသောသာသနာလုပ်ငန်း၌ လိုအပ်မှုရှိသောနယ်များသို့ အရင်းအမြစ်များပေးခြင်း၌ ပါဝင်ခြင်းနှင့် သာသနာပြုခြင်းနှင့်အသင်းတော်ခံယူချက်၌ တလုံးတဝတည်းဖြစ်စေခြင်းများသည် သူတို့၏တာဝန်ဖြစ်သည်။ မတူညီကွဲပြားသည့်တိုင်းနိုင်ငံ၊ စီးပွားရေးနောက်ခံ၊ လူမျိုးဘာသာစကားရှိသည့် အသင်းတော်ဝင် များအကြား၌ရှိသော စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းရသည်။ သူတို့သည် ခရိုင်ဒေသအသီးသီးရှိအမှုတော်ဆောင်များကိုလည်း ဘိသိတ်ပေးခန့်အပ်ရသည်။



# ကျွန်ုပ်တို့၏ မူဝါဒ
# OUR POLITY

နာဇရင်း(န်)အသင်းသူ၊ အသင်းသားများသည် မိမိတို့၏အသင်းတော်ကို စကြာဝဠာတစ်ခုလုံးနှင့်သက်ဆိုင်သောအသင်းတော်ဖြစ်သည်ဟု အသိအမှတ်ပြုထားကြသည်။ ထို့အပြင် ကျွန်ုပ်တို့သည် သမ္မာကျမ်းစာထဲ၌ တိကျသောအသင်းတော်အုပ်ချုပ်မှုပုံစံမရှိဟုမှတ်ယူထားကြပြီး သမ္မာကျမ်းစာအား ချိုးဖောက်ခြင်းမရှိဘဲ အများသဘောတူညီမှုဖြင့် ပုံဖော်သတ်မှတ်နိုင်သည်ဟု ကျွန်ုပ်တို့ယုံကြည်ကြသည်။ သာသနာတစ်ခုသည် ဖွဲ့စည်းပုံတစ်ခုကိုဖော်သင့်သည် (Mission should shape structure) ဟု ကျွန်ုပ်တို့ ယုံကြည်ကြသည်။ (2013-2017 Manual, Historical Statement? PP. 17-19).

နာဇရင်း(န်)အသင်းတော်သည် Methodist Episcopal အသင်းတော်၏ဖွဲ့စည်းအုပ်ချုပ်ပုံမူဝါဒကို အများသဘောလိုက်၍ အုပ်ချုပ်စီမံသည့်ပုံစံ (democratic Version of the Methodist Episcopal Polity)အဖြစ် အသုံးပြုကြသည်။ ကျွန်ုပ်တို့သည် အမှုတော်ဆောင်များနှင့် သာမန်အသင်းသူအသင်းသားများ၏သဘောထားကို ကျယ်ပြန့်စွာလက်ခံပေးပြီး တိုက်ရိုက်အုပ်ချုပ်သူတစ်ဦး၏ အုပ်ချုပ်မှုစနစ်ကို ပယ်ထားကြသည်။ အောက်ဖော်ပြပါအချက်များသည် နာဇရင်း(န်)အသင်းတော်၏ ဖွဲ့စည်းအုပ်ချုပ်ပုံမူဝါဒ၌ ပါဝင်သောအချက်အလက်များဖြစ်ကြသည်။

- ကျွန်ုပ်တို့၌ အုပ်ချုပ်မှုအဆင့်သုံးဆင့်ရှိသည်။ ၎င်းတို့မှာ-
  ၁။ နှစ်စဉ်ကျင်းပသောခရိုင်အစည်းအဝေး (district assembly) ၌ပါဝင်ရန် အသင်းတော်များမှ ကိုယ်စားလှယ်များကိုရွေးချယ်ကြသည်။
  ၂။ လေးနှစ်တစ်ကြိမ်ကျင်းပသော အထွေထွေဓမ္မညီလာခံ (General assembly) ၌ပါဝင်ရန် ခရိုင်အစည်းအဝေး များ (districtassembly) မှ ကိုယ်စားလှယ်များကို ရွေးချယ်ကြသည်။
  ၃။ အထွေထွေအသင်းတော်ဓမ္မညီလာခံ၏ဆုံးဖြတ်ချက်များသည် အသင်းတော်ရှိအစိတ်အပိုင်းတစ်ခုလုံး၌ အကျုံးဝင်၍ အသင်းတော်အသီးသီးမှ လိုက်နာရသည်။

- အထွေထွေအသင်းတော်ဓမ္မညီလာခံမှ အသင်းတော်၏အထွေထွေသာသနာလုပ်ငန်းကိုလမ်းညွှန်၍ အသင်းတော်တစ်ခုလုံးအပေါ်၌ ဆုံးဖြတ်ချက်ချမှတ်ပိုင်ခွင့်ရှိသော အထွေထွေစီမံခန့်ခွဲရေးမှူးများကို ရွေးချယ်တင်မြှောက်ကြသည်။ သူတို့၏တာဝန်ထမ်းဆောင်သည့်သက်တမ်းမှာ လေးနှစ်ဖြစ်ပြီး မိမိတို့၏သက်တမ်းကုန်ဆုံးချိန်တွင် အထွေထွေအသင်းတော်ဓမ္မညီလာခံ၌ အသင်းတော်အသီးသီးရှိကိုယ်စားလှယ်များမှသူတို့အား အထွေထွေစီမံခန့်ခွဲရေးမှူးအဖြစ် ပြန်လည်ရွေးချယ်ခြင်းခံရရန် လိုအပ်သည်။ ထိုသို့ ပြန်လည်ရွေးချယ်ခြင်းခံရမှသာ အထွေထွေစီမံခန့်ခွဲရေးမှူးအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သည်။ အထွေထွေစီမံခန့်ခွဲရေးမှူးတစ်ဦးချင်းစီ၌ မိမိတာဝန်ယူရသောနယ်မြေဒေသများရှိပြီး ထိုဒေသရှိအသင်းတော်များအတွက် နှစ်စဉ်ခရိုင်ညီလာခံအစည်းအဝေးကျင်းပပေးခြင်း နှင့် အမှုတော်ဆောင်သစ်များခန့်ထားခြင်းတို့ကို လုပ်ဆောင်ရသည်။ အထွေထွေစီမံခန့်ခွဲရေးမှူးများ၏ လူဦးရေ အရေအတွက်သည် အချိန်အခါပေါ်မူတည်၍ ကွဲပြားမှုရှိသည်။ သို့သော် ၁၉၆၀ ခုနှစ်မှစ၍ ယနေ့အထိ နာဇရင်း(န်) အသင်းတော်တစ်ခုလုံး၌ အထွေထွေစီမံခန့်ခွဲရေးမှူး ခြောက်ဦးရှိသည်။ ထိုသူတို့အားလုံးစုပေါင်း၍ အထွေထွေစီမံခန့်ခွဲ ရေးမှူးများဘုတ်အဖွဲ့ (Board of General Superintendents) ကို ဖွဲ့စည်းကြပြီး နှစ်စဉ်အကြိမ်ကြိမ် တွေ့ဆုံ စည်းဝေးကြသည်။

- အထွေထွေဓမ္မညီလာခံသည် အသင်းသူအသင်းသားများနှင့် အမှုတော်ဆောင်များအရေအတွက် ညီတူညီမျှပါဝင်သော အထွေထွေဘုတ်အဖွဲ့ (General Board) ကို ဖွဲ့စည်းသည်။ ထို ဘုတ်အဖွဲ့သည် နှစ်စဉ်တွေ့ဆုံစည်းဝေးကြပြီး အသင်း

တော်၏အထွေထွေရုံးအရာရှိများနှင့် ဌာနအသီးသီးအတွက်ညွှန်ကြားရေးမှူးများ (departmental directors) ကို ရွေးချယ်ခန့်ထားကြသည်။ ထိုဘုတ်အဖွဲ့သည် အသင်းတော်၏မူဝါဒများ၊ ရသုံးငွေခန့်မှန်းခြေများ (budgets) နှင့် အသင်းတော်၏အထွေထွေသာသနာလုပ်ငန်းဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်ရသည်။

- နယ်ပယ်တစ်ခုရှိအသင်းတော်များကို ခရိုင် (district) တစ်ခုအဖြစ် ဖွဲ့စည်းသတ်မှတ်ထားပြီး ထိုခရိုင်တစ်ခုရှိ အသင်း တော်များကို ခရိုင်စီမံခန့်ခွဲရေးမှူးတစ်ဦးမှဦးဆောင်သည်။ ခရိုင်အသင်းတစ်ခုသည် သာသနာပြုခြင်းအတွက် ရည်စူး၍ ဖွဲ့စည်းထားခြင်းဖြစ်ပြီး ခရိုင်တစ်ခုအတွင်း၌ရှိသော အသင်းတော်များသည် နှစ်စဉ်တွေ့ဆုံစည်းဝေးကြသည်။ ထိုခရိုင် ညီလာခံအစည်းအဝေး၌ အသင်းတော်များသည်ခရိုင်စီမံခန့်ခွဲရေးမှူးတစ်ဦးကို ရွေးချယ်တင်မြှောက်ကြသည်။ ခရိုင်စီမံခန့်ခွဲရေးမှူးတစ်ဦး၏တာဝန်များမှာ အသင်းတော်များနှင့် သင်းအုပ်ဆရာများကို ပြုစုပျိုးထောင်ခြင်း၊ အသင်းတော်သစ်များ စတင်တည်ထောင်ခြင်းနှင့် မိမိဦးဆောင်သောခရိုင်၏ ကျန်းမာကြံ့ခိုင်ရေးအတွက် ဆောင်ရွက်ခြင်း စသည်တို့ဖြစ်သည်။

- သင်းတော်များသည် ခရိုင်စီမံခန့်ခွဲရေးမှူး၏တိုင်ပင်ဆွေးနွေးမှုနှင့် အသိမှတ်ပြုခြင်းဖြင့် မိမိတို့အသင်းတော်အတွက် သင်းအုပ်ဆရာကိုခန့်အပ်နိုင်သည်။ မိမိတို့အသင်းတော်၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်ငွေကြေးများကို မိမိတို့ ကိုယ်တိုင်စီမံကြသည်။

- နာဇရင်း(န်)ခရိုင်များကိုစုပေါင်း၍ ကမ္ဘာ့နေရာဒေသကြီးများ (World Regions) အဖြစ် ပေါ်ပေါက်လာသည်။ (ဥပမာ -Afirca Region, Asia-Pacific Region) အစရှိသည်တို့ဖြစ်သည်။ ဤသို့ သတ်မှတ်ဖွဲ့စည်းထားသော ဒေသကြီးများသည် ဖွဲ့စည်းအုပ်ချုပ်မှုပုံစံမဟုတ်ဘဲ သာသနာနယ်ဖွဲ့စည်းမှုပုံစံသာ ဖြစ်သည်။

- အသင်းတော်အဆောက်အဦးများနှင့် ခရိုင်အသင်းတော်ပိုင်ပစ္စည်းများကိုစိတ်ချရသောစာချုပ်များဖြင့် ထားရှိကြသည်။

- အသင်းတော်၌ အမျိုးသားများသာမက အမျိုးသမီးများပါ အမှုတော်ဆောင်နိုင်သည်။

- ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အသင်းတော်ဖွဲ့စည်းပုံစာအုပ်ကို ‘နာဇရင်း(န်)လက်စွဲစာအုပ်’ ဟု ခေါ်ဝေါ်ကြသည်။ ထိုလက်စွဲ စာအုပ်ထဲရှိ အကြောင်းအရာများကို ပြောင်းလဲပေးရန်လိုအပ်ပါက အသင်းတော်အထွေထွေဓမ္မညီလာခံမှ ပြောင်းလဲ ပြင်ဆင်သည်။

(ကမ္ဘာဦးကျမ်း ၁၈း၂၅၊ ၂ဓမ္မရာဇဝင် ၂း၂၀၊ ဆာလံ ၅၀း၆၊ ဟေရှာယ ၂၆း၁၉၊ ယေလ ၁၂း၂-၃၊ ရှင်မဿဲ ၂၅း၃၁-၄၆၊ရှင်ယာကု ၉း၄၃-၄၈၊ ရှင်လုကာ ၁၆း၁၉-၃၁၊ ၂၀း၂၇-၃၈၊ ရှင်ယောဟန် ၃း၁၆-၁၈၊ ၅း၂၅-၂၉၊ ၁၁း၂၁-၂၇၊ တမန်တော် ၁၇း၃၀-၃၁၊ ရောမ ၂း၁-၁၆၊ ၁၄း၇-၁၂၊ ၁ကော ၁၅း၁၂-၅၈၊ ၂ကော ၅း၁၀၊ ၂သက်သာလေနိတ် ၁း၅-၁၀၊ ဗျာဒိတ် ၂၀း၁၁-၁၅၊

# အသင်းတော်
# THE CHURCH

## ဒေသန္တရအသင်းတော်
## The Local Church

နာဇရင်း(န်)အသင်းတော်အနေဖြင့် လူသားအားလုံးသည် ဘုရားသခင်း၏ကျေးဇူးတော်အားဖြင့် အပြစ်လွှတ်ခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးအားဖြင့် ယေရှုခရစ်တော်၌ စိတ်နှလုံးဆေးကြောသန့်စင်ခြင်းကို တွေ့ကြုံခံစားစေရန် အလွန်ဆန္ဒရှိကြသည်။

ကျွန်ုပ်တို့၏အခြေခံသာသနာလုပ်ငန်းမှာ ‘လူမျိုးတကာတို့၌ ခရစ်တော်ကဲ့သို့သောတပည့်တော်များမွေးထုတ်ပေးခြင်း’၊ ယုံကြည် သူများအား မိတ်သဟာယဖွဲ့စေကာ အသင်းဝင်များဖြစ်စေခြင်းနှင့် ယုံကြည်ခြင်းဖြင့်သတင်းကောင်းကို တုံ့ပြန်သောသူများအား မွမ်းမံပေးခြင်း၊ သင်ကြားပေးခြင်း တို့ဖြစ်သည်။

ဤအသင်းတော်၏ အဆုံးစွန်သောရည်ရွယ်ချက်မှာ နောက်ဆုံးသောနေ့ရက်၌ ခရစ်တော်အားဖြင့် လူတိုင်းစုံလင်သော သူများ ဖြစ်စေရန် ဖြစ်သည်။ (ကောလောသဲ ၁း၂၈)။

ကယ်တင်ခြင်း၊ စုံလင်ပြည့်စုံခြင်း၊ သင်ကြားပေးခြင်းနှင့်ယုံကြည်သူများအား စေလွှတ်ခြင်းများသည် ဒေသန္တရအသင်းတော်၌ ဖြစ်ပေါ်သောအရာများ ဖြစ်သည်။ ခရစ်တော်၏ခန္ဓာကိုယ်တည်းဟူသော ဒေသန္တရအသင်းတော်သည် ကျွန်ုပ်တို့၏ယုံကြည်ချက်နှင့်သာသနာကို ကိုယ်စားပြုသောလူစု ဖြစ်သည်။

## ခရိုင်အသင်းတော်
## The District Church

ဒေသန္တရအသင်းတော်များစုပေါင်းခြင်းဖြင့် ခရိုင်နှင့်နယ်မြေဒေသဆိုင်ရာ အသင်းတော်အဖွဲ့အစည်းဖြစ်ပေါ်လာသည်။ ခရိုင်အသင်းတော်အဖွဲ့အစည်းတစ်ခုသည် အပြန်အလှန်ထောက်ပံ့ကူညီပေးခြင်း၊ အရင်းအမြစ်များမျှဝေခြင်းနှင့် ပူးပေါင်းလုပ် ဆောင်ခြင်းများဖြင့် အသင်းတော်တစ်ခုစီ၏သာသနာပြုလုပ်ငန်းများ လွယ်ကူစွာလုပ်ဆောင်နိုင်စေရန် လွတ်လပ်သောဒေသန္တရ အသင်းတော်များဖြင့် ဖွဲ့စည်းထားသောအဖွဲ့အစည်း ဖြစ်သည်။ ခရိုင်အသင်းတော်စီမံခန့်ခွဲရေးမှူးသည် ခရိုင်အသင်းတော်အကြီ ပေးဘုတ်အဖွဲ့ဝင်များနှင့်ညှိနှိုင်း၍ မိမိတာဝန်ယူရသောခရိုင်တစ်ခုရှိအသင်းတော်များကို ဦးဆောင်ရသည်။

## အထွေထွေအသင်းတော်
## The General Church

နာဇရင်း(န်)အသင်းတော်၏ စည်းလုံးညီညွတ်မှုအခြေမြစ်သည် နာဇရင်း(န်)အသင်းတော်၏ လက်စွဲစာအုပ် (Manual of the Church of the Nazarene) ထဲ၌ ဖော်ပြထားသောအသင်းတော်၏ ယုံကြည်ချက်များ၊ မူဝါဒ၊ အဓိပ္ပါယ်သတ်မှတ်ချက် များနှင့် လုပ်ထုံးလုပ်နည်း (procedures) များ ဖြစ်သည်။

ဤစည်းလုံးညီညွတ်မှု၏ ဗဟိုမဏ္ဍိုင်ကို လက်စွဲစာအုပ်ထဲရှိ အသင်းတော်၏ယုံကြည်ချက်များ (Ariticles of Faith) ၌တွေ့နိုင်သည်။ ကျွန်ုပ်တို့သည် အသင်းတော်လက်စွဲစာအုပ်ကို ဘာသာမျိုးစုံဖြင့်ဘာသာပြန်ပြီး ထုတ်ဝေကာ အသင်းသူအသင်းသားများ ထံ၌ သင်ကြားပေးရန် ကမ္ဘာ့နေရာဒေသအသီးသီးရှိ ကျွန်ုပ်တို့၏အသင်းတော်များကို တိုက်တွန်းကြသည်။

အသင်းတော်အထွေထွေဓမ္မညီလာခံ (General Assembly) သည် ဤစည်းလုံးညီညွတ်မှု၏မြင်သာသော ပြယုဂ်တစ်ခုဖြစ်သည်။ ထိုအသင်းတော်အထွေထွေဓမ္မညီလာခံသည် အသင်းတော်၏ဩဝါဒဖော်ထုတ်ခြင်းနှင့် အသင်းတော်၏စည်းမျဉ်းစည်းကမ်းများရေးဆွဲခြင်း၌ အချုပ်အခြာအာဏာလုပ်ပိုင်ခွင့်အရှိဆုံးအဖြစ် နာဇရင်း(န်)အသင်းတော်မှ ရွေးချယ်တင်မြှောက်ထားသည့်ပုဂ္ဂိုလ်များ အစည်းအဝေးဖြစ်သည်။ (Manual 300).

ဒုတိယပြယုဂ်မှာ နိုင်ငံတကာအထွေထွေဘုတ်အဖွဲ့ (International General Board) ဖြစ်ပြီး ၎င်းသည် အသင်းတော်တစ်ခုလုံးကိုကိုယ်စားပြုသောအဖွဲ့ဖြစ်သည်။

တတိယမြောက်ပြယုဂ်မှာ အထွေထွေစီမံခန့်ခွဲရေးမှူးများဘုတ်အဖွဲ့ (Board of General Superintedents) ဖြစ်ပြီး ၎င်းအဖွဲ့ဝင်များသည် အသင်းတော်လက်စွဲစာအုပ် (manual) အား အနက်ဖွင့်ခြင်း၊ လူမျိုးအသီးသီး၏ယဉ်ကျေးမှုနှင့်ဆီလျော်စေရန် ပြုပြင်ရာ၌ အတည်ပြုပေးခြင်း၊ နှင့်အမှုတော်ဆောင်များအား ဘိသိတ်ပေးခြင်းစသည့်အမှုများကို ဆောင်ရွက်သောအဖွဲ့ဖြစ် သည်။

နာဇရင်း(န်)အသင်းတော်၏အုပ်ချုပ်မှုပုံစံသည် အသင်းတော်အသီးသီးမှ ကိုယ်စားလှယ်များရွေးချယ်တင်မြှောက်၍ အုပ်ချုပ်လမ်းညွှန်စေခြင်း ဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းအားဖြင့် ဂိုဏ်းချုပ်တစ်ဦးတစ်ယောက်၏ အစွန်းရောက်သောအာဏာနှင့် အုပ်ချုပ်ခြင်းမှ ရှောင်လွဲနိုင်ပြီး အုပ်ချုပ်မှုပုံစံမရှိဘ `အသင်းတော်များလွတ်လပ်စွာဖြစ်သလိုနေခြင်းကို ထိန်းချုပ်နိုင်သည်။

အသင်းတော်သည် အချင်းချင်းဆက်သွယ်ထားခြင်းမျှသာမဟုတ်ဘဲ အသင်းတော်တပါးနှင့်တပါး အပြန်အလှန်ဆက်နွယ်ချိတ်ဆက်ထားကြသည်။ (More than connected but interconnected)။ ကျွန်ုပ်တို့ကို ချည်နှောင်ထားသော နှောင်ကြိုးသည် အချိန်မရွေးဖြတ်တောက်နိုင်သော ကြိုးတစ်ချောင်းထက်ပို၍ ခိုင်မာသည်။ ကျွန်ုပ်တို့အား ပေါင်းစည်းမှုအင်အားကိုပေးသောအရင်းအမြစ်သည် မည်သည့်အရာဖြစ်သနည်း၊ ယေရှုခရစ်တော် ဖြစ်ပါသည်။ (Church of Nazarene Manual 2013-2017).



# အချင်းချင်း ဆက်နွယ်မှုရှိသည့်အသင်းတော်
# A CONNECTED CHURCH

နာဇရင်း(န်)အသင်းတော်သည် ဒေသန္တရအသင်းတော်အချင်းချင်းခိုင်မာစွာ ဆက်နွယ်ထားသည့်သန့်ရှင်းသူများ အစုအဝေးဖြစ် သည်။ နာဇရင်း(န်)အသင်းတော်သည်လျော့ရဲရဲ ဖြစ်နေသောအသင်းတော်များအဖွဲ့အစည်းမဟုတ်ပါ။ ထို့အပြင် အသင်း တော်အချင်းချင်းဆက်နွယ်သည့် အပြန်အလှန်ဆက်နွယ်မှုမရှိဘဲ တူညီသည့်ယုံကြည်မှုများနှင့် ရည်ရွယ်ချက်အပေါ်မူတည်၍ ဖွဲ့စည်းထားသော အသင်းတော်ဂိုဏ်းဂဏတစ်ခုလည်း မဟုတ်ပေ။

ဤအသင်းတော်သည် အချင်းချင်းအပြန်အလှန်ဆက်သွယ်ထားသည့် အသင်းတော်ဖြစ်သည်။

ကျွန်ုပ်တို့သည် ‘လူမျိုးတကာ၌ ခရစ်တော်ကဲ့သို့သောတပည့်တော်များမွေးထုတ်ခြင်း’ တည်းဟူသော ကျွန်ုပ်တို့၏သာသနာကို ထမ်းဆောင်နိုင်ရန် လွတ်လပ်သောအသင်းတော်များစုပေါင်း၍ ခရိုင်အသင်းတော်အဖွဲ့အစည်းများအဖြစ် ပေါင်းစပ်ဖွဲ့စည်းထား သည်။ ကျွန်ုပ်တို့၏ရည်ရွယ်ချက်မှာ သာသနာအတွက်တစ်ဦးကိုတစ်ဦး တာဝန်ယူကူညီခြင်းနှင့် ကျွန်ုပ်တို့၏ယုံကြည်ချက်များကို ထိန်းသိမ်းခြင်းဖြစ်သည်။

အချင်းချင်းဆက်သွယ်ထားသည့် အသင်းတော်တစ်ခုအနေဖြင့် ကျွန်ုပ်တို့သည်-

- **ယုံကြည်ခံယူချက်များ**
- **တန်ဖိုးထားသည့်အရာများ**
- **သာသနာလုပ်ငန်း**
- **တာဝန်များကို အချင်းချင်းမျှဝေကြသည်။**

အတူတကွမျှဝေထမ်းဆောင်ရသည့်တာဝန်များထဲ၌ ကမ္ဘာလုံးဆိုင်ရာ ဧဝံဂေလိရံပုံငွေ (World Evangelism Fund)နှင့် အထူးသာသနာများရံပုံငွေ၌ ပါဝင်လှူဒါန်းခြင်းအားဖြင့် အသင်းတော်များစုပေါင်း၍ သာသနာအတွက် ငွေကြေးဖြင့်တာဝန် ယူခြင်းဖြင့် ပါဝင်သည်။

၁၉၀၈ခုနှစ်မှစ၍ နာဇရင်း(န်)အသင်းတော်များသည် ကမ္ဘာလုံးဆိုင်ရာသာသနာလုပ်ငန်းအားဖြင့် လူမျိုးတကာတို့၌ ခရစ်တော်ကဲ့သို့ သောတပည့်တော်များမွေးထုတ်ပေးလျက်ရှိသည်။ အသင်းတော်၏သာသနာနယ်မြေများသည် ဆက်လက်၍ ကျယ်ပြန့်ကြီးမားလာသည်။ ဆုတောင်းခြင်းနှင့် အလှူငွေပေးခြင်းအားဖြင့် သင်သည် သင်တစ်ဦးတစ် ယောက်တည်းမလုပ်ဆောင်နိုင်သောအရာများ၌ အခြားသူများနှင့်ပူးပေါင်းပါဝင်လုပ်ဆောင်နေပါသည်။ သင်၏မိခင်အသင်းတော်၌ သင်လှူသော အလှူငွေသည် သာသနာရံပုံငွေ၌ ထည့်ဝင်ရာရောက်သည်။

ကမ္ဘာလုံးဆိုင်ရာ ဧဝံဂေလိရံပုံငွေနှင့် အထူးသာသနာလုပ်ငန်းများသည် အသင်းတော်များအားလုံး အတူတကွထမ်းဆောင်ရသောတာဝန်ဖြစ်သည်။ တခါတရံ သင့်အနေဖြင့် ‘သာသနာအတွက်ရံပုံငွေရှာခြင်း’ ဆိုသည့်အသုံးအနှုန်းကိုကြားရမည်။ ထိုအသုံး အနှုန်းသည် ကမ္ဘာလုံးဆိုင်ရာ ဧဝံဂေလိရံပုံငွေထက် ပိုမိုကျယ်ပြန့်သည်။ အကြောင်းမှာ ထိုအရာသည် ကမ္ဘာ့နေရာအ သီးသီး၌ ရှာဖွေရသောရံပုံငွေဖြစ်သောကြောင့် ဖြစ်သည်။

အသင်းတော်၏သာသနာနှင့် လုပ်ငန်းများသည် ကမ္ဘာ့သာသနာနယ်အသီးသီး (Global Mission regions) ၌ အသက်ရှင်လှုပ်ရှားလျက်ရှိသည်။ သာသနာအတွက်ရံပုံငွေရှာခြင်းသည် အများအတွက်စွန့်လွှတ်ပေးဆပ်ရသောအရာဖြစ်သောကြောင့် အသင်းတော်၌ အလွန်ထင်ရှားလှပါသည်။

ကမ္ဘာတဝန်းရှိ နာဇရင်း(န်)အသင်းတော်များသည် ရရှိသောစုစုပေါင်းရံပုံငွေမှ ၈၆. ၁ရာခိုင်နှုန်းကို ဒေသန္တရအသင်း တော်သာသနာအတွက် အသုံးပြုကြသည်။ ၄. ၅ရာနှုန်းကိုခရိုင်အသင်းတော်မှ အသုံးပြုသည်။ ၁. ၈ ရာခိုင်နှုန်းကို နာဇရင်း(န်) ကောလိပ်များမှ ပညာရေးအတွက်အသုံးပြုသည်။ ၇. ၆ ရာခိုင်နှုန်းကို World Evangelism Fund သို့ပေးသွင်းကြပြီး ၎င်းရံပုံငွေကို သာသနာပြုဆရာများ၊ ကမ္ဘာလုံးဆိုင်ရာသာသနာလုပ်ငန်းများနှင့် အသင်းတော်မှအသိအမှတ်ပြုထားသည့် တခြားအထူးသာသနာလုပ်ငန်းများအတွက် အသုံးပြုသည်။

သင်ပေးလှူသောအလှူငွေများသည် လူများအား လေ့ကျင့်သင်ကြားခြင်း၊ တပည့်တော်ဖြစ်စေခြင်းနှင့် ကလေးသူငယ်များ၊ လူငယ်များနှင့် လူကြီးများထံ ဧဝံဂေလိပြုခြင်းများကို အထောက်အကူပေးနေကြောင်း သင်သိမြင်နိုင်သည်။ သင်သည် ပေးလှူ ခြင်းဖြင့် အချင်းချင်းဆက်နွယ်ထားသော နာဇရင်း(န်)အသင်းတော်၌ လက်တွဲပါဝင်နေသည်။ သင်သည် ကျိုးပဲ့ကြေမွနေသော သူများကိုချစ်သောသူ၊ ကမ္ဘာတဝန်းရှိပျောက်ဆုံးနေသောဝိညာဉ်များကို ကယ်တင်သောသူနှင့် လူမျိုးတကာတို့၌ *ခရစ်တော်ကဲ့သို့ သောတပည့်တော်များကို* မွေးထုတ်သောသူ ဖြစ်လာသည်။

# နာဇရင်း(န်)အသင်းတော် ရံပုံငွေရှာဖွေအသုံးပြုပုံ

**ဒေသန္တရအသင်းတော် သာသနာလုပ်ငန်း**
**LOCAL CHURCH MINISTRY**
**၈၆%**

**ကမ္ဘာလုံးဆိုင်ရာ ဧဝံဂေလိရံပုံငွေနှင့် အထူးသာသနာလုပ်ငန်း**
**WORLD EVANGELISM FUND**
**AND MISSION SPECIALS**
**၇. ၆%**

**ခရိုင်အသင်းတော် သာသနာလုပ်ငန်း**
**DISTRICT CHURH MINISTRY**
**၄. ၅%**

**နာဇရင်း(န်)အဆင့်မြင့် ပညာရေး**
**NAZARENE HIGHER EDUCATION**
**၁. ၈%**

ကမ္ဘာလုံးဆိုင်ရာ ဧဝံဂေလိရံပုံငွေနှင့် အထူးသာသနာလုပ်ငန်းသည် အသင်းတော်များအားလုံးမှ မျှဝေထမ်းဆောင်ရသော တာဝန်ဖြစ်သည်။ ထိုသို့ ပူးပေါင်းခြင်းအားဖြင့် အသင်းတော်သည် သာသနာပြုဆရာ၊ ဆရာမများစေလွှတ်ခြင်း၊ တိုင်းရင်းသားခရစ်ယာန်ခေါင်းဆောင်များအား လေ့ကျင့်သင်ကြားပေးခြင်း၊ ဆရာများအား ဧဝံဂေလိပြုစေခြင်း၊ တပည့်တော်များ မွေးထုတ်ခြင်းနှင့် မျိုးဆက်သစ်နာဇရင်း(န်)များအား ပြုစုပျိုးထောင်ခြင်း စသည့်လုပ်ငန်းများကို လုပ်ဆောင်နိုင်ရန် ဖြစ်သည်။

# ခရစ်ယာန်၊ သန့်ရှင်းစင်ကြယ်ခြင်း၊ သာသနာပြုခြင်း

**Christian. Holiness. Missional**

ကျွန်ုပ်တို့သည် ပထမဦးဆုံးအထွေထွေအသင်းတော် စီမံခန့်ခွဲရေးမှူးဖြစ်သော Phineas F. Bresee ၏ ရူပါရုံပြည့်စုံမှုကို သက်သေခံနေကြသည်။ သူသည် အသင်းတော် စတင်သည့်အချိန်မှစ၍ နာဇရင်း(န်)အသင်းတော်၏ "ဘုရားသခင်ပေးထားသော ရူပါရုံမြင်ကွင်းကျယ် (divine panorama)"အကြောင်း၊ 'ကယ်တင်ခြင်းနှင့်ဘုရားသခင်အတွက် သန့်ရှင်းစင်ကြယ်ခြင်း' ဟူသော ဆောင်ပုဒ်ကို ကြွေးကြော်ခဲ့သည်။

မည်သည့်နေရာဒေသ၌မဆို နာဇရင်း(န်)အသင်းတော်ဝင်တစ်ဦးတစ်ယောက်တိုင်းသည် ဤရူပါရုံ၌ အမှန်တကယ်ပါဝင်ကြသည်။

ပြောင်းလဲခြင်းရှိသော အသက်တာတစ်ခုစီတိုင်းသည် ခပ်သိမ်းသောလူများအတွက် ပြည့်စုံသောကယ်တင်ခြင်းတည်းဟူသော Wesleyan-Holiness ခံယူချက်၏သက်သေသာ အဓိက ဖြစ်သည်။

'လူမျိုးတကာတို့၌ ခရစ်တော်ကဲ့သို့သောတပည့်တော်များမွေးထုတ်ရန်' တည်းဟူသော အသင်းတော်၏သာသနာသည် ကျွန်ုပ်တို့၏ တာဝန်ကို အစဉ်သတိပေးနိုးဆော်နေသည်။ ဘုရားသခင်ပေးထားသောအရင်းအမြစ်များကို ကောင်းမွန်စွာအသုံးပြု ထိန်းသိမ်းတတ်သည့်ဘဏ္ဍာစိုးကောင်းများဖြစ်ရန် လိုအပ်သည်ဟုလည်း ကျွန်ုပ်တို့ယုံကြည်ကြသည်။

သာသနာသည် ဘုရားသခင်ထံမှလာသောအရာ ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏သာသနာ့တာဝန်သည် ဘုရားသခင်ထံမှ လာသည့်အမြင့်မြတ်ဆုံးသော ဘုရားသခင်၏အမိန့်တော် ဖြစ်သည်။ ထိုသာသနာကို ကျွန်ုပ်တို့အထဲ၌ ကျိန်းဝပ်သည့်သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဖြစ်မြောက်စေသည်။

ကျွန်ုပ်တို့သည်ကျွန်ုပ်တို့၏ 'ကောင်းမွန်သောအမွေအနှစ်' ကို ဂုဏ်ယူလေးစားကြသည်။ တစ်နည်းအားဖြင့် ကျွန်ုပ်တို့၏သမိုင်းအမွေအနှစ်ကို ဂုဏ်ယူလေးစားတန်ဖိုးထားကြသည်။ သို့သော်အသင်းတော်သည် နောက်ပြန်ဆုတ်၍မရပေ။ ယခုရှိနေသောနေရာ၌လည်း ရပ်တန့်နေ၍မရပေ။ ခရစ်တော်၏နောက်လိုက်များဖြစ်ကြသည့်အလျောက် ကျွန်ုပ်တို့သည် 'ဘုရားသခင်တည်ထောင်ပြုစုတော်မူသော ခိုင်ခံ့မြဲမြံသောမြို့' ကို မျှော်လင့်၍ ရှေ့ဆက်ကြသည်။ (ဟေဗြဲ ၁၁း၁၀)။

ကြည့်ရှုလော့၊ ဘုရားသခင်သည် အရာခပ်သိမ်းကို အသစ်ဖြစ်စေပြီ!!

၁။ `ournal of the Twenteith General Assembly, Church of the Nazaren, (1980):252. Franklin Cook, The International Dimension (1984):49.

၂။ These Words are inscribed on each ordination credential.

၃။ Roger L.Hahn, "The mission of God in Jesus' Teaching on the kingdom of God,'' in keith Schwanz and Joseph Coleson, eds; Mission Dei :A wesleyan Understanding (2011),58.

၄။ John Wesley, Sermons, Volume 2 (1902),o. 373: John Wesley, A Plain Account of Chrisian perfection, in J.A. Wood, Christian Perfection as Taught by John Wesley (1885),211.

# ကျွန်ုပ်တို့သည် အောက်ဖော်ပြပါအချက်များကိုယုံကြည်ကြသည်
## WE BELIEVE

၁။ တစ်ဆူတည်းသောဘုရားသခင် - ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်။

၂။ ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းများသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် မှုတ်သွင်းသော သမ္မာကျမ်းစာများဖြစ်ကြသည်။ ထိုကျမ်းစာသည်ကယ်တင်ခြင်းနှင့်ခရစ်ယာန် အသက်တာအတွက် မရှိမဖြစ်လိုအပ်သောသမ္မာတရားဖြစ်သည်။

၃။ လူသားသည် အပြစ်ပါသော သဘောသဘာဝဖြင့်မွေးဖွားလာသောကြောင့် အပြစ်ရှိသောသူဖြစ်သည်။ လူသား၌မကောင်း သောသဘောသဘာဝဆက်လက်ရှိနေသည်။

၄။ အဆုံးအထိနောင်တမရသောသူသည် မျှော်လင့်ချက်မဲ့လျက် ထာဝရပျောက် ဆုံးသွားသည်။

၅။ ယေရှုခရစ်တော်အသေခံခြင်းသည် လူသားထုတစ်ရပ်လုံးအတွက်ဖြစ်သည်။ နောင်တရလျှက်ခရစ်တော်ကိုယုံကြည် လက်ခံသောသူအားလုံးသည် ဖြောင့်မတ်ခြင်းနှင့် အသစ်ပြုပြင်ခြင်းကိုရရှိပြီး အပြစ်၏အုပ်စိုးခြင်းမှကယ်တင်ခြင်းခံရသည်။

၆။ သခင်ယေရှုခရစ်တော်ကို ယုံကြည်ကိုးစားခြင်းအားဖြင့် အသစ်ပြုပြင်ခြင်းကိုခံရပြီးနောက် ယုံကြည်သူများသည်လုံးဝ ဥဿုံသန့်ရှင်းစင်ကြယ်ရမည်။

၇။ သန့်ရှင်းသောဝိညာဉ်တော်သည် လူသား၏အသစ်တဖန်မွေးဖွားခြင်းနှင့် ယုံကြည်သူများ၏လုံးဝဥဿုံသန့်ရှင်းစင်ကြယ် ခြင်းကို အသိအမှတ်ပြုသက်သေခံပေးသည်။

၈။ သခင်ယေရှုခရစ်တော်သည် ဤလောကသို့တဖန်ပြန်ကြွလာမည်။ သေသောသူများပြန်လည်ရှင်ပြန်ထမြောက်မည်။ နောက်ဆုံးသောတရားစီရင်ခြင်းရှိမည်။

CHURCH of the NAZARENE

၁၅၃၀ ခုနှစ်ခန့်၌ **Chung Nam Soo (Robert Chung)** သည် ကိုရီးယားသင်းအုပ်ဆရာများအဖွဲ့အစည်းတစ်ခုနှင့် အသင်းတော်အချို့အား နာဇရင်းအသင်းတော်ထဲသို့ ဦးဆောင်ခေါ်သွင်းခဲ့သည်။

# HOLINESS
# TODAY

## ကျွန်ုပ်တို့ ယုံကြည်ပါ၏

၁
တစ်ဆူတည်းသော
ဘုရားသခင် -
ခမည်းတော်၊
သားတော်၊
သန့်ရှင်းသော
ဝိညာဉ်တော်။

၂
ဓမ္မဟောင်းနှင့်ဓမ္မသစ်ကျမ်း
များသည် သန့်ရှင်းသော
ဝိညာဉ်တော်အားဖြင့်
မှုတ်သွင်းသောသမ္မာကျမ်း
စာများဖြစ်ကြသည်။
ထိုကျမ်းစာသည်ကယ်တင်
ခြင်းနှင့်ခရစ်ယာန်
အသက်တာအတွက်
မရှိမဖြစ်လိုအပ်သော
သမ္မာတရားဖြစ်သည်။

၃
လူသားသည်အပြစ်ပါ
သောသဘောသဘာဝ
ဖြင့်မွေးဖွားလာသော
ကြောင့်အပြစ်ရှိသော
သူဖြစ်သည်။
လူသား၌မကောင်းသော
သဘောသဘာဝ
ဆက်လက်ရှိနေသည်။

၄
အဆုံးအထိနောင်တ
မရသောသူသည်မျှော်လင့်
ချက်မဲ့လျက်ထာဝရ
ပျောက်ဆုံးသွားသည်။

၅
ယေရှုခရစ်တော်အသေခံခြင်း
သည်လူသားထုတစ်ရပ်လုံး
အတွက်ဖြစ်သည်။
နောင်တရလျက်ခရစ်တော်ကို
ယုံကြည်လက်ခံသောသူ
အားလုံးသည်ဖြောင့်မတ်ခြင်း
နှင့်အသစ်ပြုပြင်ခြင်းကိုရရှိပြီး
အပြစ်၏အုပ်စိုးခြင်းမှ
ကယ်တင်ခြင်းခံရသည်။

၆
သခင်ယေရှုခရစ်တော်ကို
ယုံကြည်ကိုးစားခြင်းအားဖြင့်
အသစ်ပြုပြင်ခြင်းကိုခံရပြီး
နောက် ယုံကြည်သူများ
သည်လုံးဝဥဿုံသန့်ရှင်း
စင်ကြယ်ရမည်။

၇
သန့်ရှင်းသောဝိညာဉ်တော်
သည်လူသား၏အသစ်
တဖန်မွေးဖွားခြင်းနှင့်
ယုံကြည်သူများ၏လုံးဝ
ဥဿုံသန့်ရှင်းစင်ကြယ်ခြင်း
ကို အသိအမှတ်ပြု
သက်သေခံပေးသည်။

၈
သခင်ယေရှုခရစ်တော်သည်
ဤလောကသို့တဖန်ပြန်ကြွလာမည်။
သေသောသူများပြန်လည်ရှင်ပြန်ထမြောက်မည်၊
နောက်ဆုံးသောတရားစီရင်ခြင်းရှိမည်။

CHURCH OF THE NAZARENE